ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှု သည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 March 2021 ၁၀၃၀၅

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်(၅)ရပ် အသိပေးပြောကြား

နေပြည်တော် မတ် ၂

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတွင်အာဆီယံအသိုက်အဝန်း တည်ထောင်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ထူထောင်ရေးကိစ္စ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေးနှင့်ဒေသတွင်းဗိသုကာဖော်ဆောင်ရာတွင် အာဆီယံ ပြင်ပဆက်ဆံရေး၏အချက်အချာကျမှုကိစ္စတို့ကို ဆွေးနွေးခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှု ဖြစ်ပွားခဲ့သည့်အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်(၅)ရပ်၊ ပြည်သူများ၏ လုံခြုံမှုအတွက် တရားဥပဒေစိုးမိုးမှုရှိရေးထိန်းသိမ်းရေးဆောင်ရွက်နေမှု အခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေမှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းမှုရှိရေး ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲစာရင်းများစိစစ်နေသည့်အခြေအနေ၊ မြန်မာနိုင်ငံက အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ပဏာမဆန်းစစ်လေ့လာရေး အစီအစဉ်အောက်မှ အကြံပြုချက်များ အကောင်အထည်ဖော်ရေးတို့ကို အသိပေးပြောကြားခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး တက်ရောက်စဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

ဝန်ထမ်းတာဝန်ကို နားလည်ပေးပါ
ဆောင်းပါး စာမျက်နှာ » ၆

CDM က ပေးတဲ့ ဝေဒနာ
ကိုသံချောင်း - မစာဥ စကားပြောခန်း (၅)
စာမျက်နှာ » ၁၀

၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အဆုံးသတ်နိုင်မည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး
စာမျက်နှာ » ၁၂

သီတင်းပတ်ခုနစ်ပတ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်ခဲ့ဟုဆို
စာမျက်နှာ » ၁၃

## မြန်မာ့စီးပွားရေးဘဏ်မှ ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လုံခြုံစိတ်ချမှု အပြည့်အဝရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အစိုးရဌာနဆိုင်ရာအားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အငြိမ်းစား မိဘပြည်သူများ၏ အငြိမ်းစားလစာ၊ ဆုကြေးကိစ္စရပ်များကိုလည်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ အထက်ပါလုပ်ငန်းများအပြင် ဘဏ်နှင့်ဆက်သွယ်သူပြည်သူများ၏ ငွေစုဘဏ်အပ်ငွေ၊ စာရင်းရှင်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ စသည့်အပ်ငွေအမျိုးမျိုးကို လက်ခံခြင်းနှင့် ချေးငွေအမျိုးမျိုးကို ထုတ်ချေးခြင်း၊ ပြည်တွင်းပြည်ပ ငွေလွှဲလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းတို့ကိုလည်း ပြည့်ဝသောဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ပြည်သူများ ငွေသွင်းငွေထုတ်အဆင်ပြေစေရန် ကိုယ်တိုင်ငွေသွင်းငွေထုတ်ခြင်း၊ ကိုယ်စားလှယ်ဖြင့် ငွေသွင်းငွေထုတ်ခြင်း၊ အင်တာနက်၊ မိုဘိုင်းလ်ဖုန်းများဖြင့် ငွေသွင်းငွေထုတ်ခြင်း၊ အေတီအမ်စက်များမှ ငွေထုတ်ခြင်းများကို စိတ်တိုင်းကျ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငွေစုဘဏ် အပ်ငွေစာရင်းများမှ မလိုအပ်ဘဲငွေထုတ်ယူပါက ရသင့်ရထိုက်သော အတိုးခံစားခွင့်များ နစ်နာနိုင်ပါကြောင်းနှင့် ပြည်သူများက မိမိတို့ငွေပေးချေလိုသည့်ပုံစံအတိုင်း ဘဏ်အချင်းချင်း စာရင်းလွှဲပြောင်းပေးခြင်း၊ ချက်လက်မှတ်များထုတ်ပေးခြင်း၊ ဘဏ်တွင်းစာရင်းလွှဲပြောင်းပေးခြင်း၊ ငွေလွှဲစနစ်ဖြင့်ပို့ပေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ပါကြောင်း၊ ပြည်သူများအနေဖြင့် ငွေသားပမာဏ များပြားစွာ ကိုင်တွယ်ရန် မလိုအပ်ဘဲ ငွေကြေးလုံခြုံမှုရှိစေရန် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝ အသုံးပြုဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## ကြေးမုံ

# ဒီမိုကရေစီကျင့်စဉ်ဖြင့် အကောင်းဆုံးဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၄/၂၀၂၁)ကို မတ်လ ၁ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

နိုင်ငံတော်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူခဲ့သည်မှာ တစ်လပြည့်ပြီဖြစ်သည်။ နိုင်ငံတော်ကို စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုအချို့ရှိခဲ့သော်လည်း နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းမှုရှိခဲ့သည်။ သို့သော် ဒုတိယပတ်မှစတင်၍ ဆူပူဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပြီး ယခုအခါ မင်းမဲ့စရိုက်ဆန်သောလုပ်ရပ်များ၊ အကြမ်းဖက်တိုက်ခိုက်ဆူပူမှုများ ဖြစ်ပေါ်လာခဲ့သည်။ ဖြစ်စဉ်များအားလုံးကို အင်အားအနည်းဆုံးနှင့် ထိခိုက်မှုအသက်သာဆုံးဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စနစ်တကျ ကိုင်တွယ်ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ဆန္ဒပြမှုဖြစ်စဉ်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရာ၌ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုဖြစ်စဉ်များထက် သက်ညှာစွာဆောင်ရွက်လျက်ရှိသည်ကို မဝေးလှသောကာလများအတွင်း ဒီမိုကရေစီ ထွန်းကားပါသည်ဆိုသော နိုင်ငံများ၏ဖြစ်စဉ်များကို လေ့လာကြည့်နိုင်သည်။ ထိုနိုင်ငံများ၌ ဖြစ်ပေါ်ခဲ့သောဆန္ဒပြမှုများတွင် ဒီမိုကရေစီနည်းလမ်းတကျဆိုသော်လည်း လုံခြုံရေးတပ်ဖွဲ့များက နိုင်ငံတည်ငြိမ်အေးချမ်းမှု အမြန်ရောက်ရှိရေးအတွက် အင်အားသုံးဖြိုခွင်းခဲ့သည်ကို မြင်တွေ့နိုင်မည်ဖြစ်သည်။ ထိုဖြစ်စဉ်များအပေါ် ကမ္ဘာ့အဖွဲ့အစည်းများနှင့် အင်အားကြီးနိုင်ငံကြီးက ပြည်သူများအား အင်အားသုံးအနိုင်ကျင့်ဖိနှိပ်နေကြောင်း ပြောသံဆိုသံမကြားရပေ။

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများအား ဒီမိုကရေစီနည်းလမ်းတကျ သက်ညှာစွာဆောင်ရွက်မှုများကိုမူ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဖိနှိပ်နေသည်ဟု ပြည်တွင်း၊ ပြည်ပမှ မလိုသူများက စွပ်စွဲပြောဆိုမှုများ ဆက်တိုက်ပြုလုပ်နေကြသည်။ ဒီမိုကရေစီကိုစံထားပါသည်ဆိုသော အဖွဲ့အစည်းများနှင့် အနောက်နိုင်ငံကြီးတစ်နိုင်ငံက တည်ဆဲအစိုးရကို ဖိအားအမျိုးမျိုး၊ အကျပ်ကိုင်မှုအမျိုးမျိုး၊ ခြိမ်းခြောက်မှုအမျိုးမျိုး နေ့စဉ်ပြုလုပ်နေသည်ကို တွေ့ရသည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဟုဆိုသည့် တရားမဝင်အဖွဲ့အစည်းက ဥပဒေနှင့်မညီသည့်လုပ်ဆောင်မှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။

တိုင်းပြည်မတည်မငြိမ်ဖြစ်နေသောကာလတွင် တိုင်းပြည်ပျက်စီးစေနိုင်မည့် မီးလောင်ရာလေပင့်လုပ်ရပ် လုပ်ကိုင်လာကြသည်။ ဆူပူဆန္ဒပြမှုဖြစ်စဉ်များကြီးထွားလာအောင် နောက်ကွယ်မှ လူနှင့်ငွေကြေးထောက်ပံ့မှုများ ပြုလုပ်နေသည်။ ရိုးသားစွာ၊ တိုင်းပြည်အပေါ်သစ္စာရှိစွာ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာအောင် ပြည်တွင်းမှ ဦးဆောင်သူများနှင့် ပြည်ပမှအကြံပေးသူများက တစိုက်မတ်မတ် လှုံ့ဆော်နေသည်။ ပြည်တွင်း၊ ပြည်ပမှ ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေလိုသူများက လူမှုကွန်ရက်များကို အသုံးပြု၍ မဟုတ်မမှန်သတင်းများနှင့် အကြမ်းဖက်လုပ်ရပ်များဖြစ်ပေါ်လာအောင် တွန်းအားပေး လုပ်ဆောင်နေကြသည်။ ထို့ကြောင့် တိုင်းပြည်အခြေအနေ အမြန်ပြန်လည်တည်ငြိမ်အေးချမ်းစေရန်အတွက် တားဆီးကာကွယ်ထိန်းသိမ်းရေးနှင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရသည်။

ယခုဖြစ်စဉ်များသည် ကိုဗစ်ကာလ အကျပ်အတည်းထိန်းချုပ်မှု၊ ရွေးကောက်ပွဲမဲမသမာမှုအပေါ် အရေးယူဆောင်ရွက်မှုတို့ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး အဓိကမှာ နိုင်ငံရေးအရောင်အသွေးဖုံးလွှမ်းမှုကြောင့် ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။ ဒီမိုကရေစီစနစ်တွင် မတူကွဲပြားသောသဘောထားများ၊ အုပ်စုကွဲများ ရှိကြမည်ဖြစ်ပြီး နိုင်ငံရေးအရ ကွဲပြားခြားနားနိုင်ကြသော်လည်း တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းလမ်းကြောင်းကို ရှောင်ရှားကြရမည် ဖြစ်သည်။ တိုင်းပြည်ပျက်စီးရာလမ်းကြောင်းကို လျှောက်လှမ်းခြင်းသည် ဒီမိုကရေစီပန်းတိုင်သို့ ရောက်ရှိနိုင်မည်မဟုတ်ဘဲ မင်းမဲ့တိုင်းပြည်အဖြစ်သို့ရောက်ရှိနိုင်သည်ကို သတိချပ်ရမည် ဖြစ်သည်။ ပါတီအရောင်အသွေး လွှမ်းမိုးသောကြောင့် ယခုကဲ့သို့ အဖြစ်မျိုးဖြစ်ပွားလာရခြင်း ဖြစ်သည်ကိုလည်း ရှုမြင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်မတည်မငြိမ်ဖြစ်နေမှုများကို အမြန်ဆုံးတည်ငြိမ်အေးချမ်းအောင် အကောင်းဆုံးဖြေရှင်းဆောင်ရွက်နေခြင်း ဖြစ်သည်။ အရေးပေါ်ကာလအတွင်း တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နေရခြင်းဖြစ်၍ မတည်မငြိမ်ဖြစ်မှုများကို အသက်သာဆုံးဖြေရှင်းဆောင်ရွက်ရင်း တိုင်းပြည်ဖွံ့ဖြိုးရေး၊ ပြည်သူများ လူမှုစီးပွားအဆင်ပြေရေးတို့ကို စေတနာရှေ့ထား အလေးထားဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံများသည် ဥပဒေ၊ စည်းကမ်းကို အလေးထားပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ဒီမိုကရေစီကို ဦးတည်သောကြောင့် စည်းကမ်း၊ ဥပဒေနှင့်အညီ အကောင်းဆုံးဆောင်ရွက်လျက်ရှိပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာပြင် | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| ဘာသာပြန် | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော် | ဒီဇိုင်း | | |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လိုငွေပြမှုကို လျှော့ချနိုင်ရေး

**စားအုန်းဆီတင်သွင်းမှုမှာလည်း နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိပါကြောင်း၊ ယင်းကို လျှော့ချနိုင်ရေးအတွက် မိမိတို့တိုင်းပြည်၌ စားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ပြည်သူများ နားလည်အောင် ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကို အားပေးရမည်ဖြစ်ကြောင်း၊ လောင်စာဆီနှင့် စားသုံးဆီဝယ်ယူမှုကို လျှော့ချနိုင်မည်ဆိုပါက လိုငွေပြမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။**

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ချုပ်ဆိုခဲ့သည့် ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူစာချုပ်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်

**နေပြည်တော်  မတ်  ၂**

(၂၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နေပြည်တော်မှ ပါဝင်တက်ရောက်သည်။



**ရှင်းလင်းတင်ပြ**

အစည်းအဝေး ပထမပိုင်းအနေဖြင့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့ တွေ့ဆုံဆွေးနွေးသည်။ ထိုသို့တွေ့ဆုံရာတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ Dr. Ar. Siti Rozaimeriyanty DSLJ Haji Abd Rahman နှင့် နိုင်ငံအလိုက်အဖွဲ့ဝင်များက အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏ ၂၀၂၁ ခုနှစ် ဦးတည်ချက်ဖြစ်သည့် ပြန်လည်ထူထောင်ရေး၊ ပိုမိုကြံ့ခိုင်ရေးနှင့်အတူတကွပူးပေါင်းဆောင်ရွက်ရေးဖြင့် ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံစီးပွားရေးအကြံပေးကောင်စီ အဖွဲ့ဝင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာနိုင်ငံ၏ လက်ရှိကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို တင်ပြသည်။

ဆက်လက်၍ ဝန်ကြီးများက အာဆီယံစီးပွားရေးအသိုက်အဝန်းအကောင်အထည်ဖော်ရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ဒေသတွင်း ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်းနှင့် ဒေသတွင်းစီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုနှင့် ၂၀၂၁ ခုနှစ်တွင် အာဆီယံစီးပွားရေး အကြံပေးကောင်စီ၏ အကောင်အထည်ဖော်မည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ချုပ်ဆိုခဲ့သည့် ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူစာချုပ်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး လတ်တလောဖြစ်ပေါ်လျက်ရှိသော အခြေအနေများအရ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အာဆီယံစီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ၏ ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရာတွင် လက်ရှိအစိုးရအနေဖြင့် ယခင်အစိုးရ အဆက်ဆက်ခွင့်ပြုခဲ့သည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန် အာမခံကြောင်း၊ အထူးသဖြင့် ခွင့်ပြုပြီးသော စီးပွားရေးလုပ်ငန်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန်အတွက် ဦးစားပေးအစီအစဉ်များ ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလျင်မြန်လွယ်ကူချောမွေ့စေရန် SMART အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်နှင့် ပိုမိုပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆက်လက်ကျင်းပ**

ထို့နောက် ဒုတိယပိုင်းအနေဖြင့် (၂၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် အာဆီယံနိုင်ငံများ၏ ကိုဗစ်-၁၉ အလွန်ပြန်လည်ထူထောင်ရေးဆောင်ရွက်ချက်များအပေါ် အမြင်ချင်းဖလှယ်ခြင်း၊ အာဆီယံအနေဖြင့် ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက်တွင် ပိုမိုပါဝင်နိုင်ရေးနှင့် အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်တွင်ပါဝင်သည့်အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် ပတ်သက်သောကိစ္စရပ်များ အကောင်အထည်ဖော်မှု အခြေအနေအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူစဉ် ဦးစားပေးအကောင်အထည်ဖော်မည့် စီးပွားရေးဆိုင်ရာလုပ်ငန်းများအား အတည်ပြုခြင်း၊ ချုပ်ဆိုခဲ့သည့်အာဆီယံစီးပွားရေး သဘောတူစာချုပ်များ၏ စာချုပ်အသက်ဝင်ရေးအတွက် ဆောင်ရွက်မှုအပေါ် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊ အာဆီယံအသိုက်အဝန်း၏ ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရန် ပြင်ဆင်ဆောင်ရွက်မှု၊ အာဆီယံ-အိန္ဒိယကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်ခြင်း ဆောင်ရွက်မှုအခြေအနေနှင့် အနာဂတ်တွင် အာဆီယံ-အီးယူ လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ရေး ညှိနှိုင်းမှုများအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ပါဝင်ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေးနှင့်စပ်လျဉ်း၍ ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ပါ အကောင်အထည်ဖော်မှုများကို အာဆီယံနိုင်ငံများနှင့်အတူ ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်မှုအခြေအနေများတွင် အခြားအာဆီယံ စီးပွားရေးဝန်ကြီးများနှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဝန်ကြီးချုပ်ရုံးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီး Dato Dr. Amin Liew Abdullah က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှစီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးကို မတ် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂**

လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ မဟာထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇနိန္ဒမဟာထေရ်မြတ်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရေးအတွက် ရည်ရွယ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး၏ ဩဝါဒတော်နှင့်အညီ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် သံဝေဇနိယလေးဌာန "ဖွား၊ ပွင့်၊ ဟော၊ စံ" စေတီတော်မြတ်ကြီးတို့တွင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပလျက်ရှိသဖြင့် ဝမ်းမြောက်ကြည်နူးဖွယ်ရာ ကုသိုလ်တရားများ ပွားများခံစားရပါကြောင်း၊ သံဃာတော်များ ဆွမ်းဆန်တော် မကြောင့်ကြစေရေးအတွက် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းနှင့် သီလရှင်ကျောင်း ခုနစ်ကျောင်းတို့၌ သီတင်းသုံး နေထိုင်လျက်ရှိကြသော ရဟန်း၊ သာမဏေ ၁၀၁၅ ပါး၊ သီလရှင် ၃၈၂ ပါးတို့အတွက် ဆွမ်းဆန်တော်အိတ် ၂၄၁ အိတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၈ ရက်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား စေတီပုထိုးများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ခွင့်ရရှိအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် တိုးတက်ထွန်းကားစေရန်နှင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး တည်တံ့ဝေစည်နိုင်စေရန်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ ဆည်းပူးအားထုတ်ရသည့် ကုသိုလ်ကောင်းမှုများကြောင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကပ်ဘေးမှ ကင်းဝေးနိုင်ကြပါစေ၊ သံဃာတော် အရှင်သူမြတ်များလည်း သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနိုင်ကြပါစေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ကပ်ရောဂါအန္တရာယ်အယှက်များ ကင်းရှင်းပြီး အေးချမ်းသာယာနိုင်ကြပါစေကြောင်း လျှောက်ထားသည်။

**အမျှပေးဝေ**

ထို့နောက် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းရာတွင် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းနှင့် သီလရှင်ကျောင်း လေးကျောင်းတို့၌ သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၅၀၂ ပါး၊ သီလရှင် ၅၁၇ ပါး ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၁၀၁၉ ပါးတို့အား ဆွမ်းဆန်တော် ၁၄၅ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာ့လက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ ကိုဗစ်-၁၉ ရောဂါစည်းကမ်းနှင့်အညီ လေ့ကျင့်လျက်ရှိသော ၂၀၂၂ ခုနှစ် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိဝူရှူး အားကစားရုံ၌ ဝူရှူးမြန်မာ့လက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအလေးမ အားကစားရုံ၌ မြန်မာ့လက်ရွေးစင် အလေးမ အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိပိုက်ကျော်ခြင်းအားကစားရုံ၌ ပိုက်ကျော်ခြင်း မြန်မာ့လက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိမြားပစ်အားကစားကွင်း၌ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများအား နိုင်ငံတော်ကို အားကစားဖြင့် ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရန် အစွမ်းကုန် ကြိုးစားကြစေလိုကြောင်းနှင့် ဆုတံဆိပ်ရရှိနိုင်ရေး ကြိုးစားလေ့ကျင့်စေလိုကြောင်း၊ မိမိတို့ လုပ်ငန်းတာဝန်ဖြစ်သော အားကစားလေ့ကျင့်မှုကို ဂရုတစိုက် စဉ်ဆက်မပြတ် အောင်မြင်မှုရရှိရမည်ဟူသော စိတ်အာရုံထားရှိကာ ကြိုးစားလေ့ကျင့်စေလိုကြောင်း၊ လေ့ကျင့်မှုကာလတွင် အားကစားသမား တစ်ဦးချင်းစီ၏ လိုအပ်ချက်မှန်သမျှကို အချိန်နှင့်တစ်ပြေးညီ တင်ပြစေလိုကြောင်း၊ နိုင်ငံတကာပြိုင်ပွဲတွင် အောင်မြင်မှုရရှိပါက မိမိအောင်မြင်မှုထက် နိုင်ငံတော်အတွက် အောင်မြင်မှုဟူသော စိတ်ဓာတ်မျိုး ထားရှိလေ့ကျင့်ရန် လိုအပ်ပါကြောင်း၊ အောင်မြင်မှုရရှိပါက နိုင်ငံတော်မှ ယခင်နှစ်များထက် ထိုက်ထိုက်တန်တန် ချီးမြှင့်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း တိုက်တွန်းအားပေးစကား ပြောကြားသည်။

ထို့နောက်နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ စားရိပ်သာသို့ ရောက်ရှိပြီး လက်ရွေးစင်အားကစားသမားများအတွက် ထောက်ပံ့ကျွေးမွေးစရိတ်ကို ယခင်ထက် တိုးမြှင့်ထားပါကြောင်း၊ လေ့ကျင့်မှုအတွက် ကုန်ခန်းသွားသော အင်အားများ ပြန်လည်ဖြည့်စွမ်းနိုင်ရေးအတွက် စားရိပ်သာမှ ကျွေးမွေးထောက်ပံ့မှုသည် အဓိကကျပါကြောင်း၊ သို့ဖြစ်ပါ၍ အားကစားနည်းအလိုက် ကျွေးမွေးရမည့် ကျွေးမွေးမှုအစီအစဉ်ကို သက်ဆိုင်ရာ ဆေးဘက်တာဝန်ခံများ၏ လမ်းညွှန်မှုအတိုင်း ပြည့်စုံအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# သောက်သုံးရေရှားပါးသည့် ပွင့်လင်းတဲတိုက်သို့ ရေသွားရောက်လှူဒါန်း

**ညောင်ဦး မတ် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးလျက်ရှိသည့် ကျေးရွာများသို့ သောက်သုံးရေ သွားရောက်လှူဒါန်းလျက်ရှိရာ မတ် ၁ ရက်က သောက်သုံးရေရှားပါးလျက်ရှိသည့် ပွင့်လင်းတဲတိုက်သို့ သောက်ရေဂါလန် ၂၂၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း ဦးဝင်းမင်းထွန်းထံမှ သိရသည်။

ညောင်ဦးမြို့နယ် ပွင့်လင်းတဲတိုက်သည် ကောင်းပင်စီကျေးရွာမှဖြစ်ပြီး အလှူရှင်များလှူဒါန်းမှုဖြင့် သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ ပွင့်လင်းတဲတိုက်သည် အိမ်ခြေ ၃၇ အိမ်ရှိပြီး လူဦးရေ ၁၅၀ကျော်နေထိုင်လျက်ရှိကြောင်း သိရသည်။ ညောင်ဦးမြို့နယ်တွင် သောက်သုံးရေလှူဒါန်းမှုများကို ညောင်ဦးမြို့ပေါ်ရှိ ရေလှူဒါန်းရေး ပရဟိတအသင်းများက ရေအကူအညီ တောင်းခံသည့် ကျေးရွာတိုင်းသို့ သွားရောက်လှူဒါန်းလျက်ရှိကြရာ ရေလှူဒါန်းလိုပါက သောက်သုံးရေလှူဒါန်းရေးပရဟိတအဖွဲ့မှ ဦးဝင်းမင်းထွန်း ဖုန်း-၀၉-၆၉၆၉၂၆၂၆၃၊ ညောင်ဦးမြို့ ရေလှူဒါန်းရေး ဥပဒေမိသားစု ပရဟိတအဖွဲ့ ဦးစန်းဝင်း ခရိုင်ဥပဒေအရာရှိ ဖုန်း-၀၉-၇၉၁၁၁၈၂၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ မိမိတို့ ရေလှူဒါန်းလိုသည့် ကျေးရွာများကိုလည်း သွားရောက်လှူဒါန်းပေးကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် မိုးရွာသွန်းမှုနည်းခဲ့ခြင်းကြောင့် မြေသားရေလှောင်ကန်များနှင့် တိရစ္ဆာန်သောက်ရေကန်များ ရေမဝင်ရောက်ခဲ့ခြင်းက သောက်သုံးရေခက်ခဲမှုပိုမိုဖြစ်ပေါ်စေခဲ့ကာ စက်ရေတွင်း၊ အဝီစိတွင်းရှိသည့် ကျေးရွာများသည်လည်း ထုံးဓာတ်ပါဝင်မှုများပြားခြင်းကြောင့် ဟင်းသီးဟင်းရွက်ပင်များနှင့် တိရစ္ဆာန်များအတွက်သာ အသုံးပြု၍ ရကြောင်းလည်း သိရသည်။

**ကိုထိန်၊KPD**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂**

ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေပိုင်းတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများအနေဖြင့် နယ်စွန်နယ်ဖျားအထိ အင်အားနည်းပါးစွာ ဖြန့်ခွဲတာဝန်ထမ်းဆောင်နေကြရသော်လည်း ပြည်သူ့ဝန်ထမ်းကောင်းများ ပီသစွာ စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ ပြည်သူ့အတွက် စေတနာထက်သန်မှု၊ လုပ်ဆောင်မှုစွမ်းရည်ထက်မြက်မှုနှင့် တစ်ဦးချင်းစီက မိမိတို့နိုင်ငံနှင့် ပြည်သူအတွက် သစ္စာစောင့်မှုတို့အတွက် အားရကျေနပ်ကြောင်း၊ ဆက်လက်၍လည်း တာဝန်ကျေပွန်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့မှုများကို သုံးသပ်တင်ပြပြီး မတ်လအတွက် ဆောင်ရွက်သွားမည့်အစီအမံများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဌာနဆိုင်ရာများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး



**မော်လမြိုင် မတ် ၂**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် ယမန်နေ့မွန်းလွဲ ၁ နာရီက မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဌာနဆိုင်ရာများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ်ရှိ ဌာနဆိုင်ရာများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မိမိတို့ဌာနအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများ၊ ဘဏ္ဍာငွေရရှိမှု၊ ထုတ်ပေးမှုနှင့် ထုတ်ပေးရန်ကျန်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ဌာနဆိုင်ရာများမှ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးပြီး မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂**

သတင်းများရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့် အညီဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟုလည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟုလည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့် အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင်ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ၂၄-၂-၂၀၂၁ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံအသိပေး အကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■

# ဝန်ထမ်းတာဝန်ကို နားလည်ပေးပါ

**မင်းပြည့်**

ငယ်ပေါင်းကြီးဖော် သူငယ်ချင်းက ပေးပို့လာတဲ့ "Please CDM" ဆိုတဲ့ ဖုန်းမက်ဆေ့ စာသားလေးဖတ်ရင်း စိတ်ထဲ တစ်မျိုးခံစားသွားမိပါတယ်။ ဖုန်းမက်ဆေ့ကနေသာမက အရင်နေ့တွေကလည်း "မင်းကလည်း ဝန်ထမ်းမလုပ်ရလည်း ထမင်းမငတ်ပါဘူးကွာ" ဆိုကာ တစ်မျိုး၊ "သူငယ်ချင်း CDM မလုပ်သေးဘူးလား၊ မလုပ်ရင် သူငယ်ချင်းမဟုတ်တော့ဘူး၊ စတာနော်၊ နောက်တာနော်၊ တကယ်ပြောတာ" ဆို၍ အပြုံး React နဲ့က တစ်ဖုံ မက်ဆင်ဂျာကနေ ပေးပို့ထားပါတယ်။

ကျွန်တော့်သူငယ်ချင်း ပေးပို့လာတဲ့ စာသားတွေဖတ်ကြည့်ရင်း ဘာစာမှလည်း သူ့ထံမပြန်ဖြစ်ပါ။ ကျွန်တော်တို့ အသက်အရွယ်က အတန်းပညာကုန်၊ ဘွဲ့ရလို့ လုပ်ငန်းခွင်ဝင်တဲ့အရွယ်၊ အရာရာကို စဉ်းစားဆင်ခြင်ရတဲ့အရွယ်မို့ စိတ်ထဲကနေ "ဩော်... သူငယ်ချင်းမင်း မရင့်ကျက်သေးပါလား"လို့သာ ကျွန်တော်ပြောမိခဲ့ပါတယ်။ ကျွန်တော့်သူငယ်ချင်းက နိုင်ငံ့ဝန်ထမ်းမဟုတ်သူမို့ ဝန်ထမ်းဆိုတာ နိုင်ငံ့ဝန်ကို ထမ်းရတာ၊ အများဝန်ကို ထမ်းဆောင်ရတာ မလွယ်ဘူးလို့ အခုအချိန်မှာဆိုပါရင်လည်း ဝန်ထမ်းမဟုတ်တဲ့ သူငယ်ချင်း အပြည့်အဝနားလည်နိုင်မယ်မထင်။ တစ်ချိန်တော့ သူငယ်ချင်းကို သေသေချာချာ ရှင်းပြချင်မိပါတယ်။

### တာဝန်မပျက် ထမ်းဆောင်

အခုချိန်မှာ ကျွန်တော်ကတော့ နေ့စဉ်ရုံးတက်နေပါတယ်။ ရုံးတက်မပျက်ဘဲ ဌာနကနေ ကျွန်တော့်ကို တာဝန်ပေးထားတဲ့ စီမံရေးရာ ကိစ္စရပ်တွေကို တာဝန်မပျက် ထမ်းဆောင်နေပါတယ်။ စီမံရေးရာ ကိစ္စရပ်တွေဟာ ပြီးဆုံးသွားတယ်မရှိဘဲ တစ်နေ့တာ၊ တစ်ပတ်တာ၊ တစ်လတာ စသဖြင့် နှစ်ပတ်လုံး လည်ပတ်နေတာ ဖြစ်ပါတယ်။

ဌာနမှာ ကျွန်တော့်တာဝန်ကတော့ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ပြီး ပင်စင်ယူတော့မယ့် ဆရာကြီး ဆရာမကြီးနဲ့ ဝန်ထမ်းတွေရဲ့ ပင်စင်ကိစ္စတွေ၊ လက်ရှိတာဝန်ထမ်းဆောင်နေသူတွေရဲ့ ခွင့်ကိစ္စတွေကို အခက်အခဲမရှိစေဖို့ ဆောင်ရွက်နေပါတယ်။ သူငယ်ချင်း ဖြစ်စေချင်သလို CDM လုပ်ပြီး ပင်စင်ယူမယ့် ဌာနက နိုင်ငံ့ဝန်ထမ်းတွေကို ဒီအစိုးရမှာ မလုပ်ပါ၊ ဟိုအစိုးရကျမှ ပင်စင်လာယူပါလို့ ကျွန်တော်ပြောလို့မရပါ။

ဝန်ထမ်းဦးရေများပြားတဲ့ ကျွန်တော်တို့ ပညာရေးဌာနမှာ အသက် ၆၀ အထိ နိုင်ငံ့တာဝန်ထမ်းခဲ့ပြီးတဲ့ ဆရာကြီး ဆရာမကြီးတွေ သက်ပြည့်ပင်စင်ယူမှာတွေ ရှိပါတယ်။ ဘဝရဲ့အချိန်တော်တော်များများကို ကျောင်းသား ကျောင်းသူတွေနဲ့ ကုန်လွန်ပြီးတော့ အသက် ၆၀ ပြည့်ကာ တာဝန်ပြီးဆုံးတော့မယ့် ဆရာကြီး ဆရာမကြီးတွေရဲ့ ရသင့်ရထိုက်တဲ့ လုပ်သက်ဆုငွေ၊ ပင်စင်လစာတွေအတွက် အခက်အခဲမရှိစေရမှာက ကျွန်တော့်တာဝန်ပါ။

ဒီလိုပဲ ဌာနမှာ ကျန်းမာရေးအရ နာမကျန်းပင်စင်ယူမယ့်သူတွေ၊ အကြောင်းအမျိုးမျိုးကြောင့် နှစ်ပြည့်ပင်စင်ယူမယ့်သူတွေဆိုတာ ဌာနမှာ အမြဲရှိနေတာမို့ သူတို့အတွက် ကျွန်တော့်တာဝန်ကို ထမ်းဆောင်ရမှာပါ။ "တာဝန်အရ"ဆိုတဲ့ စကားကိုသာ ဆိုရပါမယ်။ ကျွန်တော်ကတော့ တာဝန်နဲ့အတူ စေတနာနဲ့ပါ လုပ်ပေးခဲ့ပါတယ်။

အဘယ်ကြောင့်ဆိုသော် ပင်စင်စား ကျွန်တော့်အဖေနဲ့ အမေတို့လို ပြည်သူတွေအတွက်ပါ။ ပင်စင်ထုတ်ရက်ဆို ပင်စင်ထုတ်ဖို့ တပြင်ပြင်ဖြစ်နေတဲ့ အဖေနဲ့အမေရဲ့ပုံရိပ်က ကျွန်တော့်ကို လွှမ်းမိုးပြီးသားပါ။ အလုပ်အတူတူလုပ်ခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေနဲ့ ပင်စင်ထုတ်ရင်း စကားဆိုဖို့၊ လှူဖို့တန်းဖို့စသဖြင့် ကိစ္စအမျိုးမျိုးအတွက် ပင်စင်ထုတ်ရက်နီးတိုင်း တက်ကြွနေတဲ့ အဖေနဲ့အမေတို့ကို ကြည့်ရင်း ကျွန်တော် CDM မလုပ်ချင်ပါ။ လုပ်ဖို့ဆန္ဒလည်း မရှိပါ။ တာဝန်ကိုသာ ကျေပွန်အောင် ထမ်းရွက်ချင်ပါတယ်။

### အစိုးရယန္တရားရဲ့ အစိတ်အပိုင်းများ

နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်အစိုးရဖြစ်ပါစေ၊ အစိုးရယန္တရားရဲ့ အစိတ်အပိုင်းတွေပါ၊ အစိတ်အပိုင်းတစ်ခုချင်းကောင်းအောင် ဆောင်ရွက်ရင် အစိုးရယန္တရားတစ်ခုလုံး ကောင်းမှာဖြစ်ပါတယ်။ ဘယ်အစိုးရ တက်တက်ဆင်းဆင်း ရှိနေ၊ ဆောင်ရွက်နေရတာက ဝန်ထမ်းတွေပါ။ ဝန်ထမ်းအဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာနတွေမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့

> **ဘယ်လိုခံယူချက်မျိုးနဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်လာပါစေ နိုင်ငံ့ဝန်ထမ်း ဖြစ်လာတဲ့အခါ ပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရမယ်လို့ ခံယူထားခဲ့ပါပြီ။ ဒါကြောင့်မို့လည်း တာဝန်နဲ့အတူ တတ်အားသမျှကြိုးပမ်းပြီး ဝန်ထမ်းကောင်းအဖြစ် ရပ်တည်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လုပ်အား၊ ကြိုးစားအားထုတ်မှုဟာ သူများတွေ အဆင်ပြေအောင် ရည်ရွယ်ထားတဲ့အတွက် ကောင်းတဲ့အကျိုးတရားကို ပြန်ခံစားရမယ်လို့ ယုံကြည်ထား။**

ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ နိုင်ငံ့ဝန်ကိုထမ်းရတာ ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်း၊ လိုက်နာရမယ့် လမ်းညွှန်ချက်တွေကလည်း ရှိပြီးသားပါ။ နိုင်ငံရေးအရ ရောက်ရှိလာတဲ့ မူဝါဒညွှန်ပြသူဝန်ကြီး၊ ဒုတိယဝန်ကြီးတွေ ဥပဒေနဲ့မညီလို့ အရေးယူခံရတာတွေကို ဝန်ထမ်းတွေ မြင်ဖူးတွေ့ဖူး ကြားသိဖူးသူ များပြီးသားမို့ အချင်းချင်းညွှန်းစရာလိုမယ်မထင်ပါ။ ဘယ်လိုအခြေအနေမှာမဆို ကျန်ရှိဆောင်ရွက်နေရတာက နိုင်ငံ့ဝန်ထမ်းအများစုသာ ဖြစ်ပါတယ်။

ဘယ်လိုခံယူချက်မျိုးနဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်လာပါစေ နိုင်ငံ့ဝန်ထမ်းဖြစ်လာတဲ့အခါ ပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရမယ်လို့ ခံယူထားခဲ့ပါပြီ။ ဒါကြောင့်မို့လည်း တာဝန်နဲ့အတူ တတ်အားသမျှ ကြိုးပမ်းပြီး ဝန်ထမ်းကောင်းအဖြစ် ရပ်တည်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လုပ်အား၊ ကြိုးစားအားထုတ်မှုဟာ သူများတွေ အဆင်ပြေအောင် ရည်ရွယ်ထားတဲ့အတွက် ကောင်းတဲ့အကျိုးတရားကို ပြန်ခံစားရမယ်လို့ ယုံကြည်ထားပါတယ်။

CDM လုပ်မှ သစ္စာရှိတယ်၊ နိုင်ငံနဲ့ ပြည်သူကို ချစ်တယ်ထင်တဲ့ သူတွေကိုလည်း စဉ်းစားပေးစေလိုပါတယ်။ ပြည်သူ့အတွက် အထောက်အကူပြုအောင် လုပ်ငန်းတာဝန်တွေ မပြတ်ထမ်းဆောင်ရတဲ့ ဝန်ထမ်းတွေဟာ သဘောထားမတူညီမှုကြားမှာ တာဝန်ကျေဖို့ ရုန်းကန်နေရတဲ့အခြေအနေတစ်ခုပါ။ လွတ်လပ်စွာ ပြောဆိုခွင့်ရှိတယ်လို့ ယူဆပြီး မျှတမှုမရှိဘဲ ပြောဆိုသူတွေရဲ့ ဝေဖန်မှုတွေကလည်း များပြားနေပါတယ်။

### ချင့်ယုံစေလို

ပြည်သူ့ဝန်၊ နိုင်ငံ့ဝန်ကို ထမ်းဆောင်နေသူ ဝန်ထမ်းတွေကို လုပ်ငန်းဆောင်တာတွေ ပိုကောင်းအောင် အကြံပေးပြောဆိုခွင့် ရှိပါတယ်။ ဒါပေမယ့် အပြုသဘောဆောင်တဲ့ အကြံပေးချက်တွေနဲ့ ဝန်ထမ်းကောင်းတွေက နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်ဖို့ လမ်းပြပေးစေလိုပါတယ်။ "ဟိုလိုလုပ်ပဲ့ါလား၊ ဒီလိုလုပ်ပဲ့ါလား၊ ငါလည်း မလုပ်တတ်ဘူး"ဆိုတဲ့ ဘေးပြောတွေကို ချင့်ယုံစေလိုပါတယ်။ ခုချိန်မှာ ဆန္ဒမတူ၊ သဘောထားမတူဖြစ်နေတဲ့ ဝန်ထမ်းအချင်းချင်းကိုလည်း နားလည်ပါတယ်။

ဒီမိုကရေစီသဘောတရားက လူတိုင်းကို လွတ်လပ်စွာ ပြောဆိုလုပ်ပိုင်ခွင့် ပေးထားပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့လွတ်လပ်မှုက သူတစ်ပါးလွတ်လပ်မှုကို ထိခိုက်စေမယ်ဆိုရင် မကောင်းနိုင်ပါ။ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ သဘောတရားမျိုး မစွဲကိုင်စေလိုပါ။

ဒါကြောင့် ဒီမိုကရေစီ အနှစ်သာရကို နှစ်သက်သူတိုင်းဟာ အချင်းချင်း လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်၊ ဆွေးနွေးနိုင်တာမို့ ကိုယ်ချင်းစာ နားလည်ပေးနိုင်မယ်လို့ ထင်မိပါတယ်။

ကျွန်တော်ကတော့ နိုင်ငံကိုချစ်တာ၊ ပြည်သူကိုချစ်တာ ဘယ်လောက်ကြီးပါလို့ အွန်လိုင်းကနေ မဖော်ကျူးတော့ပါ။ ဖေ့စ်ဘွတ်ကနေ လေနဲ့ပဲ "ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ" ဆိုပြီး တခြားသူတွေကိုလည်း အကြံမပေးတတ်ပါ။ အွန်လိုင်းကနေ ချစ်ပြမှ ခေါ်မယ့်၊ ပြောမယ့် အတုအယောင်ကြိုက်တွေကိုလည်း အလိုမရှိတော့ပါ။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ကောင်းကျိုးအတွက် ပေးအပ်ထားတဲ့ တာဝန်ကိုကျေပွန်အောင်ကြိုးစားရင်း ကျေးဇူးပြုသွားပဲ့မယ်လို့သာ ကတိပြုနိုင်ပါတော့တယ်။ ။

## Digital Audio Broadcasting (DAB) ထုတ်လွှင့်မှု နည်းပညာဆိုင်ရာ Virtual Meeting သို့ MRTV မှ ဝန်ထမ်းများတက်ရောက်

**နေပြည်တော် မတ် ၂**

Digital Audio Broadcasting (DAB) ထုတ်လွှင့်မှု နည်းပညာဆိုင်ရာ Virtual Meeting ကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အင်ဂျင်နီယာချုပ် ဒေါ်ဇင်ဝါကြူ ဦးစီးပြီး ဝန်ထမ်း ၁၀ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် DAB ဆိုင်ရာများကို Australia နိုင်ငံအခြေစိုက် S-Comm Technologies Pty.Ltd မှ Managing Director Dr.Les Sabel က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းကို ဆက်လက်ဆောင်ရွက်ကြသည်။

DAB ဆိုင်ရာ နည်းပညာရပ်များ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများနှင့် ဆွေးနွေးနိုင်ရေးအတွက် World DAB မှ Asia Pacific Technical Group (APAC TG) ကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး APAC TG ၏ ရည်ရွယ်ချက်မှာ ဒေသတွင်း၌ DAB နည်းပညာဆိုင်ရာများကို အဖွဲ့ဝင်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန်နှင့် နိုင်ငံတစ်ခုချင်းစီ၏ အတွေ့အကြုံများကို မျှဝေနိုင်ရန်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများကို တစ်နှစ်လျှင် နှစ်ကြိမ်မှ လေးကြိမ်အထိ ပြုလုပ်လေ့ရှိပြီး တက်ရောက်သူဦးရေ ကန့်သတ်ထားခြင်းမရှိကြောင်း သိရသည်။

**MRTV**



# မတ် ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၆၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၄၉)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၃,၄၈၁) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၉၆၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၇)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၅၃၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်”အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေ့ရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် (၈-၂-၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိတိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် –

တယ်လီဖုန်းနံပါတ် – ၀၆၇-၃၄၁၁၅၀၈/ ၀၆၇-၃၄၁၁၅၀၉/ ၀၆၇-၃၄၁၁၁၄၄
၀၉-၈၈၂၅၅၇၉၉၁/ ၀၉-၈၈၂၅၅၇၉၉၂/ ၀၉-၈၈၂၅၅၇၉၉၃
Email – office@e-mohs.gov.mm

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၃၀၄၂၅၄ | ၁၉၈၀၇၅၃၂ | ၅၂၇၂၂၆ |
| ၂။ | အိန္ဒိယ | ၁၁၁၂၄၅၂၇ | ၁၀၇၉၈၉၂၁ | ၁၅၇၂၇၅ |
| ၃။ | ဘရာဇီး | ၁၀၅၈၇၆၀၈ | ၉၄၅၇၁၀၀ | ၂၅၅၈၃၆ |
| ၄။ | ရုရှား | ၄၂၆၈၂၁၅ | ၃၈၃၈၀၄၀ | ၈၆၈၉၆ |
| ၅။ | ဗြိတိန် | ၄၁၈၂၀၀၉ | ၂၉၅၉၈၈၄ | ၁၂၂၉၅၃ |
| ၆။ | ပြင်သစ် | ၃၇၆၀၆၇၁ | ၂၅၈၃၈၄ | ၈၆၈၀၃ |
| ၇။ | စပိန် | ၃၂၀၄၅၃၁ | ၂၇၂၂၃၀၄ | ၆၉၆၀၉ |
| ၈။ | အီတလီ | ၂၉၃၈၃၇၁ | ၂၄၁၆၀၉၃ | ၉၇၉၄၅ |
| ၉။ | တူရကီ | ၂၇၁၁၄၇၉ | ၂၅၇၈၁၈၁ | ၂၈၆၃၈ |
| ၁၀။ | ဂျာမနီ | ၂၄၅၅၅၆၉ | ၂၂၆၄၆၀၀ | ၇၀၉၂၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၄၇၀၂၆ | ၁၁၆၀၈၆၃ | ၃၆၅၁၈ |
| ၂။ | ဖိလစ်ပိုင် | ၅၈၀၄၄၂ | ၅၃၄၄၆၃ | ၁၂၃၆၉ |
| ၃။ | မလေးရှား | ၃၀၄၁၃၅ | ၂၇၈၄၃၁ | ၁၁၄၁ |
| ၄။ | မြန်မာ | ၁၄၁၉၆၅ | ၁၃၁၅၃၄ | ၃၁၉၉ |
| ၅။ | စင်ကာပူ | ၅၉၉၅၆ | ၅၉၈၃၀ | ၂၉ |
| ၆။ | ထိုင်း | ၂၆၀၇၃ | ၂၅၄၂၀ | ၈၄ |
| ၇။ | ဗီယက်နမ် | ၂၄၇၂ | ၁၈၉၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၈၄၄ | ၄၇၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၆ | ၁၈၁ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် မတ် ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန် အတွက် မြို့နယ်အသီးသီးရှိတပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၄၁၉၀၅ ဦး၊ အတွင်းလူနာ ၃၄၉၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့် အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ပါ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၈၅၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၉၉၉ ဦး စုစုပေါင်း ၂၈၄၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၀၆၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၈၅၃ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၂၆၅၀ ကို အောင်မြင်စွာ မွေးဖွားပေး နိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်သူတို့ကြောင့် မလေးရှားမှ အိမ်အပြန်ခရီးလှုပခဲ့ပြီ (၂)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာပိတ်မိပြီး ဒုက္ခခံနေရသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ မြန်မာနိုင်ငံသို့ ပြန်လာသင့်ကြောင်း၊ အဆိုပါ ပြည်ပရောက်မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် လမ်းညွှန်မှာကြားခဲ့သည်။**

**ကိုရေချမ်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားပြီးသည်နှင့် နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာပိတ်မိပြီး ဒုက္ခခံနေကြရသည့် မြန်မာနိုင်ငံသားများအနက် ထိုင်းနိုင်ငံပြီးလျှင် ဒုက္ခအခက်အခဲအများဆုံး ရောက်ရှိနေကြသည့် မလေးရှားနိုင်ငံမှ မြန်မာဒုက္ခသည် ရွှေ့ပြောင်းလုပ်သားများအား ပြန်လည်ခေါ်ယူနိုင်ရန် နှစ်နိုင်ငံညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။ ညှိနှိုင်းသဘောတူညီမှုရရှိပြီးသည်နှင့် တပ်မတော်မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့သည် ရန်ကုန်မြို့ ရေတပ်ဆိပ်ကမ်းမှ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် စတင်ထွက် ခွာခဲ့ရာ မလေးရှားနိုင်ငံ လူမွတ်(Lumut)ရေတပ်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ရောက်ရှိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား မလေးရှားနိုင်ငံ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံရယူပြီး လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အဝတ်အစားနှင့် အသုံးအဆောင်များ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။ မလေးရှားစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၄၀ တွင် မလေးရှားနိုင်ငံ လူမွတ်(Lumut)ရေတပ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့သည်။ ပင်လယ်ပြင်လမ်းခရီးတစ်လျှောက်တွင် လုံခြုံရေး၊ စားသောက်ရေး၊ နေထိုင်ရေးနှင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများကို တပ်မတော်သားများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုလေသေးမရှိ နွေးထွေးပျူငှာစွာ ဆောင်ရွက်ပေးခဲ့မှုများကို စတင်ထွက်ခွာလာသည့်အချိန်မှ နိုင်ငံတကာရေပြင်မှ မြန်မာ့ရေပြင်ပိုင်နက်အတွင်းနှင့် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းရောက်ရှိသည်အထိ လက်တွေ့ကျကျ သိမြင်ခဲ့ရပါသည်။



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြစဉ်။

ကိုဗစ်-၁၉ ကာလအတွင်း ပြည်ပနိုင်ငံများတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လာလိုသော မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးအထူးလေယာဉ်ဖြင့် လည်းကောင်း၊ နယ်စပ်ဝင်ပေါက်ဂိတ်များမှလည်းကောင်း အလျဉ်းသင့်သလို အချိန်ယူစောင့်ဆိုင်းပြီး အသုတ်လိုက် ခေါ်ယူခဲ့ရပါသည်။ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လာကြရသူများအနေဖြင့် ရောက်ရှိရာနိုင်ငံ သို့မဟုတ် နီးစပ်ရာနိုင်ငံရှိ မြန်မာသံရုံးများတွင် ကြိုတင်သတင်းပို့ လျှောက်ထားကြရပြီး လေယာဉ်လမ်းကြောင်းကြုံသည့်အချိန်အခါမှ လေယာဉ်စရိတ်၊ စားစရိတ်များကို မိမိကိုယ်ပိုင်ငွေဖြင့် အကုန်အကျခံကာ ပြန်လာကြရပါသည်။

ယခုအစီအစဉ်သည် ယခင်က ဆောင်ရွက်ပေးခဲ့သည့် အစီအစဉ်များနှင့်မတူသည့် တပ်မတော်က ထူးထူးခြားခြားဆောင်ရွက်ပေးခဲ့သည့် ပထမဆုံးသော အစီအစဉ်ဖြစ်သည်။ ပထမဆုံးသော အောင်မြင်စွာဆောင်ရွက်ပေးခဲ့သည့် မြန်မာပြည်သူပြည်သားများ၏ ပြည်တော်ပြန်ခရီးစဉ်ဟု ဆိုရမည်ဖြစ်သည်။ ရာသီဥတု အထူးကောင်းမွန်နေသော အချိန်၌ ပြာလဲ့လဲ့ငွေလွှာရောင် ပင်လယ်ပြင်ကြီးပေါ်တွင် တရိပ်ရိပ်ခုတ်မောင်းနေသော မြန်မာ့တပ်မတော် စစ်ရေယာဉ်များပေါ်မှ မြန်မာနိုင်ငံသားများသည် ဒုက္ခဘုံမှ လွတ်မြောက်၍ အေးငြိမ်းချမ်းသာသည့် အမိရင်ခွင်သို့ စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်စွာ ပြန်လည်လိုက်ပါလာခဲ့ရသည်။ မြန်မာ့ရေပြင်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာသည်နှင့် အတိုင်းမသိ ပျော်ရွှင်ဝမ်းမြောက်မှုများ ဖြစ်ကြရသည်။ အေးမြသည့် မိခင်ရင်ခွင်ကို ခိုလှုံရသည့်အလား နွေးထွေးစွာ ခံစားရသည်။

၎င်းတို့သည် မလေးရှားနိုင်ငံတွင် ဒုက္ခဆင်းရဲ အချိန်ကြာမြင့်စွာကြာအောင် နေထိုင်ခဲ့ကြရသဖြင့် မြန်မာ့ရေပြင်သို့ ဝင်ရောက်လာသည့်အချိန်၌ စစ်ရေယာဉ်များ၏ ကုန်းပတ်အသီးသီးပေါ်သို့ တက်ရောက်ကြပြီး မြန်မာ့ရှုခင်း၊ မြန်မာ့ရေပြင်၊ မြန်မာ့ပင်လယ်ပြင်အလှများကို ငေးမောကြည့်ရှုခံစားရင်း ဖြစ်ပေါ်လာရသည့်ခံစားမှုများမှာ မြန်မာနိုင်ငံသား တစ်ထောင်ကျော်၏ တူညီသော ခံစားမှုများဟုဆိုလျှင် မှားမည်မထင်။ စစ်ရေယာဉ်များပေါ်တွင် အစစအရာရာ လိုလေသေးမရှိ ဆောင်ရွက်ပေးမှုများမှာလည်း မမေ့နိုင်စရာများပင်ဖြစ်သည်။ တနင်္သာရီရေတပ်စခန်းဌာနချုပ် နယ်မြေပင်လယ်အတွင်း ဝင်ရောက်လာသောအခါ ဇာဒက်ကြီးကျွန်း ရေတပ်အခြေစိုက်စခန်းမှ စစ်သည်၊ ရဲမေများက ချက်ပြုတ်ထားသည့် မြန်မာအစားအစာများကို တပ်မတော်ရေယာဉ်များပေါ်သို့ နံနက်စာအဖြစ် လာရောက်ပို့ဆောင် ဧည့်ခံကျွေးမွေးကြရာ မလေးရှားပြန် မြန်မာနိုင်ငံသားများအတွက် မမေ့နိုင်စရာများ ဖြစ်ခဲ့ကြသည်။

စစ်ရေယာဉ်များပေါ်တွင် ပြည်သူပြည်သားများအတွက် ကျရောက်လာသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်မှ ဆရာဝန်များ၊ တပ်မတော်သူနာပြုများက မလေးရှားနိုင်ငံတွင် ဒုက္ခအခက်အခဲများနှင့် ကြုံတွေ့ခဲ့ကြသည့် မိမိတို့နိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးမှုများမှာလည်း မမေ့နိုင်စရာ၊ ကျေးဇူးတင်စရာ။ တပ်မတော်စစ်ရေယာဉ်များပေါ်တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံသားပြည်သူများ လက်ရည်တစ်ပြင်တည်း ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်ခဲ့ကြသည်မှာ ဝမ်းသာပီတိ မုဒိတာဖြစ်ရသည်။

ပင်လယ်ပြင်ခရီးတစ်လျှောက် ရေယာဉ်များပေါ်တွင် လိုက်ပါလာသည့် မြန်မာနိုင်ငံသားများအနက် ဖျားနာ၊ ချောင်းဆိုး၊ အထွေထွေနှင့် ပတ်သက်သည့် လူနာ ၅၉ ဦးကိုသာ ပြုစုကုသစောင့်ရှောက်ပေးခဲ့ရပြီး ကျန်မြန်မာနိုင်ငံသား တစ်ထောင်ကျော်မှာ စိတ်အေးချမ်းသာ ကျန်းမာချမ်းသာစွာ လိုက်ပါလာခဲ့ကြသည်။ တစ်ဦးတစ်ယောက် ဒုက္ခ အခက်အခဲ ရောက်နေချိန်တွင် ကူညီဆောင်ရွက်ပေးခြင်းသည် တန်ဖိုးမဖြတ်နိုင်သော၊ မမေ့နိုင်သော စစ်မှန်သည့် စေတနာတရားဖြစ်သည်။ ဤသည်တို့မှာ တပ်မတော်က ပြည်သူများအား ရင်ဝယ်သားကဲ့သို့ အပြည့်အဝဆောင်ရွက်ပေးခဲ့သည့် အမှန်တရားဖြစ်သည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်ပင်လယ်ဝသို့ ရောက်ရှိခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ အောင်မြင်စွာ ခြေချလိုက်သောအခါ ရန်ကုန်တိုင်းစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလယ်ပိုင်းရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးတို့နှင့် တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေရပ်ပြန် မြန်မာနိုင်ငံသားများ၏ မိသားစုဝင်များက အတီးအမှုတ် အကအခုန်များဖြင့် နွေးထွေးလှိုက်လှဲစွာ လာရောက်ကြိုဆိုကြသည့် မြင်ကွင်းများမှာလည်း မမေ့နိုင်စရာဖြစ်သည်။ ဤသို့ မြန်မာနိုင်ငံသားများ ဝမ်းမြောက်ဝမ်းသာ ပြန်လည်ရောက်ရှိလာမှုကို ပြည်တွင်းသတင်းဌာနများနှင့် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများက သတင်းများ ရယူခဲ့ကြပြီး ပြည်သူများအားလုံးသိရှိနိုင်အောင် ထုတ်ပြန်ခဲ့ကြပြီးလည်း ဖြစ်သည်။

မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးဖြင့် ဒုက္ခရောက်ခဲ့ကြကာ မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲဖြစ်နေကြသော မြန်မာနိုင်ငံသားများအား ယခင်အစိုးရလက်ထက်တွင် ခေါ်ယူရန် တင်ပြခဲ့သော်လည်း ခွင့်ပြုချက် မရရှိသဖြင့် ပြန်လည်ခေါ်ယူရေးမှာ မအောင်မြင်ဘဲ ဖြစ်ခဲ့ရသည်။ **စာမျက်နှာ ၉ သို့** ❂

**စစ်ရေယာဉ်များပေါ်တွင် ပြည်သူပြည်သားများအတွက် ကျရောက်လာသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်မှ ဆရာဝန်များ၊ တပ်မတော် သူနာပြုများက မလေးရှားနိုင်ငံတွင် ဒုက္ခအခက်အခဲများနှင့် ကြုံတွေ့ခဲ့ကြသည့် မိမိတို့နိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးမှုများမှာလည်း မမေ့နိုင်စရာ၊ ကျေးဇူးတင်စရာ။ တပ်မတော်စစ်ရေယာဉ်များပေါ်တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံသားပြည်သူများ လက်ရည်တစ်ပြင်တည်း ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်ခဲ့ကြသည်မှာ ဝမ်းသာပီတိ မုဒိတာဖြစ်ရသည်။**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့

ဘားအံ မတ် ၂

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို မတ် ၁ ရက် မွန်းလွဲ ၃ နာရီခန့်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဒေါနငြိမ်းချမ်းကုမ္ပဏီက တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသော နယ်ဘက်လူနာများအတွက် ဆေးပဒေသာပင် မတည်ငွေကျပ် ၁၅ သိန်းကို လှူဒါန်းရာ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး မျိုးမင်းနောင်က လက်ခံရယူသည်။



ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက တပ်မတော်သားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်းငွေကျပ် ၂၁၉၅၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စားတပ်ဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့် သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

❂ စာမျက်နှာ ၈ မှ

**အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသော မြန်မာနိုင်ငံသားများမှာ ဒုက္ခဆင်းရဲမှ လွတ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သော တပ်မတော်ကို အားလုံး ကျေးဇူးတင်ကြသည်။ မလေးရှားထိန်းသိမ်းရေးစခန်းများတွင် ကျန်ရစ်ခဲ့သူများအား ထပ်မံခေါ်ယူပေးပါရန် နိုင်ငံတော်အစိုးရ တာဝန်ရှိသူများအား အသိပေးကြသည်။ ကျန်ရစ်ခဲ့သူဘဝတူ မြန်မာနိုင်ငံသားများအတွက် စိတ်မကောင်းဖြစ်နေကြသလို အမြန်ဆုံး ပြန်လည်ခေါ် ယူပေးစေလိုကြသည်။ တပ်မတော်အနေဖြင့် မြန်မာနိုင်ငံသား ပြည်သူအားလုံးတို့အပေါ်တွင် ခွဲခြားဆက်ဆံခြင်းမရှိဘဲ အကူအညီလိုနေသူ မြန်မာနိုင်ငံသားများကို အကူအညီပေးရန်လည်း အသင့်ရှိနေမည်ဟု ယုံကြည်ပါသည်။**

မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူရေး ဆောင်ရွက်ရာတွင် ခေါ်ယူမှု မအောင်မြင်စေရန် မလိုလားသူ၊ မနှစ်သက်သူ၊ လူ့အခွင့်အရေးအမည်ခံသူတို့က အကြောင်းအမျိုးမျိုးပြ၍ နှောင့်ယှက်ဟန့်တားခဲ့သော်လည်း မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအား ခွဲခြားခြင်းမရှိဘဲ ရင်ဝယ်သားကဲ့သို့ သဘောထားသည့် မြန်မာ့တပ်မတော်၏ မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်နိုင်မှုကြောင့် အမိမြေသို့ ချောမွေ့အောင်မြင်စွာ ပြန်လည်ရောက်လာခဲ့သည်။

အမိမြေသို့ ပြန်လည်ရောက်ရှိလျှင် ရောက်ရှိချင်း မလေးရှားပြန်မြန်မာနိုင်ငံသားများက ၎င်းတို့၏ ရင်တွင်းစကားများကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အထက်အလယ်ကုန်းကျေးရွာမှ မနီနီလွင်က “မလေးရှားနိုင်ငံကို ၂၀၂၀ ပြည့်နှစ် နှစ်လပိုင်းက ရောက်ရှိပါတယ်၊ ဟိုရောက်ပြီး မကြာပါဘူး ကိုဗစ်-၁၉ ဖြစ်လို့ အလုပ်မလုပ်ရပါဘူး။ ငါးလပိုင်းကျော်မှ အလုပ်ရပါတယ်။ အလုပ် ၁၀ ရက်ပဲလုပ်ပြီး အော်ပရာစီဝင်လို့ အဖမ်းခံရပါတယ်။ ပတ်စပို့စ်မရှိတဲ့အတွက် အချုပ်ထဲမှာ ၁၀ ရက်နေရပြီး ထောင်ကို ပို့လိုက်ပါတယ်။ အချုပ်ရော၊ ထောင်ရော တစ်လနဲ့ ၁၀ ရက် နေရပါတယ်။ အခု နိုင်ငံတော်အစိုးရက ပြန်ခေါ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံကို မပြန်ခင် ကိုဗစ်ရှိ/မရှိ စစ်ဆေးပြီး သီးသန့်အခန်းမှာ ထားပါတယ်။ မြန်မာနိုင်ငံ အပြန်ခရီးမှာ စစ်ရေယာဉ်ပေါ်မှာလည်း နေရထိုင်ရတာ၊ စားရသောက်ရတာ အဆင်ပြေပါတယ်။ ဒီလိုမျိုးပြန်ရမယ်လို့လည်း မထင်ထားခဲ့ပါဘူး။ ကျန်းမာရေးအတွက်လည်း သင်္ဘောပေါ်မှာ အချိန်ပြည့်ဂရုစိုက်ပါတယ်။ မိန်းကလေး အသုံးအဆောင်ပစ္စည်းကအစ လိုလေသေးမရှိ ဆောင်ရွက်ပေးပါတယ်။ အကုန်အစစအရာရာ လုပ်ပေးပါတယ်။ အိမ်က မိသားစုတွေကို သင်္ဘောပေါ်မှာ ရေတပ်ဗိုလ်ကြီးက ဖုန်းဆက်ပေးလို့ မိသားစုဝင်တွေနဲ့ ဖုန်းအဆက်အသွယ်ရပါတယ်။ နိုင်ငံခြားမှာ ဒုက္ခရောက်နေတဲ့သူတွေကို အခုလို နိုင်ငံတော်အစိုးရက သင်္ဘောနဲ့ အခမဲ့ခေါ်ဆောင်ပေးတာ အားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ခံစားချက်ကို ပြောပြခဲ့သည်။

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် မင်းလုံးကျေးရွာမှ မရီရီလွင်က “တပ်မတော်က ကျွန်မတို့ကို ကြိုဆိုတာ နွေးထွေးမှုရှိပါတယ်။ ကျွန်မအဖေလောက်ရှိတဲ့ ဦးလေးက သမီးအပေါ်တက်ရင် ဖြည်းဖြည်းတက်နော်ဆိုပြီး သူပြောတဲ့စကားသံကြားတော့ ကျွန်မက မြန်မာစကားသံမကြားရတာကြာတော့ ကိုယ့်ရင်ထဲမှာ တအားလည်း ခံစားရတယ်။ ဝမ်းလည်းနည်းတယ်။ အဖေအမေနားမှာပဲ ဘယ်မှမသွားတော့ဘဲ အိမ်မှာပဲ မိဘနဲ့အတူ မိဘတွေလုပ်တဲ့ အလုပ်ကိုပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ ဘယ်မှလည်း မသွားတော့ပါဘူး။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း အထူးကျေးဇူးတင်ပါတယ်”။ မလေးရှားပြန် ကိုစောထွန်းလှိုင်က “သင်္ဘောကြီးပေါ်ရောက်ပြီး နေထိုင်ရေးကအစ အစားအသောက်အဆုံး ပျော်ရွှင်မှုတွေ အများကြီးရခဲ့ပါတယ်။ ခြိမ်းခြောက်မှုတွေမရှိပါဘူး။ ဆက်ဆံရတာကအစ ရဲမေတွေ၊ ဗိုလ်ကြီးတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုဆက်ဆံကြပါတယ်။ ထူးခြားလိုက်တာဆိုပြီး ထင်မိပါတယ်။ စားသောက်ရေးကိစ္စတွေမှာလည်း လူအများကြီးကို အခုလိုကျွေးလိမ့်မယ်လို့ မထင်ထားမိဘူး။ တကယ်ပြည့်စုံပါတယ်။ ဝမ်းလည်းသာတယ်။ မြန်မာနိုင်ငံရောက်ရင် အဖေနဲ့အမေဆီပြန်မယ်။ အလုပ်တစ်ခုခုလုပ်မယ်လို့ စဉ်းစားထားတယ်။ ကျန်ခဲ့တဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို ပြန်ခေါ်စေချင်တယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆောင်ရွက်ပေးလို့ ကျွန်တော်တို့ အခုလိုပြန်လာခဲ့ရတာပါ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သက်တော်ရာကျော်ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်” ဟုပြောကြားခဲ့သည်။

အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသော မြန်မာနိုင်ငံသားများမှာ ဒုက္ခဆင်းရဲမှ လွတ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သော တပ်မတော်ကို အားလုံးကျေးဇူးတင်ကြသည်။ မလေးရှားထိန်းသိမ်းရေးစခန်းများတွင် ကျန်ရစ်ခဲ့သူများအား ထပ်မံခေါ်ယူပေးပါရန် နိုင်ငံတော်အစိုးရ တာဝန်ရှိသူများအား အသိပေးကြသည်။ ကျန်ရစ်ခဲ့သူဘဝတူ မြန်မာနိုင်ငံသားများအတွက် စိတ်မကောင်းဖြစ်နေကြသလို အမြန်ဆုံး ပြန်လည်ခေါ်ယူပေးစေလိုကြသည်။ တပ်မတော်အနေဖြင့် မြန်မာနိုင်ငံသား ပြည်သူအားလုံးတို့အပေါ်တွင် ခွဲခြားဆက်ဆံခြင်းမရှိဘဲ အကူအညီလိုနေသူ မြန်မာနိုင်ငံသားများကို အကူအညီပေးရန်လည်း အသင့်ရှိနေမည်ဟု ယုံကြည်ပါသည်။

မတ်လ ၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က “မလေးရှားနိုင်ငံတွင် ရောက်ရှိပြီး ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအား မိမိတို့နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၁၀၈၆ ဦးအား တပ်မတော်ရေယာဉ်ဖြင့် ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများအား ဆက်လက်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းသည် မိမိတို့ကောင်စီ၏ အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

တပ်မတော်သည် တိုင်းရင်းသားပြည်သူများအပေါ်တွင် အားလုံးတန်းတူ ရင်ဝယ်သားကဲ့သို့ သဘောထားလျက်ရှိသည်ကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။ နိုင်ငံအတွင်း အေးချမ်းစွာနေထိုင်ကြသော ပြည်သူပြည်သားများအပေါ်တွင် မည်သည့်အခါမျှ၊ မည်သည့်အခြေအနေတွင်မျှ ခွဲခြားဆက်ဆံခြင်းမပြု၊ ဖိနှိပ်ဆက်ဆံခြင်းလည်း ပြုလုပ်မည်မဟုတ်ပေ။ တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို ထာဝစဉ်ဦးထိပ်ထားဆောင်ရွက်ပေးနေမည်သာ။ ပြည်သူသာအမိ၊ ပြည်သူသာအဖ စိတ်ထား၊ ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်သူတို့ကြောင့် မလေးရှားမှ အိမ်အပြန်ခရီးလှခဲ့ပြီကို သက်သေညွှန်းဆိုလိုက်ပါကြောင်း။ ။

# CDM ကပေးတဲ့ဝေဒနာ

## ကိုသံချောင်း – မစာဥ စကားပြောခန်း(၅)

### ဒေါင်

လေတိုက်တိုင်းတဖြုတ်ဖြုတ်ကြွေကျလာသည့် ရော်ရွက်ဝါတို့က မြေပြင်ပေါ်တွင် ပြန့်ကျဲလျက်ရှိသည်။ နီးကပ်လာသည့် ခြေသံတစ်ခုကြောင့် ကိုသံချောင်း ဖြတ်ခနဲ လှည့်ကြည့်မိသည်။

"ကိုသံချောင်းကို ကျွန်မမေးစရာရှိလို့.."

တည်ငြိမ်တဲ့ အပျိုကြီးမစာဥကို အနီးကပ်မြင်လိုက်ရသဖြင့် ရင်ခုန်သွားရခြင်းကို အမြန်သိမ်းဆည်းရင်း

"ဟုတ်ကဲ့..မစာဥ အမိန့်ရှိပါဦးဗျ.."

"ဝန်ထမ်းတွေ CDM လုပ်နေကြတာနဲ့ ပတ်သက်ပြီး ကျွန်မစိတ်ထဲ ခံစားရတာရှိတယ်။ CDM လုပ်တာက တကယ်ပဲ အကျိုးရှိစေတာလား။ လက်ရှိအစိုးရကို အခက်အခဲ တွေ့စေနိုင်သလား.."

မစာဥ၏မေးခွန်းက အတော်လေး "တာ" သွား၏။ ကိုသံချောင်း တွေးနေမိသည်ကလည်း ထိုကိစ္စပေပဲ။

"ကျွန်တော် အဲဒါကိုမဖြေခင် မစာဥကို မေးချင်တယ်။ နိုင်ငံ့ဝန်ထမ်း ဘာကြောင့်မလုပ်တာလဲ"

"ကျွန်မက လွတ်လွတ်လပ်လပ်နေရတာကို ကြိုက်တယ်။ စည်းကမ်းတွေ၊ ဘောင်တွေကို သိပ်မကြိုက်ဘူးရှင့်။ ဒါကြောင့် ဘွဲ့ရပြီးကတည်းက ကိုယ်ပိုင်စီးပွားရေးပဲလုပ်ခဲ့တာပေ့ါ။ ဝန်ထမ်းဖြစ်လို့ နယ်တွေဘာတွေ ပြောင်းပြောင်းနေရတာလည်း အဆင်မပြေဘူးထင်လို့"

"အခုပဲကြည့်လေ။ ခင်ဗျားက လွတ်လပ်တာကြိုက်တယ်။ ဝန်ထမ်းဖြစ်ရင် စည်းကမ်း လိုက်နာရမယ်။ ကျင့်ဝတ်စောင့်ထိန်းရမယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ကိုယ်ကျိုးကို စွန့်ရမယ်။ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမယ်။ တာဝန်ကျတဲ့နေရာမှာ သွားရောက်တာဝန်ထမ်းဆောင်ရမယ်။ ဒါတင် မကသေးဘူးဗျ။ နိုင်ငံ့ဝန်ထမ်းဖြစ်ဖို့ ကန့်သတ်ချက်တွေကလည်း အများကြီးရှိတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံတော်နဲ့ ပြည်သူကို သစ္စာခံထားရတာလေဗျာ။ အစိုးရကို သစ္စာခံတာမဟုတ်ဘူး။ တက်လာတဲ့ အစိုးရကို နိုင်ငံ့ဝန်ထမ်းတွေက ရွေးချယ်ခွင့်မရှိဘူး။ အစိုးရကလည်း နိုင်ငံ့ဝန်ထမ်းတွေကို စိတ်ကြိုက်ခန့်ချင်တိုင်းခန့်၊ ဖြုတ်ချင်တိုင်းဖြုတ်လို့မရဘူး။ စည်းနဲ့ကမ်းနဲ့ ဥပဒေနဲ့ဆောင်ရွက်ရတာ"

"အခု အချို့ဝန်ထမ်းတွေက ရုံးလုံးဝ ပြန်မတက်ကြဘူး။ အချို့ကျတော့ ရုံးတွေ ပြန်တက်နေကြတယ်။ လုံးဝကို CDM မလုပ်တဲ့ ဝန်ထမ်းတွေလည်း ရှိနေတယ်"

"ဝန်ထမ်းလည်း ပြည်သူထဲက ပြည်သူပဲလေ။ သူ့မှာစိတ်ခံစားချက်ဆိုတာလည်း ရှိနိုင်တာပဲ။ ဒါပေမယ့် ခံစားချက်ကို ဦးစားပေးလို့ရတဲ့အထဲ ပါလို့မရဘူးဗျ။ ပိုဆိုးတာက မိသားစုရှိတဲ့ ဝန်ထမ်းတွေကျ ကိုယ့်အလုပ်ပဲကိုယ်စဉ်းစားကြတာ အမှန်ပဲ မဟုတ်လားဗျာ။ ဒါကို သူများလုပ်သလိုမလုပ်ဘူးဆိုပြီး စောင်းမြောင်းကဲ့ရဲ့လှောင်ပြောင်နေတာကတော့ ဒီမိုကရေစီနည်းမကျတာဘဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်ဗျာ.. CDM လုပ်လို့ အစိုးရ အခက်အခဲတွေ့မယ်၊ ပြုတ်ကျမယ်လို့တော့ ကျွန်တော်မယုံဘူး။ နိုင်ငံ့ဝန်ထမ်းတွေ နှစ်စဉ် ခေါ်ယူနေတာရှိတယ်လေ။ လုပ်ချင်တဲ့သူက သူ့ဟာသူ ပေါ်လာမှာပဲ မဟုတ်လားဗျာ။ တစ်ယောက် အလုပ်မလာရင် တစ်ယောက်အသစ်ခန့်နိုင်တာပဲ။ ဝန်ထမ်းတွေအားလုံး CDM လုပ်နေတာမှ မဟုတ်တာ။ ကိုဗစ်ကာလကြီးမှာ ဝန်ထမ်းတစ်ဝက်နား တစ်ဝက်ဆင်းပြီး အလုပ်လုပ်ကြတုန်းကတောင် ဖြစ်နေသားနဲ့ကို အခု CDM လုပ်တာ ဝန်ထမ်း လေးပုံတစ်ပုံတောင်မရှိတာ အစိုးရကို မထိခိုက်စေပါဘူးဗျ"

> **ဆက်ပြောရရင် CDM လုပ်တာက အစိုးရကို မထိခိုက်ဘူးဗျ။ ပြည်သူပဲနစ်နာတာ။ ဒါကြောင့် ကျွန်တော်ကတော့ CDM လုပ်တာကို မကြိုက်ဘူးဗျာ။ CDM တော့ မလုပ်ပါဘူး၊ ခြံစည်းရိုးခွထိုင်ပြီး ဘေးဘုထိုင်ပြော၊ လစာယူ၊ ရုံးတွင်းမငြိမ်မသက်ဖြစ်အောင်လုပ်သူတွေရှိလာမှာကိုလည်း မကြိုက်ဘူးဗျာ။ ဒါကြောင့်စိတ်တွေကိုပါပြင်ရမှာ။ ဘယ်လို ပြင်ရမလဲဆိုရင် "ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါသည်"ဆိုတဲ့ ဝန်ထမ်းစည်းကမ်းရဲ့ ပထမဆုံး အချက်ကို နှလုံးသွင်းပြီး နေထိုင်ကြရမှာပေ့ါဗျာ။**

"CDM မလုပ်တဲ့ဝန်ထမ်းတွေရဲ့ စိုးရိမ်မှုတွေကိုရော ရှင်သိလား။ သူတို့က ရုံးတက်ရမှာ စိုးရိမ်မှုတွေ ရှိတယ်။ စော်ကားကဲ့ရဲ့ခံနေကြရတာတွေရှိတယ်ရှင့်"

"နေ့စဉ်သတင်းစာတွေမှာ ဝန်ထမ်းတွေကို ခြိမ်းခြောက်တာ၊ အတင်းအကျပ် ပြောဆိုတာတွေရှိရင် တိုင်ကြားဖို့ ဖုန်းနံပါတ်တွေထည့်ပေးထားပါတယ်ခင်ဗျ။ တာဝန်ကျေပွန်နေရက်သားနဲ့ သိက္ခာချ၊ တိုက်ခိုက်လာရင် တိုင်ကြားလိုက်လို့ရပါတယ်။ တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေရချိန်၊ အစိုးရယန္တရားလည်ပတ်နိုင်အောင် ကူညီပေးနေကြတဲ့သူတွေကို အခုလိုဖိအားပေးနေတာက လမ်းမှန်မှ မဟုတ်တာပဲဗျာ။ ဘယ်အစိုးရကမှ သူ့အလုပ်သူလုပ်၊ ကျရာတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို မထုတ်ပစ်ပါဘူး"

"ဝန်ထမ်းတွေရဲ့ကြားမှာ အရင်လိုမဟုတ်ဘဲ သွေးထိုးစကားတွေကြောင့် စိတ်ဝမ်းကွဲကြ၊ အဖွဲ့ကွဲကြတာမျိုးဖြစ်မှာလည်း ကျွန်မတော့စိုးရိမ်မိတယ်ရှင့်။ ရှင်ဘယ်လိုထင်သလဲ"

"ကျွန်တော့်မိတ်ဆွေဝန်ထမ်းတစ်ယောက်ဆိုရင် သူတို့ရုံးမှာ CDM တော့ မလုပ်ကြဘဲ ရုံးဌာနထဲ နိုင်ငံတော်နဲ့အစိုးရကို ဝေဖန်ပုတ်ခတ်နေတဲ့ ဝန်ထမ်းတွေကြောင့် အေးအေးချမ်းချမ်းနဲ့ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေ စိတ်အနှောင့်အယှက်ဖြစ်နေတယ်ဆိုပြီး ရင်ဖွင့်တယ်ဗျ။ လက်ချောင်းတွေတောင် အတိုအရှည်မညီတာဗျာ၊ အခုလိုအချိန်မှာ အတွေးအခေါ်အမျိုးမျိုး၊ ခံစားချက်အမျိုးမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။ ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းတွေကို ခင်ဗျားတို့ ကျွန်တော်တို့လို ပြည်သူတွေထက် သူတို့က ပိုသိကြတာပေ့ါဗျာ။ အရပ်စကားနဲ့ ပြောချင်ဆိုချင်ရင် အရပ်ထဲပြောင်း၊ အလုပ်ပါ ပြောင်းသင့်တာပေ့ါ။ ဝန်ထမ်းဖြစ်ရင်တော့ စိတ်ကိုရော၊ အမူအကျင့်ကိုရော ပြောင်းလဲပစ်ရမှာပေ့ါဗျာ"

"စိတ်ပြောင်းခိုင်းနေတာကတော့ ရှင်ကလွန်ပါတယ်ရှင်။ လူဆိုတာ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်လေ။ ရှင်ဆိုရင်ကော ပြောင်းလို့လွယ်လို့လား"

"အပျိုကြီးရယ်.. ကျွန်တော်ဆိုလိုတာက ဖြူတာ၊ စိမ်းတာ၊ နီတာတွေကြောင့် ခံစားချက်တွေဖြစ်တယ်။ ရုံးတစ်ရုံးမှာ နီတဲ့သူရှိသလို၊ စိမ်းတဲ့သူလည်းရှိမယ်။ ပြာတဲ့သူလည်းရှိမယ်လေဗျာ။ တစ်ပါးသူရဲ့ ခံစားချက်ကိုလည်း ထည့်စဉ်းစားရမယ်လေ။ ဒါကြောင့် ကိုယ်က နီတိုင်း၊ ကိုယ်ကစိမ်းတိုင်း၊ ကိုယ်ဖြစ်ချင်တာမဖြစ်ရတိုင်း ဝေဖန်ပုတ်ခတ်တာမျိုးကျတော့ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေပြီး လုပ်ငန်းခွင် အေးချမ်းသာယာမှုကိုလည်း ထိခိုက်စေတာမို့ ဆင်ဆင်ခြင်ခြင် နေသင့်တာပေ့ါ"

"ရှင့်မိတ်ဆွေတွေထဲမယ် CDM လုပ်နေတဲ့သူတွေရှိတယ်မဟုတ်လားရှင့်။ သူတို့ရော အဆင်ပြေရဲ့လား"

"သူတို့ယုံကြည်ချက်နဲ့သူတို့ဆိုတော့ ကျွန်တော်လည်း သိပ်တော့မသိဘူးဗျ။ ဒါပေမယ့် ကျွန်တော့်အမြင်ပြောရရင် CDM လုပ်သူတွေထဲ သုံးမျိုးသုံးစားရှိတာကိုတွေ့ရတယ်။ ပထမတစ်မျိုးက အသက်မွေးဝမ်းကျောင်း ခိုင်မာသူတွေပေ့ါ။ သူတို့က အပြင်မှာလည်း ရပ်တည်စားသောက်နေနိုင်တယ်ဆိုတော့ CDM ကို လွယ်လွယ်နဲ့လုပ်နိုင်ကြတယ်။ ဒုတိယတစ်မျိုးကျတော့ ဒီလို CDM လုပ်လိုက်ရင် အခြားတစ်ဖက်ကို ချိတ်ဆက်ရလွယ်သွားတယ်။ ပိုကောင်းတဲ့ အလုပ်နေရာတွေ ကူးပြောင်းနိုင်တယ်၊ ဒါကြောင့် CDM လုပ်ကြတယ်။ တတိယ အမျိုးအစားကတော့ သူများလုပ်လို့ လိုက်လုပ်ကြတာ။ သူငယ်ချင်းတွေလုပ်လို့ လိုက်လုပ်တယ်၊ ချစ်သူခင်သူတွေပါလို့ လိုက်ပါတယ်၊ အဲဒါမျိုးပေ့ါဗျာ။ သူတို့အားလုံးမှာ စိတ်ခံစားချက်တွေရှိနေပေမယ့် သွားမယ့်လမ်းကြောင်း၊ ခံယူချက်နဲ့ ဘဝအခြေအနေတွေက မတူညီဘူးလေဗျာ"

"ရှေ့အမျိုးအစားတွေကတော့ အပြင်မှာလည်း ရှာဖွေစားသောက်လို့ရနိုင်တဲ့အတွက် CDM လုပ်ခြင်းကြောင့် သူတို့ထိခိုက်မှုမများပေမယ့် အချို့တွေက ကိုယ့်ဘဝအခြေအနေကိုနားမလည်ဘဲ CDM လုပ်မယ်ဆိုရင် သူတို့အတွက် ထိခိုက်မှုပိုများနိုင်တာပေ့ါ။ CDM လုပ်သူတွေကို လစာပေးတဲ့ ပြည်သူတွေ ရှိတယ်တဲ့ဗျ။ အထိုက်အလျောက်တော့ ပေးနေကြတယ်ထင်ပါရဲ့။ ဒါပေမယ့် ခင်ဗျားပဲ စဉ်းစားကြည့်လေဗျာ။ ရေရှည်မှာနေစရာ၊ စားစရာ အခက်အခဲဖြစ်လာရင်၊ မိသားစုကိုပါ ထိခိုက်လာရင် CDM ကို သူတို့ စိတ်နာကြမှာပေ့ါဗျာ"

"ကျွန်မကတော့ CDM လုပ်သူတွေက CDM မလုပ်သူတွေကိုလည်း စိတ်နာကြမယ်ထင်တာပဲ"

"ဒါလည်း သူတို့ခံစားချက်ပေ့ါ အပျိုကြီးရယ်။ လုပ်နိုင်သူက လုပ်ကြပေ့ါ။ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ၊ ဥပဒေအရကတော့ တာဝန်ကို လေးလေးစားစားနဲ့ ထမ်းဆောင်ခြင်းကသာ အမှန်တရားပဲပေ့ါ။ အခုပဲကြည့်လေ။ ဆေးရုံကဆရာဝန်တွေ CDM လုပ်လို့ လူနာတွေ အဖိတ်အစင်များနေရတယ်။ တပ်မတော်ဆေးရုံတွေက ကူညီပေးနေရတယ်။ ဆရာမတွေ CDM လုပ်တော့ ကျောင်းသားတွေ ထိခိုက်မယ်။ ဘဏ်ဝန်ထမ်းတွေ CDM လုပ်ရင် ပြည်သူနဲ့ လခစားတွေ ထိခိုက်မယ်။ အစိုးရဌာနအသီးသီးက ဝန်ထမ်းတွေ CDM လုပ်ကြရင် အလုပ်အကိုင်နှောင့်နှေးကုန်ပြီး ထိခိုက်မှာက ပြည်သူတွေပဲ မဟုတ်ဘူးလားဗျာ။ အချိန်တန်တော့ အမှန်တရားကို မြင်ရမှာပဲလေ"

"ဆက်ပြောရရင် CDM လုပ်တာက အစိုးရကို မထိခိုက်ဘူးဗျ။ ပြည်သူပဲနစ်နာတာ။ ဒါကြောင့် ကျွန်တော်ကတော့ CDM လုပ်တာကို မကြိုက်ဘူးဗျာ။ CDM တော့ မလုပ်ပါဘူး၊ ခြံစည်းရိုးခွထိုင်ပြီး ဘေးဘုထိုင်ပြော၊ လစာယူ၊ ရုံးတွင်းမငြိမ်မသက်ဖြစ်အောင်လုပ်သူတွေရှိလာမှာကိုလည်း မကြိုက်ဘူးဗျာ။ ဒါကြောင့်စိတ်တွေကိုပါပြင်ရမှာ။ ဘယ်လို ပြင်ရမလဲဆိုရင် "ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါသည်"ဆိုတဲ့ ဝန်ထမ်းစည်းကမ်းရဲ့ ပထမဆုံးအချက်ကို နှလုံးသွင်းပြီး နေထိုင်ကြရမှာပေ့ါဗျာ"

"ဟုတ်ပါပြီရှင့်။ ရှင့်ကိုကြည့်ရတာ လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းကြီးကျနေတာပဲ။ တော်တော်ကို တတ်နေတာ"

"ကျွန်တော်သာ နိုင်ငံ့ဝန်ထမ်းဆိုရင်ကော မစာဥက CDM လုပ်စေချင်သလား၊ မလုပ်စေချင်ဘူးလား"

"အို... ကျွန်မက ဆုံးဖြတ်ပေးလို့ရမလား။ ဒါပေမယ့် ကိုယ့်မိတ်ဆွေ လမ်းကြောင်းမှန်မှန် လျှောက်တာတော့မြင်ချင်တယ်။ CDM မလုပ်နဲ့ပေ့ါရှင်"

ကိုသံချောင်းရင်ထဲ စစ်ဘင်ခရာအဖွဲ့ ချီတက်လာသလို တဒုန်းဒုန်းမြည်လာမိ၏။ မိမိအချစ်ရေးရောင်နီသမ်းသလို ပြည်ထောင်စုကြီးလည်း အေးချမ်းသာယာဝပြော စေလိုပါသည်ဟု ကိုသံချောင်းတစ်ယောက် ဆုတောင်းနေမိပါတော့သည်။ ။

# ဂျပန်နိုင်ငံရှိ ခရိုင်ခြောက်ခု၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ပြန်လည်ရုပ်သိမ်း

**အိုဆာကာ မတ် ၂**

ဂျပန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေ တိုးတက်ကောင်းမွန်လာသည့်အတွက် တိုကျိုဒေသ၏ အပြင်ဘက် ခရိုင်ခြောက်ခုတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ချမှတ်ထားသည့် အရေးပေါ်အခြေအနေကို ယနေ့ ရုပ်သိမ်းလိုက်သည်။

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် နိုင်ငံအတွင်းရှိ ခရိုင် ၁၀ ခုတွင် မတ် ၇ ရက်အထိ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် အိချိ၊ ဂီဖူ၊ အိုဆာကာ၊ ကျိုတို၊ ဟိုရိုဂိုနှင့် ဖူကူအိုကာ အစရှိသည့် ခရိုင်ခြောက်ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အခြေအနေ တိုးတက်ကောင်းမွန်လာသည့်အတွက် အရေးပေါ်အခြေအနေကို သတ်မှတ်ထားသည့် မတ် ၇ ရက်မတိုင်မီ ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် ဂျပန်အစိုးရသည် ကျန်ရှိသော တိုကျို၊ ချီဘာ၊ ကာနာဂါဝါနှင့် ဆိုင်တမာစသည့် ခရိုင်လေးခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အခြေအနေ တိုးတက်ကောင်းမွန်မှုလက္ခဏာကို နောက်ထပ်စောင့်ကြည့်ရမည်ဖြစ်သည်။

အဆိုပါ ခရိုင်ခြောက်ခုတွင် စားသောက်ဆိုင်များနှင့် အဖျော်ယမကာဆိုင်များကို ဒေသစံတော်ချိန် ည ၉ နာရီအထိ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ၏ ဆိုးကျိုးကြောင့် အိမ်ထောင်စုအသုံးစရိတ်ထိုးကျမှုနှင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လည်ပတ်မှု မရှိခြင်းများက ရိုက်ခတ်ခဲ့သည့် နိုင်ငံတော်စီးပွားရေးကို ပြန်လည်အသက်သွင်းရန် ဗဟိုအစိုးရက ကြိုးပမ်းလုပ်ဆောင်နေစဉ် ဂျပန်အစိုးရအနေဖြင့် ယခုကဲ့သို့ အရေးပေါ်အခြေအနေကို တစ်စိတ်တစ်ပိုင်း ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အစိုးရအကြံပေးအဖွဲ့သည် ဂျပန်နိုင်ငံအတွင်း ရောဂါလက္ခဏာပြင်းထန်သော သက်ကြီးပိုင်း ကိုဗစ်-၁၉ ရောဂါ လူနာဦးရေ ဆက်လက်မြင့်မားလာသည်ကို ထောက်ပြခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်ဆူဂါသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ကနဦးက တိုကျိုဒေသတွင် ဖေဖော်ဝါရီ ၇ ရက်အထိ အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာလိုက်သည်။




သို့သော် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ဆက်လက်ထိန်းချုပ်ရန် လိုအပ်သေးသည့်အတွက် အဆိုပါ အရေးပေါ်အခြေအနေကို ခရိုင် ၁၁ ခုတွင် မတ် ၇ ရက်အထိ တိုးချဲ့ချမှတ်လိုက်သည်။ သို့သော် တိုချီဂီခရိုင်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသက်သာလာသည့်အတွက် အရေးပေါ်အခြေအနေကို မကြာသေးမီက ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ကိုးကား - ကျိုဒိုနယူးစ်**
**ဘာသာပြန် - ဂျေတီ**

# တရုတ်နိုင်ငံက လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် အီရတ်လက်ခံရရှိ

**ဘဂ္ဂဒက် မတ် ၂**

တရုတ်နိုင်ငံမှ လှူဒါန်းထားသော ပထမအသုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၅၀၀၀၀ ခန့်သည် အီရတ်နိုင်ငံသို့ ယနေ့အစောပိုင်းက ရောက်ရှိလာခဲ့ရာ အီရတ်အစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆိုက်ဖ်အယ်လ်ဘာဒါက သတင်းထောက်များအား ပြောကြားသည်။



နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ယနေ့မှစ၍ မြို့တော်ဘဂ္ဂဒက်ရှိ ဆေးရုံသုံးခုတွင် ပြုလုပ်မည်ဖြစ်သလို အခြားပြည်နယ်တချို့တွင်လည်း ပြုလုပ်ဖွယ်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူဘာဒါက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေနောက်ထပ် နှစ်သန်းခန့်ဝယ်ယူရန် အီရတ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း ကြေညာလိုက်သည်။ သို့သော် အီရတ်ကျန်းမာရေးဝန်ကြီးဌာနသည် ကာကွယ်ဆေးအတွက် ငွေကြေးပေးချေရမည့် နေ့ရက်နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြမထားကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ထိရောက်မှု ၇၂ ဒသမ ၅၁ ရာခိုင်နှုန်းရှိပြီး အမေရိကန်နှင့် ဂျာမနီဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် အမေရိကန်ဆေးဝါးကုမ္ပဏီထုတ် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ၉၅ ရာခိုင်နှုန်းနှင့် ၉၄ ဒသမ ၅ ရာခိုင်နှုန်းစသည်ဖြင့် အသီးသီးထိရောက်မှုရှိကြောင်း သိရသည်။

အီရတ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ကြီးရွယ်အိုများကို ပထမဦးစားပေးအနေဖြင့် အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အီရတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်ခံရသူ ၃၀၀၀ ကျော်နှုန်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။ အီရတ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရုံးပိတ်ရက်များမှအပ ကြားရက်များတွင် ညမထွက်ရအမိန့် ထုတ်ပြန်ကြေညာထားပြီး သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် နှာခေါင်းစည်းများအား မဖြစ်မနေတပ်ဆင်ခြင်းနှင့်အတူ အသွားအလာအပြည့်အဝကန့်သတ်ထားသည်။

အီရတ်နိုင်ငံရှိ တချို့အရာရှိများသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီးဖြစ်သည်။ တရုတ်နိုင်ငံ၌ အီရတ်နှင့် တရုတ်တာဝန်ရှိသူတို့အကြား လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်အရ တရုတ်အစိုးရက အီရတ်ထိပ်တန်းနိုင်ငံရေးသမားများနှင့် အစိုးရအရာရှိကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀၀၀ ခန့် လက်ဆောင်ပေးခဲ့ကြောင်း အီရတ်အရာရှိများက ပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# ချီလီနိုင်ငံ၌ တစ်နှစ်ကျော်ကြာ ပိတ်ထားသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**စန်တီယာဂို မတ် ၂**

ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် ချီလီနိုင်ငံ၌ တစ်နှစ်ကျော်ကြာ ပိတ်ထားခဲ့သည့် စာသင်ကျောင်းများကို မတ် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ချီလီနိုင်ငံ၏ ၂၀၂၁ ပညာသင်နှစ်သည် မတ် ၁ ရက်တွင် စတင်ခဲ့ရာ ချီလီသမ္မတ ဆက်ဘက်စတင်ပင်န်ဟားကပင် စတင်ဖွင့်လှစ်ခဲ့သည်။

ကျောင်းသားများနှင့် ဆရာမများ မျက်နှာချင်းဆိုင်သင်ကြားမှုသည် အခြေခံလိုအပ်ချက်ဖြစ်ပြီး မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုကို လုပ်ဆောင်ခဲ့ပြီး ယင်းလုပ်ငန်းသည် ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း စန်တီယာဂိုမြို့တော်ဒေသမှ စာသင်ကျောင်းတစ်ကျောင်း ဖွင့်ပွဲတွင် သမ္မတက ပြောကြားခဲ့သည်။

စာသင်ခန်းများ ပြန်လည်အသုံးပြုကာ ဆရာနှင့် ကျောင်းသားများ မျက်နှာချင်းဆိုင်သင်ကြားမှုများ ပြုလုပ်နိုင်ရေးအတွက် ချီလီအစိုးရက ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ရာတွင် လွန်ခဲ့သည့်ရက်သတ္တပတ်များအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ပမာဏကြီးမားစွာ လုပ်ဆောင်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးလုပ်ငန်းကို ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၃ ဒသမ ၃ သန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ ယင်းသို့ ထိုးနှံပေးခဲ့သော ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးများ၌ တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ အများစုဖြစ်သည်။ ချီလီနိုင်ငံမှ ကျောင်းဆရာနှင့် ပညာရေးဝန်ထမ်းဦးရေ ၅၁၃၀၀၀ အနက်မှ ထက်ဝက်ကျော်မှာ လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်အတွင်းကပင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခဲ့ပြီးဖြစ်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

# တူရကီနိုင်ငံရှိ ကိုဗစ်-၁၉ရောဂါကူးစက်ဖြစ်ပွားမှု အလယ်အလတ်နှင့် နည်းပါးသောပြည်နယ်များတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**အစ္စတန်ဘူလ် မတ် ၂**

တူရကီနိုင်ငံရှိ ကိုဗစ်-၁၉ရောဂါကူးစက်ဖြစ်ပွားမှု အလယ်အလတ်နှင့် နည်းပါးသောပြည်နယ်များတွင် ကျောင်းများကို ယနေ့ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူအရေအတွက် အလယ်အလတ်နှင့် အနည်းငယ်သာရှိသော ပြည်နယ်များတွင် ကျောင်းသားများကိုယ်တိုင် တက်ရောက်သင်ကြားသည့်စနစ်ဖြင့် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

နိုင်ငံအတွင်းရှိ ပြည်နယ် ၈၁ ခုကို ပြည်နယ်အလိုက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းနှင့် ကာကွယ်ဆေးထိုးနှံသည့် အစီအစဉ်ပေါ်မူတည်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနည်းပါးသောဒေသ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အလယ်အလတ်ရှိသောဒေသ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမြင့်မားသောဒေသနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အလွန်မြင့်မားသောဒေသများအဖြစ် သတ်မှတ်ထားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီလလယ်မှစတင်ခဲ့ပြီး ထိုအစီအစဉ် ဆောင်ရွက်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၉ ဒသမ ၁ သန်းကို နိုင်ငံအတွင်း ဖြန့်ဖြူးခဲ့သည်။ နိုင်ငံသား ခုနစ်သန်းမှာ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးစီးခဲ့ပြီး ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင် နိုင်ငံသား နှစ်သန်း ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးစီးခဲ့ပြီဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# သီရိလင်္ကာနိုင်ငံ၌ ပြည်သူငါးသိန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်



**ကိုလံဘို မတ် ၂**

သီရိလင်္ကာနိုင်ငံ၌ မတ် ၂ ရက်အထိ ပြည်သူငါးသိန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အချက်အလက်များအရ သိရသည်။

သီရိလင်္ကာနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၂၉ ရက်တွင် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများဖြင့်စတင်ခဲ့ပြီး လက်ရှိတွင် ကာကွယ်ဆေးထိုးနှံပြီးသူ ၅၀၉၂၇၅ ဦးရှိခဲ့ကြောင်း သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ဇန်နဝါရီလကုန်ပိုင်းတွင် အိန္ဒိယနိုင်ငံမှတစ်ဆင့် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ငါးသိန်းကို ကနဦးရရှိပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံသည် အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျူထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀ သန်း ဝယ်ယူထားသည့်အတွက် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ငါးသိန်းထပ်မံရရှိခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံလူဦးရေအများစုကို ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်လျက်ရှိကြောင်းနှင့် အဆိုပါကာကွယ်ဆေးများကိုလည်း အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရက ပြောကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အဆုံးသတ်နိုင်မည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

**ဂျီနီဗာ မတ် ၂**

၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအား အဆုံးသတ်မည်ဟု မျှော်လင့်ခြင်းသည် လက်တွေ့မကျသော မျှော်လင့်ချက်ပင်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ် ၁ ရက်တွင် သတိပေးလိုက်သည်။

"၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှု အဆုံးသတ်မယ်လို့ မျှော်လင့်တာဟာ ကျွန်တော့်အနေနဲ့ စောသေးတယ်လို့ ယူဆသလို မဖြစ်နိုင်သေးဘူးလို့လည်း ယူဆမိပါတယ်" ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေးအရေးပေါ်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာမိုက်ကယ်ရိုင်ယန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားလိုက်သည်။

"ဒါပေမယ့် ကျွန်တော်တို့သာ ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဒီကူးစက်ရောဂါနဲ့ ပတ်သက်လို့ ဆေးရုံတင်မှုတွေ၊ သေဆုံးမှုတွေနဲ့ ကြေကွဲဖွယ်ရာအဖြစ်ဆိုးတွေကိုတော့ အဆုံးသတ်နိုင်လိမ့်မယ်လို့ ယူဆမိပါတယ်" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

အလားတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သိပ္ပံပညာရှင်အကြီးအကဲ ဒေါက်တာကွန်မြာဆွာမီနသန်က COVAX အစီအစဉ်၏ ရည်မှန်းချက်ပန်းတိုင်မှာ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အဆုံးသတ်နိုင်ရေးပင်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဦးဆောင်သော COVAX အစီအစဉ်၏ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဖြန့်ဖြူးပြီး ကမ္ဘာ့ပြည်သူများအား ထိုးနှံပေးရန်ဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ကမ္ဘာတစ်ဝန်းသို့ သာတူညီမျှစွာ ဖြန့်ဖြူးပေးရာတွင် အလွန်ကြီးမားသော စိန်ခေါ်မှုတစ်ခုနှင့် ကြုံတွေ့နေဆဲပင်ဖြစ်ကြောင်း ရိုင်ယန်က ပြောကြားသည်။

"ကျွန်တော်တို့ဟာ အရင်ကထက် အများကြီးပိုကောင်းတဲ့ အနေအထားမှာ ရှိနေပါတယ်။ ဒါပေမယ့် အာမခံချက်တော့ မရှိသေးပါဘူး" ဟု ၎င်းက ထပ်မံပြောကြားသည်။

ကမ္ဘာကြီးက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရုန်းကန်လှုပ်ရှားနေသည့်အတိုင်း ယခုအခါ တချို့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အရေးပေါ်သုံးစွဲရန် အတည်ပြုထားသလို တချို့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကိုလည်း စတင်ဆောင်ရွက်လျက်ရှိကြသည်။

လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအမျိုးအစား ၂၅၆ မျိုး ထုတ်လုပ်လျက်ရှိပြီး ၎င်းတို့အနက် ကာကွယ်ဆေး ၇၄ မျိုးကို ဂျာမနီ၊ တရုတ်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတွင် အရေးပေါ်သုံးရန် စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ကျူးဘားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ငါးသောင်းကျော်ရှိ

**ဟာဗားနား မတ် ၂**

ကျူးဘားနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူ ၈၁၁ ဦးရှိပြီး ယင်းရောဂါဖြင့်သေဆုံးသူ နှစ်ဦးရှိကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် လက်တလောအချိန်ထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူဦးရေ ၅၀၅၉၀ နှင့် သေဆုံးသူဦးရေ ၃၂၄ ဦးရှိကြောင်း ကျူးဘားကျန်းမာရေးဝန်ကြီးဌာနက မတ် ၁ ရက်တွင် ပြောကြားသည်။

ကျူးဘားနိုင်ငံတွင် တစ်ရက်လျှင် ရောဂါကူးစက်ဖြစ်ပွားသူ ၈၀၄ ဦးအထိ ရှိပြီး လူမှုအသိုက်အဝန်းအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းသည် အလွန်မြင့်မားနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကူးစက်ရောဂါဆိုင်ရာဌာနညွှန်ကြားရေးမှူး ဖရန်စစ်စလိုဒူရန်က နေ့စဉ် ရုပ်မြင်သံကြား သတင်းထုတ်လွှင့်မှု၌ ပြောကြားသည်။

ကျူးဘားနိုင်ငံ၏မြို့တော် ဟာဗားနားသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု၏ ဗဟိုချက်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၇ ဦးရှိခဲ့သည်။ ထို့အတူ နိုင်ငံအနောက်ဘက်ပိုင်းရှိ ပီနာဒဲလ်ရီယိုနှင့် ကာမာဂွိုင်းပြည်နယ်တို့တွင် ရောဂါပိုးကူးစက်ခံရသူ ၈၅ ဦးနှင့် ၆၀ တို့ အသီးသီးရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလကတည်းကစ၍ ကျူးဘားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု တတိယလှိုင်းကိုခံစားနေရပြီး ရောဂါကူးစက်မှုအား နှိမ်နင်း ထိန်းချုပ်နိုင်ရေးအတွက် ကျူးဘားအာဏာပိုင်များက စာသင်ကျောင်းများခေတ္တပိတ်ခြင်း၊ ဟိုတယ်နှင့်အငှားအိမ်ရာများ၊ စားသောက်ဆိုင်များပိတ်ခြင်းတို့ကို ပြန်လည်လုပ်ဆောင်ခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

# လက်တင်အမေရိက၌ COVAX အစီအစဉ်မှ ကိုဗစ်ကာကွယ်ဆေး ကိုလံဘီယာနိုင်ငံ ပထမဆုံး လက်ခံရရှိ




**ဘိုဂိုတာ မတ် ၂**

ကိုလံဘီယာနိုင်ငံသည် ယမန်နေ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်သော COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလက်ခံရရှိခဲ့ရာ လက်တင် အမေရိကတွင် COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဆုံးလက်ခံရရှိခဲ့သည့်နိုင်ငံဖြစ်လာခဲ့သည်။ COVAX အစီအစဉ်သည် ဝင်ငွေနည်းပါးသော ကမ္ဘာ့နိုင်ငံများအတွက် ကာကွယ်ဆေးများ အခမဲ့ လက်လှမ်းမီရရှိပြီး ထိုးနှံပေးရေးအတွက် ဖွဲ့စည်းထားသော ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သည်။

"COVAX အစီအစဉ်မှ အခုလို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လက်ခံရရှိတာဟာ ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးပါတဲ့ သမိုင်းမှတ်တိုင်တစ်ခုပဲဖြစ်ပါတယ်" ဟု ကိုလံဘီယာသမ္မတ အီဗန်ဒူကေးက ပြောကြားသည်။

လက်ရှိအချိန်အထိ လက်တင်အမေရိကနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း သန်း ၅၀ ကျော်ရှိပြီး ၎င်းတို့အနက် ၁ ဒသမ ၂ သန်းသည် ထိုရောဂါဖြင့်သေဆုံးခဲ့ရာ ယခုအခါ လက်တင်အမေရိကသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်လျက်ရှိသော ဒေသတစ်ခုဖြစ်လာခဲ့ကြောင်း လက်တင်အမေရိက ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သည့်ကြေညာချက်အရ သိရသည်။ ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် လက်တင်အမေရိကအနေဖြင့် ဒေသအတွင်းရှိ ပြည်သူသန်း ၇၀၀ ခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် လိုအပ်သည်။

သို့သော် လက်တင်အမေရိကတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိမှု အခြေအနေ အလွန်နည်းပါးသည့်အတွက် မကြာမီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအများအပြားရရှိနိုင်ရေးအတွက် လက်တင်အမေရိက ကျန်းမာရေးအဖွဲ့က ဒေသတွင်းရှိနိုင်ငံများအား ဆက်လက်ကူညီ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း လက်တင်အမေရိက ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကာရစ်ဆာအီတီးယန်းက ပြောကြားသည်။ COVAX အစီအစဉ်သည် ၎င်း၏ ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ပြီးခဲ့သည့်သီတင်းပတ်က ဂါနာနှင့် အိုင်ဗရီကို့စ်နိုင်ငံများသို့ ဖြန့်ဖြူးပေးခဲ့သည်။

ကိုလံဘီယာနိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီနှင့် ဂျာမန်ဆေးဝါးကုမ္ပဏီ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၁၇၀၀၀ ခန့်ကို ပထမအသုတ်အဖြစ် လက်ခံရရှိခဲ့ပြီးဖြစ်သည်။


လက်ရှိအချိန်အထိ ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၂၅ သန်းကျော်ရှိပြီး ယင်းတို့အနက် ၆၀၀၀၀ နီးပါးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ရာ ယခုအခါ ကိုလံဘီယာနိုင်ငံသည် လက်တင်အမေရိက၌ ဘရာဇီးနိုင်ငံပြီးလျှင် ကိုဗစ်-၁၉ ရောဂါ ဒုတိယအဆိုးဆုံး ထိခိုက်လျက်ရှိသည့်နိုင်ငံ ဖြစ်လာခဲ့သည်။

ကိုလံဘီယာအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ပြီးခဲ့သည့်သီတင်းပတ် နှစ်ပတ်ခန့်က စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၃၀၀၀၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

COVAX အစီအစဉ်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်လှမ်းမီရရှိရေးအတွက် တစ်လပြီးတစ်လ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် လက်တင်အမေရိကနှင့် အာရစ်ဘီယံဒေသသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေသန်း ၂၈၀ ခန့် ရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း လက်တင်အမေရိက ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ထို့အပြင် လက်တင်အမေရိကနိုင်ငံများသည် ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စက်ရုံများမှ ကာကွယ်ဆေးအလုံးရေသန်းနှင့်ချီ၍ ဝယ်ယူရန် မှာယူထားကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# သီတင်းပတ်ခုနစ်ပတ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်ခဲ့ဟုဆို




**ဇူးရစ်ချ် မတ် ၂**

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် သီတင်းပတ်ခုနစ်ပတ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက သိသိသာသာမြင့်လာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ် ၁ ရက်တွင် ပြောကြားခဲ့သည်။

**တိုက်တွန်း**

ယင်းသို့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်ခြင်းကို စိတ်ပျက်မိကြောင်း၊ သို့ရာတွင် အံ့သြစရာမဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂါဘရီယီးဆပ်က ပြောကြားခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရန်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို လျှော့ချခြင်းမပြုရန်လည်း နိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က တိုက်တွန်းပြောကြားသည်။

ကမ္ဘာ့နိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို စွန့်လွှတ်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များပေါ်တွင် လုံးဝမှီခိုရန်မှာမူ စောလွန်းနေသေးကြောင်း ဂါဘရီယီးဆပ်က ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုသာ အားကိုးနေမည်ဆိုပါက မှားယွင်းသည့် လုပ်ဆောင်ချက်တစ်ရပ်ကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ပထမဆုံးအကြိမ် ထောက်ပံ့ပေးခဲ့**

ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးအစီအစဉ် COVAX က ထောက်ပံ့သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဖြင့် ကာကွယ်ဆေးထိုးနှံရေး စတင်နိုင်ရန်အတွက် မတ် ၁ ရက်တွင် ဂါနာနိုင်ငံနှင့် အိုင်ဗရီကို့စ်နိုင်ငံတို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဆုံးအကြိမ် ထောက်ပံ့ပေးခဲ့ပါကြောင်းနှင့် ယင်း COVAX အစီအစဉ်သည် ဆင်းရဲသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂါဘရီယီးဆပ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၁၂ သန်းကျော်ရှိလာ



**နယူးဒေလီ မတ် ၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၂၈၆ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁၁၂၄၅၂၇ ဦးရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၁ ဦးရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၅၇၂၄၈ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသောကြောင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၀၇၉၈၉၂၁ ဦးအထိ ရှိလာခဲ့သဖြင့် ပိုးတွေ့ဆဲလူနာအရေအတွက်မှာ ၁၆၈၃၅၈ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် ကျန်းမာရေးဝန်ထမ်းများအား ထိုးနှံပေးခြင်းဖြင့် စတင်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁၅ သန်းနီးပါးရှိသွားပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ မတ် ၁ ရက်အထိ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်ပြီးသူ ၂၁၇၆၁၈၀၅၇ ဦးရှိသွားပြီဖြစ်ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီက မတ် ၂ ရက်တွင် ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၁၅၀၈၂၂၁၅ ဦး | ၂၅၅၂၇၀ ဦး | ၉၀၈၀၁၄၂၀ ဦး |

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၆၇ဦးကို ယနေ့ထပ်မံတွေ့ရှိ

**မနီလာ မတ် ၂**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၆၇ ဦးကို ယနေ့ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅၈၀၄၄၂ ဦး ရှိလာခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၃၆၉ ဦးရှိလာပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၃၄၄၆၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ယမန်နေ့က စတင်ဆောင်ရွက်ခဲ့သည်။ ယခုဆောင်ရွက်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံသည့်အစီအစဉ်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဟယ်ရီရူကူးက ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံ ပြည်သူ့ဆေးရုံကြီးမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဂျီရာဒိုလက်စက် ဂတ်စ်စပီကိုယ်တိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူနေပုံကို တွေ့ရှိခဲ့ရသဖြင့် နိုင်ငံသားများ ပျော်ရွှင်နေကြသည်ကို မြင်တွေ့ခဲ့ရကြောင်း ဟယ်ရီရူကူးက ရုပ်မြင်သံကြားမှတစ်ဆင့်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



“ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခွင့်ရရှိပြီး ရောဂါကူးစက်နိုင်မည့်ဘေးမှ မိမိကိုယ်ကို ကာကွယ်နိုင်တာကို ဝမ်းသာနေကြပါတယ်”ဟု ၎င်းကပြောကြားသည်။ “ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေးဝန်ထမ်းတွေကို အခုလို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့တာဟာ ဂုဏ်ယူဖွယ်ကောင်းပြီး သမိုင်းဝင်တဲ့ ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်”ဟု ရူကူးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ Sinovac ကုမ္ပဏီမှ ထုတ်လုပ်သော CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ရရှိခဲ့ခြင်းသည် အလွန်ကျေနပ်ဖွယ်ကောင်းကြောင်း ကျန်းမာရေးဝန်ကြီး ဖရန်စစ်ရူကူးက ပြောကြားသည်။ ယမန်နေ့က မက်ထရိုမနီလာဒေသရှိ ဆေးရုံခြောက်ရုံတွင် ဖိလစ်ပိုင်နိုင်ငံသား ၇၅၆ ဦးကို CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခဲ့ကြောင်းနှင့် ယနေ့တွင်လည်း ဆေးရုံ ၁၂ ရုံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ချိပေးခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသရှိ ဆေးရုံများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖြန့်ချိပေးနိုင်ရန် အစိုးရက ဆောင်ရွက်နေကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် ဆင်းရဲချို့တဲ့သူများအား ဦးစားပေးထိုးနှံပေးရန်ရည်ရွယ်ထားပြီး ယခုနှစ်အတွင်း နိုင်ငံသားအရေအတွက် သန်း ၇၀ ကို ကာကွယ်ဆေးထိုးနှံပေးရန်စီစဉ်ထားကြောင်း သိရသည်။ မိမိတို့အနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကင်းစင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဒယ်ပင်လော်ရန်ဇီနာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

COVID-19
ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့
လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။



#LETSBEATCOVIDTOGETHER






အိုက်ခမ်း၊ အိုက်ဦးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## တန့်ယန်းနှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်  မတ်  ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် နံနက် ၁၀ နာရီတွင် တန့်ယန်းမြို့နယ် ဝိန်းမန် ကျေးရွာအုပ်စု တာကော်အက်ကျေးရွာအနီး တာကော်အက်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အိုက်ခမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၇ ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် အဆိုပါနေရာ၌ပင် အိုက်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၈ ကီလိုတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် (၈၀/၄)အနီးတွင် ရှောက်ချိန် မောင်းနှင်ပြီး ရန်ကျင်း လိုက်ပါလာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၁၂ ဒသမ ၄၇ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မိုင်းဖြတ်၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာမှ နှစ်ဦးသေဆုံး

**မိုင်းဖြတ်  မတ်  ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ယမန်နေ့ ညနေ ၃နာရီ ၄၅ မိနစ်ခန့်က ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ် ဆွတ်ပန်းရွာနှင့် ဆိုက်ခေါင်ရွာကြားတွင် ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားရာ အမျိုးသားနှစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းဖြတ်မှ တာချီလိတ်သို့ ယာဉ်မောင်း အားဖာ တာချီလိတ်မြို့နေသူမောင်းနှင်ပြီး ဦးမောယာ၊ ဦးအာခန့်နှင့် မအားပါ တာချီလိတ်မြို့နေသူတို့ လိုက်ပါလာသော Vigo ယာဉ်နှင့် တာချီလိတ်မှ မိုင်းဖြတ်သို့ ယာဉ်မောင်း အောင်ကိုမင်းနိုင် ရန်မျိုးအောင် ရပ်ကွက် မိတ္ထီလာမြို့နေသူ မောင်းနှင်လာသော ၁၂ ဘီးယာဉ်တို့ ပြည်ထောင်စုမကြီးပေါ်တွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး Vigo ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဦးမောယာနှင့် ဦးအာခန့်တို့မှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး မအားပါတွင် ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အားဖာ တာချီလိတ်မြို့နေသူနှင့် အောင်ကိုမင်းနိုင် မိတ္ထီလာမြို့နေသူတို့အား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ကန်ကြီးထောင့်မြို့၌ နေအိမ်နှစ်လုံး မီးလောင်

**ကန်ကြီးထောင့်  မတ်  ၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ အမှတ် ၁ ရပ်ကွက် မင်းကုန်းပိုင်းလမ်း၌ ယမန်နေ့ ည ၉ နာရီ ၁၀ မိနစ်ခန့်က ဆေးလိပ်မီးမှတစ်ဆင့် အိပ်ရာအားမီးကူးစက်လောင်ကျွမ်းခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ယာယီရဲမှူး ထွန်းထွန်းနိုင် ဦးဆောင်သောအဖွဲ့နှင့် ပြည်သူများက မီးငြှိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ကြရာ ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်းနှင့် ဦးတင်အောင်စိုးအား ကန်ကြီးထောင့်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥပဒေရေးရာ သိမှတ်စရာ(၂)

ဦးရွှေနေ

**ရာဇသတ်ကြီးနှင့် ရာဇဝတ်ကျင့်ထုံး**

ရာဇသတ်ကြီးနှင့်ရာဇဝတ်ကျင့်ထုံးအကြောင်း အများနားလည်အောင် သိမှတ်စရာ(၁)အဖြစ် ရေးသားတင်ဆက်ခဲ့ပြီးပါပြီ။ ယခုဆက်လက်၍ သိမှတ်စရာ(၂) အဖြစ် ရိုးရိုးရှင်းရှင်း ရေးသားတင်ပြပါရစေ။ ရွှေနေအရေးအသားများ (တတ်နိုင်သမျှ) ရှောင်ရှားပြီး အများနားလည်အောင် ပေ့ါပေ့ါပါးပါး ကြိုးစားတင်ဆက်ပါမည်။ မရှင်းလင်းသည်များပါရှိခဲ့လျှင် သတင်းစာတိုက်သို့ ပေးစာများ ပေးပို့မေးမြန်းပါ။ ပြန်လည်ရှင်းလင်းဆွေးနွေးပေးပါမည်။

**ရာဇသတ်ကြီး ပုဒ်မ ၁၄၅ အကြောင်း**

**အဓိပ္ပာယ်**

လူစုခွဲရန် အမိန့်ပေးပြီးကြောင်း သိပါလျက် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေး၌ ပါဝင်ခြင်း (သို့မဟုတ်) ဆက်လက်ပါဝင်နေခြင်းဟု အဓိပ္ပာယ်ရသည်။

**ပြဋ္ဌာန်းချက်**

မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် ဥပဒေပြဋ္ဌာန်းသည့် နည်းလမ်းအတိုင်း အမိန့်ပေးပြီးကြောင်း သိပါလျက် ထိုအစုအဝေးတွင် ပါဝင်သူဖြစ်လျှင် (သို့မဟုတ်) ဆက်လက်ပါဝင်နေသူဖြစ်လျှင် ထိုသူကို နှစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အနှစ်သာရ**

ပုဒ်မ ၁၄၅ ၏ အနှစ်သာရမှာ လူစုခွဲရန် အမိန့်ပေးပြီးကြောင်း သိလျက်နှင့် ဆက်လက်ပါဝင်နေသူအတွက် ပြစ်ဒဏ်ဖြစ်ပေသည်။

**ရာဇဝတ်ကျင့်ထုံး ဇယား – ၂**

- ပုဒ်မ ၁၄၅ မှာ ရဲအရေးပိုင်ပါသည်။
- ဦးစွာဝရမ်းထုတ်ဆင့်ဖမ်းဆီးနိုင်ပါသည်။
- အာမခံပေးရမည်။
- ကျေအေးခွင့်မရှိပါ။
- မည်သည့်တရားသူကြီးကမဆို စစ်ဆေးစီရင်နိုင်ပါသည်။
- ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် ၁၆/၂၀၁၆ ကို ရည်ညွှန်းလျက် ရေးသားတင်ပြခြင်းဖြစ်ပါသည်။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ဥပဒေပြင်ဆင်ချက်များနှင့် (လိုအပ်ပါက) တိုက်ဆိုင်လေ့လာဖတ်ရှုနိုင်ပါကြောင်း ကောက်နုတ်တင်ပြအကြံပြုအပ်ပါသည်။

**ရုန်းရင်းဆန်ခတ်မှု (RIOTING)**

**အဓိပ္ပာယ်**

ရုန်းရင်းဆန်ခတ်မှု ဆိုသည်မှာ –

ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကသော်လည်းကောင်း၊ ထိုအစုအဝေးတွင် ပါဝင်သူ တစ်ဦးဦးကသော်လည်းကောင်း၊ တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ အနိုင်အထက် ပြုလုပ်လျှင် (သို့မဟုတ်) သောင်းကျန်းလျှင်၊ ထိုအစုအဝေးတွင် ပါဝင်သူတိုင်းသည် ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်သည်မည်၏။

**ပုဒ်မ ၁၄၆၊ အနှစ်သာရ**

ဤပုဒ်မမှာ–

ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတစ်ဦးဦးက အနိုင်အထက် ပြုမှု၊ သောင်းကျန်းမှုမှာ ရုန်းရင်းဆန်ခတ်မှု ကျူးလွန်ကြောင်း ဖွင့်ဆိုချက်ဖြစ်ပေသည်။

**ရုန်းရင်းဆန်ခတ်မှုအတွက် ပြစ်ဒဏ်**

**ပုဒ်မ ၁၄၇**

မည်သူမဆို ရုန်းရင်းဆန်ခတ်မှု ကျူးလွန်လျှင် ထိုသူကို နှစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ပါသည်။

**စစ်အုပ်ချုပ်ရေးကြေညာချိန်**

နိုင်ငံတော်ကောင်စီ၏ ၁၁–၁၂–၁၉၇၄ ရက်စွဲပါ ကြေညာချက်အမှတ် (၄) ဖြင့်၊ ရန်ကုန်တိုင်း စစ်အုပ်ချုပ်ရေး အမိန့်အမှတ် (၁) ပါ အထူးခုံရုံးများက ပြစ်မှုများကို အကျဉ်းနည်းဖြင့် စစ်ဆေးပြီး၊ အနည်းဆုံး ထောင်ဒဏ် (၃)နှစ်ချမှတ်ရမည်ဖြစ်ကြောင်း ကြေညာခဲ့ဖူးသည်။ ထိုကြေညာချက်အရ ရာဇသတ်ကြီး ပုဒ်မ ၁၄၃ ကဲ့သို့ အများဆုံး ထောင်ဒဏ် (၆) လအထိသာ ချမှတ်နိုင်သော်လည်း စစ်အုပ်ချုပ်ရေးအမိန့်အရ အနည်းဆုံးထောင်ဒဏ် (၃)နှစ် ချမှတ်နိုင်ပြီး ပြစ်မှု (၃) ရပ်အတွက် ထောင်ဒဏ် (၇) နှစ်ချမှတ်ထားခြင်းမှာ မှားယွင်းမှုမရှိဟု ဦးကျော်လင်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ၁၉၇၈၊ မတစ၊ ရုံးချုပ်၊ ၆ တွင် စီရင်ထုံးရှိခဲ့ဖူးလေသည်။ သတိပြုစရာဖြစ်ပေသည်။

**ထိုစီရင်ထုံးနမူနာ**

ထိုစီရင်ထုံးနမူနာကို လေ့လာသုံးသပ်ရလျှင် စစ်အုပ်ချုပ်ရေးအမိန့်သည် မူလဥပဒေ ပြဋ္ဌာန်းချက်ကို ပြင်ဆင်တိုးချဲ့နိုင်ကြောင်း သတိမူစရာဖြစ်ပါသည်။ လေ့လာမှတ်သားစရာလည်း ဖြစ်ပေသည်။ ခေတ်ကာလအခြေအနေပေါ် မူတည်ကျင့်သုံးတတ်ပေသည်။

**ရာဇသတ်ကြီးပုဒ်မ ၁၅၂**

**အဓိပ္ပာယ်**

ရုန်းရင်းဆန်ခတ်စသည်တို့ကို နှိမ်နင်းနေသော ပြည်သူ့ဝန်ထမ်းကို လက်ရောက်မှုပြုခြင်း (သို့မဟုတ်) ဟန့်တားခြင်းဟု အဓိပ္ပာယ်ရပေသည်။

**ပြဋ္ဌာန်းချက်**

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ်ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် ကြိုးပမ်းနေသော (သို့မဟုတ်) ရုန်းရင်းဆန်ခတ်မှုကိုဖြစ်စေ၊ သတ်ပုတ်နှောင့်ယှက်မှုကို ဖြစ်စေ၊ နှိမ်နင်းရန် ကြိုးပမ်းနေသော ပြည်သူ့ဝန်ထမ်းကို မည်သူမဆို လက်ရောက်မှုပြုလျှင် (သို့မဟုတ်) လက်ရောက်မှုပြုရန် ခြိမ်းခြောက်လျှင် (သို့မဟုတ်) ဟန့်တားလျှင် (သို့မဟုတ်) ဟန့်တားရန်အားထုတ်လျှင် (သို့မဟုတ်) ထိုပြည်သူ့ဝန်ထမ်းကို ရာဇဝတ်မကင်းသော အနိုင်အထက်ပြုလျှင် (သို့မဟုတ်) ထိုသို့ပြုရန်အားထုတ်လျှင် (သို့မဟုတ်) ထိုသို့ပြုရန် ခြိမ်းခြောက်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ရာဇဝတ်ကျင့်ထုံးဇယား–၂**

- ပုဒ်မ ၁၅၂ သည် ရဲအရေးပိုင်ပါသည်။
- ဦးစွာဝရမ်းထုတ်ဆင့် ဖမ်းဆီးနိုင်သည်။
- အာမခံပေးရမည်။
- ကျေအေးခွင့်မရှိ။
- ခရိုင်တရားရုံးကဖြစ်စေ၊ ပထမတန်း အာဏာရ တရားသူကြီး (သို့မဟုတ်) ဒုတိယတန်း အာဏာရ တရားသူကြီးကဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
- ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် ၁၆/၂၀၁၆ ကို ရည်ညွှန်းလျက် တင်ပြခြင်းဖြစ်ပေသည်။
- ယနေ့ကာလတွင် (ဥပဒေ ပြင်ဆင်ချက်များ ရှိခဲ့လျှင်) ယှဉ်တွဲဖတ်ရှုရန် ဖြစ်ပေသည်။

**ရာဇသတ်ကြီး ပုဒ်မ ၁၅၃ အဓိပ္ပာယ်**

ရန်စခြင်းဖြင့် ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရန် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ရန်စခြင်းဖြင့် ထိုပြစ်မှုကို ကျူးလွန်တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ မည်သူမဆိုဘေးသင့်စေလိုသော သဘောဖြင့်ဖြစ်စေ၊ ရမ်းကားလိုသော သဘောဖြင့်ဖြစ်စေ၊ ဥပဒေနှင့်မညီသော အရာတစ်ခုကို ပြုခြင်းအားဖြင့် တစ်ဦးတစ်ယောက်သောသူကို ရန်စလျှင် ထိုသို့ရန်စခြင်းကြောင့်–

**ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်ခဲ့သော်**

ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်ခဲ့သော် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**မကျူးလွန်ခဲ့သော်**

ရုန်းရင်းဆန်ခတ်မှုကို မကျူးလွန်ခဲ့သော် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ရာဇဝတ်ကျင့်ထုံးဇယား –၂**

- ပုဒ်မ ၁၅၃ မှာ ရဲအရေးပိုင်သည်။
- ရုန်းရင်းဆန်ခတ်မှုကို ကျူးလွန်လျှင် ပုဒ်မ ၁၅၃ ပထမအပိုဒ်အရ ဝရမ်းထုတ်ဆင့် ဖမ်းဆီးနိုင်သည်။
- မကျူးလွန်လျှင် ဒုတိယအပိုဒ်အရ သမ္မန်စာ ထုတ်ဆင့်ရသည်။
- ထိုပထမပိုဒ်နှင့် ဒုတိယပိုဒ်တို့အရ အာမခံပေးရမည်။
- ကျေအေးခွင့်မရှိ။
- မည်သည့်တရားသူကြီးကမဆို စစ်ဆေးစီရင်နိုင်သည်။
- ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် ၁၆/၂၀၁၆ ကို ရည်ညွှန်း တင်ပြခြင်း ဖြစ်ပါသည်။

**လေ့လာစရာတရားစီရင်ထုံး**

"လျှောက်ထားသူ ခေါင်းဆောင်သည့် ဆန္ဒပြကျောင်းသားများအား ဒုတိယပညာဝန်နှင့် တိုင်းတာဝန်ခံတို့က အိမ်ပြန်ကြရန် မေတ္တာရပ်ခံသည်။ သို့သော်လည်း လိုအပ်ချက်များ မရမချင်း အိမ်မပြန်ဟုဆိုကာ ကျောင်းအတွင်း ဆက်လက်ဆန္ဒပြမှု၊ ရုန်းရင်းဆန်ခတ်မှုပြုသည်။ ထိုကဲ့သို့ ရုန်းရင်းဆန်ခတ်မှုဖြစ်သည့် လက္ခဏာရှိကြောင်း သိရှိဆောင်ရွက်သဖြင့် မြန်မာလူထုကို ရန်ရှာခြင်း၊ ရန်စခြင်းပြုရာရောက်ပြီး ရုန်းရင်းဆန်ခတ်မှုဖြစ်ပေါ်လာသဖြင့် ပုဒ်မ ၁၃၅၊ ပထမပိုဒ်အရ ပြစ်မှုကျူးလွန်သည်ဟု ယူဆရန်ရှိသည်" ဟု မောင်ကျော်မြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု၊ ၁၉၆၈၊ မတစ၊ ရုံးချုပ်၊ စာ–၂၆၁ တွင် စီရင်ထုံးဖွဲ့ဆိုခဲ့ပေသည်။

ဥပဒေ ဗဟုသုတအဖြစ် လေ့လာနိုင်ပါသည်။ နမူနာယူစရာလည်းဖြစ်ပေသည်။

**ထိခိုက်နစ်နာမှုများ မဖြစ်ပွားစေချင်ပါ**

ဦးရွှေနေက ဤဆောင်းပါးများကို ဘာကြောင့် ရေးသားတင်ပြနေရပါသလဲ။ ရှင်းရှင်းလင်းလင်း၊ တိတိကျကျ ရေးရလျှင် ထိခိုက်နစ်နာမှုများ မဖြစ်ပွားစေချင်၍ပါပဲ။ ဥပဒေပြဋ္ဌာန်းချက်များကို အများသိစေချင်၍ပါပဲ။ ဥပဒေကို သိမှ၊ နားလည်မှ လိုက်နာကြမှာပါ။ သိအောင် နားလည်အောင် ဦးရွှေနေက ရေးပြ၊ ရှင်းပြတာပါ။ လက်ဆင့်ကမ်းတာပါ။ မျှဝေတာပါ။ ဥပဒေကိုမသိဟု ထုချေရုံနှင့် အပြစ်ကမလွတ်ပါ။ ထိခိုက်သွားလျှင်၊ နာကျင်သွားလျှင်၊ အပြစ်ရသွားလျှင် ဦးရွှေနေ စိတ်မကောင်းပါ။ မကြားရက်၊ မမြင်ရက်သော ကြေကွဲဖွယ်ရာများ မကြားမမြင်လိုပါ။ အေးအေးချမ်းချမ်း ဖြစ်စေချင်ပါသည်။ တည်တည်ငြိမ်ငြိမ် ဖြစ်စေချင်ပါသည်။ စဉ်းစားကြပါကုန်။ တွေးခေါ်ကြပါကုန်။

**ဥပဒေအာဏာပိုင်များ**

ဥပဒေအာဏာပိုင်များဘက်က ဥပဒေအရ တာဝန်ယူရသည်ကို နားလည်ပေးပါ။ ပြည်သူထဲက ပြည်သူများဖြစ်ကြောင်း ထပ်လောင်းတင်ပြပါရစေ။ ကိုယ့်ပြည်သူအချင်းချင်း စစ်ခင်းသလို မဖြစ်စေလိုသည်မှာ အများ၏ဆန္ဒ ဖြစ်ပေသည်။ ငြိမ်းချမ်းကြပါစေ။ အေးချမ်းကြပါစေ။ သွေးမြေမကျစေဖို့ အဓိကဖြစ်ပါသည်။

**တရားဥပဒေ၏စွမ်းအင်**

တရားဥပဒေ၏စွမ်းအင်ကို ယုံယုံကြည်ကြည် လက်ခံကြပါ။ တစ်ဖက်နှင့်တစ်ဖက် နားလည်ကြပြီး အေးချမ်းစွာ စည်းကမ်းလိုက်နာကြပါ။ အခြားအခြားသော သိကောင်းစရာ ဥပဒေပုဒ်မများအကြောင်း ဆက်လက်တင်ပြပါမည်။

> **ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် ကြိုးပမ်းနေသော (သို့မဟုတ်) ရုန်းရင်းဆန်ခတ်မှုကို ဖြစ်စေ၊ သတ်ပုတ်နှောင့်ယှက်မှုကို ဖြစ်စေ၊ နှိမ်နင်းရန်ကြိုးပမ်းနေသော ပြည်သူ့ဝန်ထမ်းကို မည်သူမဆို လက်ရောက်မှုပြုလျှင် (သို့မဟုတ်) လက်ရောက်မှုပြုရန် ခြိမ်းခြောက်လျှင် (သို့မဟုတ်) ဟန့်တားလျှင် (သို့မဟုတ်) ဟန့်တားရန်အားထုတ်လျှင် (သို့မဟုတ်) ထိုပြည်သူ့ဝန်ထမ်းကို ရာဇဝတ်မကင်းသော အနိုင်အထက်ပြုလျှင် (သို့မဟုတ်) ထိုသို့ပြုရန်အားထုတ်လျှင် (သို့မဟုတ်) ထိုသို့ပြုရန် ခြိမ်းခြောက်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။**

# မြို့နယ်အချို့၌ လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဆောင်ရွက်

**နေပြည်တော် မတ် ၂**

နိုင်ငံတော်အစိုးရအား နည်းမျိုးစုံဖြင့် ဆန့်ကျင်သောအစုအဖွဲ့များအနေဖြင့် နေ့စဉ်ရက်ဆက် လူစုလူဝေးများ လမ်းပေါ်ထွက်ရှိအောင် မီဒီယာများနှင့် လူမှုကွန်ရက်တို့ကို အသုံးပြုလှုံ့ဆော်ခြင်း၊ တရားမဝင်သောအဖွဲ့အစည်းများဖွဲ့စည်းပြီး ဦးစီးခေါင်းဆောင်ပြုလုပ်သူများအနေဖြင့် ရှေ့မထွက်ဘဲ နောက်ကွယ်ရှိအန္တရာယ်ကင်းဝေးသောနေရာ အသီးသီးတွင် နေထိုင်ကာ ငွေကြေး၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းအပါအဝင် လှုံ့ဆော်ဆောင်ရွက်လျက်ရှိသည်။



ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတွင် လမ်းပေါ်ထွက်၍ ဆန္ဒပြသော လူစုလူဝေးအနေဖြင့် သိသာစွာ လျော့နည်းခဲ့သော်လည်း အချို့သောဒေသများတွင် မတည်မငြိမ်ဖြစ်စေရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်၊ စမ်းချောင်း၊ လမ်းမတော်နှင့် ရန်ကင်းမြို့နယ်တို့၌ လူစုလူဝေးများ ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား လေးဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၂ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်၊ မီးခိုးဖြူဗုံး၊ မျက်ရည်ယိုဗုံး၊ ၃၈ မီလီမီတာ ရော်ဘာကျည်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ကံကော်ပင်လမ်းဆုံ၊ ဥတ္တမံတားလမ်းဆုံတို့၌ လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ (၁၁)ရပ်ကွက် မြိုင်(၄)လမ်း၌ လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ၃၈ မီလီမီတာ ရော်ဘာကျည်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရသည်။

အလားတူ ကချင်ပြည်နယ် မိုးကောင်းမြို့ အိုးတန်းရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ်၌ လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ထို့အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့ အရှေ့မြို့ပတ်လမ်း၌ လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ဒသမ ၁၂ ဗို့ပြောင်းချော သေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုများအပေါ် သုံးသပ်တွေ့ရှိရမှုအရ လူငယ်လူထုအများစုသည် လမ်းပေါ်ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံကာ ထိခိုက်ဒဏ်ရာရရှိခြင်းများကို တွေ့ရှိရကာ နောက်ကွယ်မှ လှုံ့ဆော်စည်းရုံးမှုကိုခံနေရသည့် အခြေအနေသို့ ရောက်ရှိနေပြီး ၎င်းတို့၏ အနာဂတ်များ မပျက်စီးစေရေးအတွက် မိဘဆွေမျိုးများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ရန် လိုအပ်သည့် အခြေအနေတွင် ရောက်ရှိနေသည်ဟု ပြည်သူလူထုအများစုမှ ဝေဖန်သုံးသပ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**





# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြ အကြမ်းဖက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် လေးဦးနှင့် အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြ အကြမ်းဖက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒသမ ၁၂ ဗို့ကျည်ထိမှန်၍အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



အဆိုပါထုတ်ပြန်ချက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ လူအင်အား ၁၀၀ ခန့်သည် ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ကလေးမြို့ ပိတောက်လမ်းဆုံ၌ စတင်စုဝေးနေသဖြင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ပြီး အကြိမ်ကြိမ်တားမြစ်ကာ လူစုခွဲနိုင်ရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း။

ဆူပူဆန္ဒပြသည့် လူစုလူဝေးသည် စတင်စုဝေးသည့်နေရာမှ လမ်းလျှောက်ထွက်ခွာခဲ့ပြီး လူစုလူဝေးတိုးမြှင့်ပါရှိလာကာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကလေးမြို့ ဘုရင့်နောင်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ မီးပွိုင့်အရောက်တွင် အင်အား ၁၀၀၀ ကျော်ခန့် ဖြစ်လာပြီး ကြွေးကြော်သံအမျိုးမျိုးအော်ဟစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုအော်ဟစ်ကြွေးကြော်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တုတ်/ ဒိုင်းများ အသုံးပြုကာ အသံပေးခြောက်လှန့်နိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း။

အသံပေးခြောက်လှန့်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူဆန္ဒပြသူ လူစုလူဝေးအတွင်းရှိ အကြမ်းဖက်လိုသူများက ကိုင်ဆောင်လာသည့် ပလတ်စတစ်ဒိုင်းကာများ၊ ခဲများ၊ လောက်လေးခွများ၊ ပုလင်းများဖြင့် အကြမ်းဖက်ပစ်ခတ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနောက်သို့ ပြန်လည်ဆုတ်ခွာခဲ့ရပြီး ဆုတ်ခွာခဲ့သည့် တပ်ဖွဲ့ဝင်များနောက်သို့ ဆူပူအကြမ်းဖက်လိုသည့် လူအုပ်စုသည် လူအင်အားဖြင့် ရှေ့နောက်ပိတ်ဆို့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား နည်းမျိုးစုံဖြင့် ရန်ပြုလာခြင်းတို့ကြောင့် မီးခိုးဗုံး၊ အသံမြည်ဗုံး၊ မျက်ရည်ယိုဗုံးများ၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်တို့ဖြင့် ပစ်ခတ်လူစုခွဲခြင်း ဆောင်ရွက်ခဲ့ရကြောင်း။

လူစုလူဝေးအတွင်း ရောက်ရှိဖြိုခွဲခဲ့ရမှု ဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိခြင်း၊ အချုပ်ယာဉ်ကားမှန်/ယာဉ်အဖုံးများ ပျက်စီးခဲ့ကာ အကြမ်းဖက်ဆန္ဒပြသူ လူအုပ်စုအတွင်း အကွာအဝေးနီးကပ်စွာ တည်ရှိနေမှုအရ ဒသမ ၁၂ ဗို့ကျည်ထိမှန်၍ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း။

ဖြစ်စဉ်နှင့်ပတ်သက်၍ အေးချမ်းလုံခြုံစွာ နေထိုင်လိုသူ ကလေးမြို့ရှိ ပြည်သူလူထုအများစုအနေဖြင့် ထိတ်လန့်တုန်လှုပ်မှုများဖြစ်ပေါ်ကာ ၎င်းဖြစ်စဉ်အတွက် မိဘများက မိမိတို့၏ သားသမီးများ အနာဂတ်အတွက် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ပေးစေလိုကြောင်း ပြည်သူလူထုအများစု၏ သဘောထားကို သိရှိရကြောင်း ဖော်ပြပါရှိသည်။ **သတင်းစဉ်**

# လူစုလူဝေးများဖြင့် စုဝေးဆန္ဒပြသူများအား အင်းစိန်အကျဉ်းထောင်တွင် ခေတ္တထိန်းသိမ်းထားရာမှ နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်



**နေပြည်တော် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးတွင် လူစုလူဝေးများဖြင့် စုဝေးဆန္ဒပြသူများအား တာဝန်ရှိသူများက ဆုံးမစကားပြောကြားပြီး အင်းစိန်အကျဉ်းထောင်တွင် ခေတ္တထိန်းသိမ်းထားရာမှ နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်မှ ရပ်ကွက်၊ ကျေးရွာများအဆင့်အထိ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်တာဝန်ပေးအပ်ခဲ့ရာ တည်ငြိမ်အေးချမ်းရေးကို မလိုလားသူတို့က အုပ်စုဖွဲ့လျက် ဖိအားပေးခြိမ်းခြောက်ခြင်း၊ အသက်အန္တရာယ်ရှိစေသည်အထိ ရန်ပြုခြင်း၊ အုပ်စုဖွဲ့ရမ်းကားဆန္ဒပြခြင်း၊ အုပ်ချုပ်ရေးရုံးများရှိဆိုင်းဘုတ်များဖြုတ်ချခြင်း၊ ရုံးမတက်နိုင်စေရန် တားဆီးပိတ်ဆို့မှုများနှင့် အစိုးရယန္တရားပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ထိပ်တိုက်ရင်ဆိုင်သည့် ပုံစံဖြင့် ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာကြောင်း။

ထိုသို့ပြုလုပ်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများက သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ လူစုခွဲနိုင်ရေး အကြိမ်ကြိမ် သတိပေးညှိနှိုင်းဖြေလျှော့ခြင်းများ ဆောင်ရွက်သော်လည်း လိုက်နာမှုမရှိ အကြမ်းဖက်ဆန်စွာ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ရန်ပြုလာပြီး လုံခြုံရေးတပ်ဖွဲ့အနေဖြင့် နီးကပ်စွာထိပ်တိုက်ရင်ဆိုင်ကာ ရန်ပြုခံရသည့်အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုဦးတည်ပြီး မဖြစ်မနေ ထိန်းသိမ်းရန် လိုအပ်သဖြင့် ဥပဒေနှင့်အညီ ခေတ္တထိန်းသိမ်းခဲ့ရသည်။

ထိုကဲ့သို့ထိန်းသိမ်းထားသူများမှာ ကမာရွတ်မြို့နယ် လှည်းတန်း၊ သာကေတ၊ တာမွေ၊ စမ်းချောင်း၊ တောင်ဥက္ကလာပ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ လှိုင်၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ ဗဟန်း၊ မြောက်ဥက္ကလာပ၊ မင်္ဂလာတောင်ညွန့်၊ သင်္ဃန်းကျွန်း၊ ကြည့်မြင်တိုင် မြို့နယ်များမှ အမျိုးသား ၂၂၄ ဦး၊ အမျိုးသမီး ၂၈၇ ဦး စုစုပေါင်း ၅၁၁ ဦးတို့ဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ပေးမှုဖြင့် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)မှ YBS မော်တော်ယာဉ်ကြီးကိုးစီးဖြင့် နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၂**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA) ရုံးချုပ် အဆောက်အအုံ၏ ဆိုင်းဘုတ်များ၊ မှန်များအား မသမာသူအကြမ်းဖက်လူတစ်စုက အကြောင်းမဲ့ဖျက်ဆီး

**နေပြည်တော် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ သမိုင်းဝင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ရုံးချုပ်အဆောက်အအုံအား မသမာသူအကြမ်းဖက်လူတစ်စုက အကြောင်းမဲ့ဖျက်ဆီးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ YMBA ရုံးချုပ်အဆောက်အအုံရှေ့သို့ မတ် ၁ ရက် ည ၈ နာရီခန့်တွင် မသမာသူအကြမ်းဖက်လူတစ်စု အင်အား ၂၀ ခန့် ရောက်ရှိလာပြီး ခြံဝင်းသံဘာဂျာတံခါးအား ချိုးဖျက်ဝင်ရောက်ရန် ကြိုးစားခဲ့ကြောင်း၊ ချိုးဖျက်၍မရသဖြင့် အဆောက်အအုံတွင် ကပ်ထားသည့် "ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) " ဆိုင်းဘုတ်ရွှေရောင်စာလုံးများကို ဝါးလုံးဖြင့် ထိုးခွာဖျက်ဆီးခဲ့ပြီး ပြတင်းပေါက်မှန်တံခါးများနှင့် အဲကွန်းသုံးလုံးကိုလည်း ရိုက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် အဆောက်အအုံနံရံများပေါ်၌ ညစ်ညမ်းသောစကားလုံးများကို ဆေးအမည်းမှုတ်၍ ရေးသားခြင်း၊ နိုင်ငံတော်အလံလွှင့်ထူထားသော အလံတိုင်အား ဖျက်ဆီးရန်ကြိုးပမ်းခြင်း၊ သာသနာ့အလံစိုက်ထူထားသည်များကို ဖျက်ဆီးခြင်းစသည့် မင်းမဲ့စရိုက်ဆန်စွာ အကြောင်းမဲ့ဖျက်ဆီးခြင်းများ လုပ်ဆောင်ကာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းတွင်လည်း ဆူပူဆန္ဒပြသူအချို့သည် အဆောက်အအုံရှေ့တွင် အကြောင်းမဲ့လာရောက်အော်ဟစ်ဆဲဆိုခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ ဖြစ်စဉ်ဖြစ်ပွားမှုသည် မြန်မာပြည်လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် လွတ်လပ်ရေးနှင့် အမျိုးသားနိုင်ငံရေးကို ဦးဆောင်ခဲ့သည့် YMBA အသင်းကြီးအား ပျက်စီးစေလိုသောစိတ်ဖြင့် အကြမ်းဖက်ပြုမူခဲ့သည့် လုပ်ဆောင်မှုဖြစ်ပြီး မြန်မာ့သမိုင်း၊ နိုင်ငံတော်နှင့် ဗုဒ္ဓဘာသာအား မထီမဲ့မြင်ပြုမှုတစ်ခုဖြစ်ကြောင်းကိုလည်း YMBA အသင်းကြီးမှ သတင်းထုတ်ပြန်ထားရှိသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ပုဇွန်တောင်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများဖွင့်လှစ်မှုများကို ဆူပူဆန္ဒပြသူများက နှောင့်ယှက်ဟန့်တား ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံးအား ဆူပူဆန္ဒပြသူလူတစ်စုက အကြောင်းမဲ့လာရောက်ဖျက်ဆီး

**နေပြည်တော် မတ် ၂**

ဆူပူဆန္ဒပြသူများအနေဖြင့် အစိုးရအုပ်ချုပ်မှုယန္တရားကို ဟန့်တားနှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများကိုလည်း ဖိအားပေးခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်းများစသည်တို့ကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ မတ် ၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ပြင်ခရိုင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ သစ်ရောင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ လည်းကောင်း၊ ကြံခင်းမြို့ ဆုံလဲကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း ဆန္ဒပြသူများက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများအား သော့များ၊ သစ်သားတန်းများရိုက်၍ ပိတ်ခြင်း၊ ဗီနိုင်းများချိတ်ဆွဲခြင်းများပြုလုပ်ပြီး အစိုးရအုပ်ချုပ်မှုလုပ်ငန်းယန္တရား ဟန့်တားနှောင့်ယှက်ခြင်းများ၊ ဆူပူဆန္ဒပြမှုများ ပြုလုပ်ခဲ့သဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၈၆ လမ်းထောင့်ရှိ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံးအား ဆူပူဆန္ဒပြသူလူတစ်စုက ခဲများ၊ အုတ်ခဲများ၊ ကုံးသီးများ၊ လေးခွများ အသုံးပြု၍ လာရောက်ပစ်ခတ်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သဖြင့် အဆိုပါရုံး၏ မျက်နှာစာနှင့် အနောက်ဘက်ခြမ်းရှိ မှန်များ ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ ဦးဆောင်သူများနှင့်ပါဝင်ပတ်သက်သူများအား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့နယ် ဘိမ်းဗျောကျေးရွာ ကော့တာတောရကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသည့် လောကဇဗ္ဗျူအောင်မြင်မှုစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူ ပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ပွဲပြုလုပ်

နေပြည်တော် မတ် ၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဘိမ်းဗျောကျေးရွာ ကော့တာတောရကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသည့် လောကဇဗ္ဗျူအောင်မြင်မှုစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ အခမ်းအနားသို့ ဣန္ဒာသယကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဣန္ဒာသယကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။



ထို့နောက် တိုင်းမှူးက လောကဇဗ္ဗျူအောင်မြင်မှုစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား ဣန္ဒာသယကျောင်းတိုက်ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ဆက်လက်၍ ဣန္ဒာသယကျောင်းတိုက်ဆရာတော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်၍ စေတီတော်အထွတ်သို့ တင်လှူပူဇော်ပြီး ဇယန္တောဗောဓိယာမူလေအစချီသော အောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားအား အောင်မြင်ခြင်း အထိမ်းအမှတ်အနေဖြင့် ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအတွက် သံဃာတော်များနှင့် ဒေသခံပြည်သူများက စားသောက်ဖွယ်ရာများလှူဒါန်း

နေပြည်တော် မတ် ၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သံဃာတော်များ၊ ဒေသခံပြည်သူများ၊ စေတနာရှင်အလှူရှင်များနှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များက ပေးအပ် လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့်တပ်ဖွဲ့ဝင်များအတွက် ထားဝယ်မြို့ရှိသံဃာတော်များနှင့် ဒေသခံပြည်သူများက လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအတွက် မန္တလေးမြို့ရှိသံဃာတော်များနှင့် ဒေသခံပြည်သူများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်၊ အလှူရှင်များက လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့်လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက် ကုသပေးနိုင်ပါရန် အကူအညီ တောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံများအတွင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လုံမလေးသို့ .....

မိုးသက်နှင်း

**လုံမလေးရေ ............**

နေထိုင်မှကောင်းရဲ့လား။ အခုလိုအချိန်အခါမျိုးမှာ တစ်နယ်တစ်ကျေးမှာ တာဝန်ထမ်းဆောင်နေရတဲ့ လုံမလေးကို ကျန်းမာရေးအထူးဂရုစိုက်ဖို့ ကြီးမေ မှာချင်တယ်ကွယ်။

ဒီအချိန်ကာလဟာ ကိုဗစ်-၁၉ ရောဂါကာလလည်းဖြစ်ပြန်၊ နိုင်ငံရေးလှုပ်ရှားမှုတွေ ပေါ်ပေါက်နေတဲ့ အချိန်ကာလလည်းဖြစ်နေတာကြောင့် ကြီးမေတို့ စိတ်ပူနေမိတယ် လုံမလေးရေ။ တစ်နေ့ တစ်နေ့ "ရုံးမတက်နဲ့ ရုန်းထွက်၊ ရုံးမတက်နဲ့ ရုန်းထွက်" ဆိုပြီး Civil Disobedience Movement – CDM လှုပ်ရှားနေသူတွေ အော်ဟစ်သံကိုကြားနေရရင် ရည်ရွယ်ချက်ကြီးကြီးမားမားနဲ့ နယ်စွန်နယ်ဖျားမှာ တိုင်းပြည်တာဝန်ထမ်းနေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကြီးမေ စိတ်ပူမိပါတယ်။

ပထမဆုံး လုံမလေးကို ဆင်ခြင်စဉ်းစားစေချင်တာကတော့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်၊ လျင်မြန်စွာ ကူးစက်နိုင်တဲ့အခြေအနေတွေမှာ လူစုလူဝေးနဲ့ မနေမိပါစေနဲ့ကွယ်။ ရောဂါကူးစက်စေနိုင်တဲ့အပြင် ကိုဗစ်-၁၉ ကာလထုတ်ပြန်ထားတဲ့ စည်းကမ်းချက် ဥပဒေတွေနဲ့ ငြိစွန်းနေလိမ့်မယ်နော်။ နောက်တစ်ခု ထပ်မှာချင်တာက မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကိုလည်း အားနာတတ်တဲ့စိတ်ထားရမယ် လုံမလေးရေ။ လုံမလေးရဲ့ပတ်ဝန်းကျင်မှာရှိနေတဲ့ ကျန်းမာရေးချို့တဲ့သူတွေ၊ သက်ကြီးရွယ်အိုတွေ၊ မွေးကင်းစကလေးငယ်တွေ၊ စိတ်မွန်းကျပ်နောက်ကျိနေသူတွေဟာ အချိန်အခါမဟုတ် ဆူညံအော်ဟစ်သံတွေကို မခံမရပ်နိုင်မဖြစ်ရလေအောင် အများထိခိုက်စေတဲ့ ဆူလောင်သံတွေ မပြုမိစေဖို့ ကြီးမေမှာချင်ပါတယ်ကွယ်။

လုံမလေးရေ....လုံမလေးဟာ ငယ်စဉ်ကတည်းက တတ်သိနားလည်လွယ်ပြီး လိမ္မာပါးနပ်တဲ့ကလေးတစ်ယောက်ဖြစ်တာမို့ ကြီးမေသင်ကြားခဲ့တာတွေကို မမေ့သေးဘူးလို့ ထင်ပါတယ်ကွယ်။ ကြီးမေတွေ့မြင်နေရတဲ့ Social Media လူမှုကွန်ရက်မှာ ပျံ့နှံ့နေတဲ့ သတင်းတု၊ သတင်းမှားတွေ ရှိနေတာမို့ တက်လာသမျှသောသတင်းတွေကို လုံမလေးမယုံမိစေဖို့ ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး အရာရာတွေးဆဆင်ခြင် အရှည်မြော်မြင်ပြီး အလုပ်လုပ်ဖို့ ကြီးမေမှာချင်တယ်။

လုံမလေးရေ ... ကြီးမေတို့ လူငယ်ဘဝ ၁၉၈၈ ခုနှစ်ကဖြစ်ခဲ့တဲ့ တစ်တိုင်းပြည်လုံးလိုလို ဆူပူဆန္ဒပြခဲ့ကြရတဲ့ဖြစ်စဉ်က အထွေထွေအကျပ်အတည်းဖြစ်ပေါ်မှုကို အကြောင်းပြုပြီး နိုင်ငံရေးပယောဂမျိုးစုံနဲ့ တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်းလုပ်ခဲ့သူတွေကြောင့်ပါကွယ်။

ကနေ့ နိုင်ငံတော်ရဲ့ အရေးပေါ်အခြေအနေမှာတော့ ဆယ်စုနှစ်တစ်စုစာလောက် အရှိန်ရလာတဲ့ ဒီမိုကရေစီခရီးလမ်းကို ပိုမိုချောမွေ့ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ဖို့ရာအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိရောက်စွာ ဆက်လက်ဆောင်ရွက်သွားမည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားပေးသွားမည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဆိုတဲ့ ရှေ့လုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ချမှတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်နေတာ တွေ့ရတယ် လုံမလေးရေ။

ရှေ့လုပ်ငန်းစဉ်ကြီး (၅)ရပ် ချမှတ်ပြီးတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ယန္တရားကြီးတွေကို ဆက်လက်အရှိန်အဟုန်မြှင့်လည်ပတ်စေနိုင်ဖို့အတွက် ဝန်ကြီးဌာနအသီးသီးနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လိုအပ်လျက်ရှိတဲ့ အုပ်ချုပ်စီမံခန့်ခွဲနိုင်မယ့်သူတွေ အရည်အချင်းရောအတွေ့အကြုံပါ ရင့်ကျက်တည်မှီနေသူတွေကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ ဥက္ကဋ္ဌများအဖြစ် အဆင့်ဆင့်တာဝန်ပေးအပ်လာခဲ့တာတွေ့မြင်နေရပါတယ်။ လုံမလေးရေ စည်းကမ်းပိုင်း၊ စည်းစနစ်ပိုင်းတွေ တိကျမှန်ကန်တဲ့သူတွေ အုပ်ချုပ်ချိန်မှာလည်း လုံမလေးအတွက် သင်ယူစရာတွေ အများကြီးရှိလာနိုင်မှာပါကွယ်။

လုံမလေးရေ....နောက်တစ်ခု ပြောချင်တာကတော့ လုံမလေးအနေနဲ့ ငယ်ရွယ်စဉ် ကလေးဘဝကတည်းက ကြီးမေလို ပညာအမွေ လက်ဆင့်ကမ်းသင်ပြပေးနိုင်တဲ့ ဆရာမတစ်ယောက် ဖြစ်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးစားလာခဲ့တာ မူလတန်းပြဆရာမတစ်ယောက်ဖြစ်ဖို့ကို ၁၀ တန်းအောင်မြင်အောင် ကြိုးစားခဲ့ရတယ်။ နောက်အလယ်တန်းပြ၊ အထက်တန်းပြတစ်ယောက်ဖြစ်ဖို့ရာ BA ဘွဲ့နဲ့ B.Ed ဘွဲ့ ရအောင်ပါ ကြိုးစားခဲ့ရတယ်။ ဆရာဖြစ်သင်တန်းတွေ၊ အခြားသင်တန်းမျိုးစုံတွေနဲ့အချိန်၊ ငွေ၊ ကြိုးစားအားထုတ်မှုတွေ အခြေခံပြီးတော့မှ ခုလို ဆရာမတစ်ယောက် ဖြစ်လာခဲ့ရတယ်ဆိုတာ လုံမလေးမမေ့လေနဲ့နော်။ ကိုဗစ်-၁၉ ရောဂါဆိုးကြီးကြောင့် ၂၀၂၀-၂၀၂၁ စာသင်နှစ် တစ်နှစ်ပိတ်ထားခဲ့ရတဲ့ နစ်နာမှုတွေအတွက် ခုချိန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကြီးထိုးအပြီး ၂၀၂၁-၂၀၂၂ စာသင်နှစ်အတွက် လုံမလေးတို့ ကြိုတင်ပြင်ဆင်ရမယ့် လုပ်ငန်းစဉ်တွေ အတော်များနေမယ်ထင်ပါတယ်။ ဆရာ၊ မိဘပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်ရမယ့် အလုပ်တွေ အောင်မြင်အဆင်ပြေစွာ လုပ်ဆောင်နိုင်ကြပါစေ။

တိုင်းပြည်တစ်ခုမှာ ပြည်သူတိုင်း လိုက်နာဆောင်ရွက်ရမယ့်အရာတွေဟာ ဘာသာတစ်ခု၊ လူမျိုးတစ်မျိုးတည်း၊ ပါတီတစ်ခုတည်းအတွက် မဟုတ်ဘဲ နိုင်ငံသားတိုင်းအတွက် လိုက်နာလက်ခံဖို့ရာမှာ ကျင့်ဝတ်၊ စည်းကမ်း၊ တာဝန်၊ ဝတ္တရားတွေပဲ ဖြစ်ပါတယ်။ အခြေခံလူ့ယဉ်ကျေးမှုတွေဖြစ်တဲ့ စာရိတ္တ၊ ဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်း၊ ကာကွယ်စောင့်ရှောက်ပြီး စည်းကမ်းရှိမှု၊ ကိုယ်ချင်းစာတရားဖြင့် နေထိုင်မှု၊ ပြည်သူတစ်ယောက်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို သိရှိလိုက်နာစောင့်ထိန်းမှု၊ ယဉ်ကျေးချိုသာစွာ ပြုမူပြောဆိုမှု၊ လူကြီးသူမများကို ရိုသေလေးစားမှု၊ ကိုယ်အမူအကျင့်၊ နှုတ်အမူအကျင့်၊ စိတ်အမူအကျင့်များကို ထိန်းသိမ်းပြုပြင်မှုတွေပဲ ဖြစ်တယ်နော်။

> **တိုင်းပြည်တစ်ခုမှာ ပြည်သူတိုင်း လိုက်နာဆောင်ရွက်ရမယ့်အရာတွေဟာ ဘာသာတစ်ခု၊ လူမျိုးတစ်မျိုးတည်း၊ ပါတီတစ်ခုတည်းအတွက် မဟုတ်ဘဲ နိုင်ငံသားတိုင်းအတွက် လိုက်နာလက်ခံဖို့ရာမှာ ကျင့်ဝတ်၊ စည်းကမ်း၊ တာဝန်၊ ဝတ္တရားတွေပဲ ဖြစ်ပါတယ်။ အခြေခံလူ့ယဉ်ကျေးမှုတွေဖြစ်တဲ့ စာရိတ္တ၊ ဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်း၊ ကာကွယ်စောင့်ရှောက်ပြီး စည်းကမ်းရှိမှု၊ ကိုယ်ချင်းစာတရားဖြင့်နေထိုင်မှု၊ ပြည်သူတစ်ယောက်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို သိရှိလိုက်နာစောင့်ထိန်းမှု၊ ယဉ်ကျေးချိုသာစွာ ပြုမူပြောဆိုမှု၊ လူကြီးသူမများကို ရိုသေလေးစားမှု၊ ကိုယ်အမူအကျင့်၊ နှုတ်အမူအကျင့်၊ စိတ်အမူအကျင့်များကို ထိန်းသိမ်းပြုပြင်မှုတွေပဲဖြစ်**

လုံမလေးရေ.....ဒီလိုခိုင်မာပြည့်စုံတဲ့ လုပ်ငန်းစဉ်ကြီးတွေ၊ လုပ်ဆောင်ချက်တွေကို ကြည့်ရှုပြီး အငြိမ်းစားယူထားတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ယောက် အနေနဲ့ရော၊ လုံမလေးရဲ့ ကြီးမေအနေနဲ့ရော နယ်စွန် နယ်ဖျား တစ်နယ်တစ်ကျေးမှာ နိုင်ငံ့တာဝန်ထမ်းနေကြတဲ့ လုံမလေးနဲ့ လုံမလေးသူငယ်ချင်း ကျောင်းဆရာမလေးတွေကို ကြီးမေမှာချင်တာကတော့ အဘက်ဘက်ကပြည့်စုံတဲ့ နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်ဖို့ရာမှာ အမြဲသင်ယူ၊ လေ့လာဆည်းပူးနေရမယ်နော်။ ဘဝရပ်တည်နေထိုင်နိုင်ဖို့ အတွေးအခေါ် ဉာဏ်အမြော်အမြင်တိုးတက်စေဖို့၊ ဗဟုသုတပြည့်ဝစေဖို့ရာ စာများများဖတ်မှတ်ကြပါကွယ်။ လူတိုင်း စာဖတ်နိုင်ဖို့၊ အသိပညာဗဟုသုတတိုးတက်ဖို့ရာအတွက်လည်း ရောက်တဲ့နေရာဒေသတွေမှာ စာကြည့်တိုက်တစ်ခုဖြစ်ဖို့ရာ ဝိုင်းဝန်းကြိုးပမ်းကြရမယ်။ ကလေးငယ်တွေကို စာပေဖတ်ရှုတဲ့အလေ့အကျင့်ဖြစ်အောင် ကျောင်းတွင်း စာဖတ်ဝိုင်းတွေ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာပေဟောပြောပွဲလေးတွေ ကျင်းပပေးရမယ်။ ကလေးငယ်တွေကို သင်ကြားပြသရာမှာလည်း ပညာတတ်မြောက်မှ ကိုယ့်အကျိုး၊ မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်မှာဖြစ်တဲ့အကြောင်း၊ ပညာလို့ဆိုရာမှာလည်း အတန်းပညာတစ်ခုတည်းမဟုတ်ဘဲ အခြား အသက်မွေးဝမ်းကျောင်းဆိုင်ရာ စက်မှုလက်မှုအတွေးအခေါ် အယူအဆပညာလေးတွေကိုလည်း ပြောပြဆွေးနွေးပေးရမယ်နော်။

တတ်သိကျွမ်းကျင်တဲ့ လူတွေဖြစ်မှ မိမိနိုင်ငံ၊ မိမိဘဝကောင်းကျိုးကို သယ်ပိုးနိုင်မယ်ဆိုတဲ့အကြောင်း၊ ပညာတတ်ပေါ်များမှ နိုင်ငံ့အလယ်ဂုဏ်ထည်နိုင်မှာဖြစ်ပြီး သင်ယူလိုစိတ်ကို အမြဲမွေးမြူရမှာဖြစ်တဲ့အကြောင်း၊ မိမိရဲ့ ကြိုးစားအားထုတ်မှုဟာ မိမိနိုင်ငံရဲ့ တာဝန်ထမ်းဆောင်နေသောနည်းလမ်းတစ်မျိုးဖြစ်ကြောင်းကို သင်ကြားပြသနိုင်ရမယ်။

လုံမလေးတို့ရဲ့ တပည့်ငယ်လေးတွေ ပညာရဲရင့်ပွဲလယ်တင့်ဖို့၊ ပညာဟူသည် ဘဝရှေ့ဆောင်အလင်းရောင်ဆိုတာ သိရှိနားလည်စေဖို့၊ ပညာမြင့်မှ လူမျိုးတင့်မယ်ဆိုတဲ့အကြောင်း နားလည်သိရှိစေဖို့၊ ကျောင်းမှန်မှန်တက်ခြင်းဟာ ကျောင်းသားတစ်ယောက်ရဲ့တန်ဖိုးဖြစ်တဲ့အကြောင်း၊ စာသင်ခန်းအတွင်း အချိန်မှန်ရောက်နိုင်ဖို့တွေ သင်ကြားပေးနိုင်ရမယ်နော်။

လုံမလေးတို့အနေနဲ့လည်း အလုပ်ကိုလေးစားမှ အလုပ်က ပြန်လေးစားမယ်။ "အမှိုက်ကစ ပြာသာဒ်မီးလောင်"မဖြစ်စေဖို့နဲ့ "အရိပ်သုံးပါး နားမလည် ချေသူငယ် ကျားစာဖြစ်" မဖြစ်စေဖို့၊ "လေသံကြားနဲ့ တရားနာ"မလုပ်မိစေဖို့ ကြီးမေမှာချင်တယ်ကွယ်။ အသိမှန်၊ အတွေးမှန်၊ အမြင်မှန်၊ အလုပ်မှန်ကန်စေဖို့နဲ့ မိမိရဲ့အလုပ်၊ ရည်မှန်းချက်ပြီးမြောက်အောင်မြင်စေဖို့ ကမ်းကိုမကျော်ဘဲ စည်းအတွင်းကနေ စည်းကမ်းနဲ့အညီ လုပ်ဆောင်နိုင်ကြပါစေကွယ်။

ကဲ ... လုံမလေးရေ ... ကြီးမေအဆုံးသတ်မှာချင်တာကတော့ ကိုယ့်အတိုင်းအတာ ကိုယ်သိကာ ကိုယ့်အခြေအနေကိုယ်တွက်ဆပြီး စဉ်းစားဆင်ခြင်ချင့်ချိန်နိုင်ပါစေ။ ကိုယ်စွမ်းနိုင်သမျှ ကိုယ်တာဝန်ယူကာ လက်ဆင့်ကမ်းပညာအမွေတွေ သင်ကြားပြသနိုင်ပါစေ။ စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာကောင်းမွန်ပြီး စွမ်းဆောင်ရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းကောင်းဖြစ်ပါစေ။ လုံမလေးတို့ တစ်ဦးတစ်ယောက်မှသည် တိုင်းရင်းသားအချင်းချင်းတိုင်အောင် စည်းလုံးညီညွတ်မှုရှိနိုင်ပါစေ။ လူသားအားလုံးလည်း ဣဿာ၊ မစ္ဆရိယ အကုသိုလ်စေတသိက်၊ ဒေါမနဿ ဒေါသအပူမီးများမှ ကင်းဝေးပြီး အေးချမ်းပျော်ရွှင်နိုင်ကြပါစေ။ ကိုဗစ်-၁၉ ရောဂါဆိုးကြီးလည်း အမြန်ဆုံး ကင်းဝေးနိုင်ကြပါစေကြောင်း ကြီးမေ ဆုတောင်းပေးလိုက်ပါတယ်နော် .....။

ချစ်တဲ့

ကြီးမေ

မိုးသက်နှင်း

## အထက(သရက်ချောင်း)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက်ချောင်း မတ် ၂**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ မြို့မရပ်ကွက်ရှိ အထက (သရက်ချောင်း)၌ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခြင်းကို မတ် ၁ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ အထက(သရက်ချောင်း)ကျောင်းဝင်းအတွင်းရှိ မြက်ပင်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များကို ကျောင်းသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ထိုသို့စုပေါင်းဆောင်ရွက်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထိုက် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးသက်နိုင်လွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာမာကြူ စုစုပေါင်း ၄၄ ဦးတို့က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပန်းပုလုပ်ငန်းအလုပ်ဖြစ်မှုနည်းကာ ပန်းပုပညာအမွေဆက်ခံသူမရှိသလောက်ရှားလာ

**မန္တလေး မတ် ၂**
မန္တလေးမြို့တွင် သစ်သားပန်းပုပညာအမွေဆက်ခံသူနည်းပါးလာကာ မျိုးဆက်သစ်ပန်းပုပညာရှင်ရှားပါးလာကြောင်း သိရသည်။

ကိုဗစ်-၁၉ မဖြစ်ခင်ကာလက ပန်းပုပညာရှင်များမှာ နေ့စားတစ်နေ့လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ပန်းပုထုကြရပြီး လက်ရှိကာလ ပန်းပုလုပ်ငန်းရပ်နားထားကြောင်း သိရသည်။ ပန်းပုလုပ်ငန်းအလုပ်ဖြစ်မှု နည်းလာသည့်အတွက် မျိုးဆက်သစ် ပန်းပုပညာသင်များမှာ မရှိသလောက်ရှားပါးလာကြောင်း မန္တလေးမြို့မှ ပန်းပုဆရာတစ်ဦးက ပြောသည်။

ဘုရားမတင်နတ်မဝင်လူတွင် ဆယ်ပွင့်ပန်းဟု ဆိုထားသည့်အတိုင်း မြန်မာနိုင်ငံတွင်အစဉ်အဆက်ပန်းပုပညာကို မြတ်နိုးစွာတန်ဖိုးထား တတ်ကြသည်။ ရှေးအခါမှစ၍ ပုံတူပန်းပုများကို အမြတ်တနိုး ထုဆစ်ခဲ့ကြသည်။ မြန်မာပန်းပုဈေးကွက်တွင်ပုံတူလိုင်း၊ အရုပ်လိုင်း၊ ၃၇ မင်းလိုင်း၊ ဆင်လိုင်းနှင့် အခြားလိုင်းများစွာရှိသည်။ ပန်းပုထုရာတွင်ကျွန်းသားနှင့် ကုက္ကိုသားများကိုအများဆုံး အသုံးပြုကြသည်။ နေ့နံသားများအတွက်မူ အသားမျိုးစုံအသုံးပြုကြသည်။

**နွေနဒီ (မြစ်ငယ်)**



## မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီး

**မိုးနဲ မတ် ၂**
ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကို တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးသွားပြီဖြစ်သည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်မှာ အလျားပေ ၁၄၀၊ အနံပေ ၃၀ (အာရ်စီ) အမျိုးအစားနှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အပေါ်ထပ်လေးခန်း၊ အောက်ထပ်လေးခန်း စုစုပေါင်းအခန်း ရှစ်ခန်းပါရှိကာ၂၀၁၉ ခုနှစ်တွင် အခြေခံပညာမူလတန်းမှ အထက်တန်းအထိ ကျောင်းသားကျောင်းသူ ၉၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း ကျောင်းအုပ်ဆရာကြီး ဦးစိုင်းစိုးနိုင်က ပြောသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



## လယ်ယာမြေဧက ၇၀၀ အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**လွိုင်လင် မတ် ၂**
ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်းရှိ ခဲလောင်းကျေးရွာနှင့် ပါဟုတ်ကျေးရွာနှစ်ရွာရှိ လယ်ယာမြေဧက ၇၀၀ မှ လယ်ယာထွက်ကုန်များဈေးကွက်သို့အချိန်မီရောက်ရှိစေရေးရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းနှစ်လမ်း ဖောက်လုပ်လျက်ရှိကြောင်း လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ခဲလောင်းကျေးရွာ ကုန်ထုတ်လမ်းမှာ အရှည် ၁ မိုင် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု သဲဖြုန်း ၉ လက်မခင်းခြင်းလုပ်ငန်းနှင့် ပါဟုတ်ကျေးရွာတွင် အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ပေ၊ ဒု သဲဖြုန်း ၉ လက်မခင်းခြင်းလုပ်ငန်းတို့ကိုဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၆၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၂၁၇ အိမ်မှ လူဦးရေ ၁၂၇၃ ဦးတို့၏ လယ်ယာမြေဧက ၇၀၀ မှလယ်ယာထွက်ကုန်များဈေးကွက်သို့ အချိန်မီရောက်ရှိမည်ဖြစ်ကြောင်း လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ပြောသည်။



အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှစ်လမ်း ဖောက်လုပ်နေမှုအခြေအနေကို လွိုင်လင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန့်၊ လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းတို့က ယနေ့ နံနက် ၁၀ နာရီက ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ငြိမ်းသူ**

## ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဝန်းသို မတ် ၂**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိသော မြိုင်ဇေယျာကျေးရွာ၊ ဒုန်းဒုတ်ကျေးရွာ၊ ချမ်းမြသီတာကျေးရွာနှင့် အင်ပုဒ်ကုန်းကျေးရွာတို့သို့ ကောလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မျိုးနှင့် အဖွဲ့သည် မြို့နယ်ဦးစီးမှူးဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုများကို မတ် ၁ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးသည်။

စက်ရေတွင်းတူးဖော်နေမှုအခြေအနေမှာ မြိုင်ဇေယျာကျေးရွာတွင် ပေ ၉၀၊ ဒုန်းဒုတ်ကျေးရွာတွင် ပေ ၃၄၀၊ ချမ်းမြသီတာကျေးရွာတွင် ပေ ၂၂၀၊ အင်းပုဒ်ကုန်းကျေးရွာတွင် ပေ ၁၆၀ ထိ တူးဖော်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**

## ကျေးလက်လမ်းနှင့် တံတား ဆောင်ရွက်နေမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

**ကျောက်ကြီး မတ် ၂**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နောင်ကုန်းကျေးရွာ၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူပြီး ပြည်ကျော်မိုးကုမ္ပဏီမှ နောင်ကုန်းကျေးရွာနှင့် ရင်းတိုက်ကုန်းကျေးရွာ ကျေးရွာချင်းဆက်လမ်း၊ နောင်ကုန်းကျေးရွာ ရွာတွင်းတံတား ပြန်လည်တည်ဆောက်မည့် အခြေအနေကို မတ် ၂ ရက် နံနက် ၁၁ နာရီက မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများသည် နောင်ကုန်းကျေးရွာ ရွာတွင်း အာရ်စီကွန်ကရစ်အကျယ် ပေ ၂၀၊ အရှည် ၁၅ ပေ တည်ဆောက်မည့် အခြေအနေနှင့် နောင်ကုန်းကျေးရွာနှင့် ရင်းတိုက်ကုန်းကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်း အရှည်ပေ ၇၉၂၀၊ အကျယ် ၁၄ ပေ၊ ဒု ၁၄ လက်မကို တိုင်းဒေသကြီး ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၇၁ ဒသမ ၀၇ သန်းဖြင့် ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **ကိုသားကြီး(ကျောက်ကြီး)**

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

## ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်သည့် စရိုက်ဆိုးများ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးပါ

အယ်ဒီတာခင်ဗျာ–

ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ ဝန်ထမ်းအဖြစ် နေ့စားအဆင့်မှ ယခု အရာထမ်းအဆင့်ထိ နှစ်ပေါင်း ၃၀ကျော်ရှိပါပြီ။ ထို့ပြင် တစ်ပါတီစနစ်၊ စစ်အုပ်ချုပ်ရေးကာလ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် ခေတ်စနစ်များကို ဖြတ်သန်းလုပ်ကိုင်လျက်ရှိပါသည်။ အုပ်ချုပ်သူအစိုးရ အမျိုးမျိုး၊ မူဝါဒ အဖုံဖုံပြောင်းလဲနေသော်လည်း ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

ယခုအခါ နိုင်ငံရေးအပြောင်းအလဲဖြစ်ပွားချိန်မှာ နိုင်ငံရေးသမားအချို့၏ စည်းရုံးလှုံ့ဆော်မှုကြောင့် ဆန္ဒပြမှုများဖြစ်ပေါ်လာခဲ့သည်။ ဝန်ထမ်းများကို ရုံးမတက်နဲ့၊ ရုန်းထွက်ဟုဆိုကာ CDM လှုပ်ရှားမှုတွင်ပါဝင်ရန် ဆော်သြခဲ့ကြသည်။

ထိုသို့စည်းရုံးလှုံ့ဆော်မှုကြောင့် ကျွန်တော်တို့ဌာနမှ ဝန်ထမ်းအချို့လည်း CDM လှုပ်ရှားမှုမှာ ပါဝင်သွားကြသည်။ ကနဦးတုန်းက ခံယူချက်ကိုယ်စီဖြင့် လုပ်ဆောင်ကြသည်။ CDM လှုပ်ရှားမှု ၈ ရက်၊ ၉ ရက်ကြာလာသည့်အခါ ခံယူချက်ပြောင်းကာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာသူများရှိသလို CDM ဆက်လက်လုပ်ဆောင်ကြသူများလည်းရှိသည်။

ထိုအခါ CDM လုပ်သူများက CDM မလုပ်သည့် ကျွန်တော်အပါအဝင် ဝန်ထမ်းများကို ဝေဖန်ပုတ်ခတ်တာမျိုး၊ မကြားဝံ့မနာသာပြောဆိုကြတာမျိုးတွေ လုပ်ဆောင်လာကြသည်။ CDM မလုပ်သည့် ဝန်ထမ်းများကို ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက်စာမျက်နှာမှာ သိက္ခာချ ဖော်ပြမှုများ၊ ခြိမ်းခြောက်မှုများ လုပ်ဆောင်လာကြသည်။ ထိုသို့လုပ်ရပ်များကြောင့် ဝန်ထမ်းများမှာ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

ဒီမိုကရေစီစနစ်သည် လွတ်လပ်စွာ ပြောဆိုနိုင်သည်။ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်သည်။ သို့သော် ကိုယ့်၏လွတ်လပ်မှုက သူတစ်ပါး လွတ်လပ်မှုကို မထိပါးရပေ။ အများစု၏ ဆန္ဒကို အကောင်အထည်ဖော်ဆောင်ရွက်ရသလို အနည်းစု၏ သဘောထားဆန္ဒများကိုလည်း လေးစားကြရသည်။ မိမိနှင့်သဘောဆန္ဒမတူညီ၍ ရန်သူဟု သတ်မှတ်ရန် မသင့်ပေ။

သို့ပါ၍ CDM တွင် ပါဝင်လှုပ်ရှားနေကြသူများသည် နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားကို သစ္စာရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား အနိုင်ကျင့်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်သည့် စရိုက်ဆိုးများ လုပ်ဆောင်နေပါသဖြင့် CDM လှုပ်ရှားမှုများတွင် ပါဝင်အောင် ခြိမ်းခြောက်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား တင်ပြအပ်ပါသည်။

**ပြည်သူ့ဝန်ထမ်းတစ်ဦး**

## တည်ငြိမ်အေးချမ်းသည့် လူမှုအသိုက်အဝန်းအဖြစ် အမြန်ဆုံးရောက်အောင် ပူးပေါင်းဆောင်ရွက်စေလို

အယ်ဒီတာခင်ဗျာ–

Civil Disobedience Movement (CDM) တွင် နိုင်ငံ့ဝန်ထမ်းများ ပါဝင်အောင် လှုံ့ဆော်မှုများ၊ အကျပ်ကိုင်မှုများ၊ ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများကို နေ့စဉ်နှင့်အမျှ မိမိပတ်ဝန်းကျင်နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်နေရသည်။

ထိုသို့ ဖိအားပေးအကျပ်ကိုင်၊ ခြိမ်းခြောက်မှုများသည် လုပ်ငန်းတာဝန်ဝတ္တရားများ ကျေပွန်အောင် ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအတွက် များစွာအခက်တွေ့နေရသည်။

ယနေ့ CDM တွင် မပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများသည် Social Punishment ပြုလုပ်ခံရခြင်း၊ Personal Attack ပြုလုပ်ခံရခြင်း စသည့် ပြဿနာများကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသည်။ ဥပမာ – CDM တွင် မပါသည့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဈေးမရောင်းချရန် လှုံ့ဆော်မှုများရှိနေပြီး ယူနီဖောင်းဖြင့် ဈေးဝယ်လျှင် ဈေးဆိုင်များက မရောင်းလိုကြသည့် အခြေအနေများ၊ ခွဲခြားဆက်ဆံခြင်းများသည် ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းအတွင်းတွင် မရှိသင့်တော့သည့် ကိစ္စရပ်များဟု မြင်မိသည်။

လူတိုင်းတွင် အတွေးအခေါ်အမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ နောက်ခံအခြေအနေ အမျိုးမျိုးရှိကြသည်။ ယင်းမတူညီသည့် အတွေးအခေါ်၊ အယူအဆ၊ အခြေအနေ အမျိုးမျိုးအပေါ်တွင် ငြင်းခုံခြင်း၊ အမုန်းပွားခြင်း၊ ရန်လိုခြင်းများဖြင့် အချိန်ကုန်နေမည့်အစား တည်ငြိမ်အေးချမ်းသည့် လူမှုအသိုက်အဝန်းအဖြစ် အမြန်ဆုံးရောက်အောင် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်စေလိုပါသည်။

ယခုဆိုလျှင် CDM ပြုလုပ်မှုများသည် ရက်သတ္တ ၃ ပတ်ကျော်လာခဲ့ပါပြီ။ CDM ကြောင့် အများဆုံး ထိခိုက်ပျက်စီးဆုံးရှုံးမှုဒဏ်ကို ခံစားကြရသူများကို ပြန်ကြည့်လျှင် အခြေခံလူတန်းစားများနှင့် အောက်ခြေမှ ပြည်သူများ ဖြစ်နေသည်ကို ငြင်းပယ်၍မရပါ။ မည်သည့်အချိန်အထိ CDM ဆက်လုပ်ခွင့်ပြုထားမလဲ။ အခြေခံ လူတန်းစားများနှင့် အောက်ခြေမှ ပြည်သူများ ဘယ်မျှထိခိုက်ပျက်စီးဆုံးရှုံးနေရဦးမလဲ။ မိမိတို့ တိုင်းပြည်ကို Fail State သို့ ရောက်အောင် တွန်းပို့နေသည်ကို သည်းခံခွင့်လွှတ်သင့်ပါသလား။

CDM ပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်း၊ Personal Attack ပြုလုပ်နေခြင်းတို့သည် မိမိတို့သွားချင်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု လမ်းကြောင်းပေါ်ရောက်အောင် အမှန်တကယ် တင်ပေးနိုင်ခြင်း ရှိ၊ မရှိ ဆိုသည်ကို ၎င်းတို့အနေဖြင့် ပြန်လည်သုံးသပ်စဉ်းစားကြရန် အချိန်တန်ပြီဖြစ်ပါကြောင်း ရင်ဖွင့်လိုက်ရပါသည်။

**မောင်မောင်(နိုင်ငံ့ဝန်ထမ်းတစ်ဦး)**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ် ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**




## ညောင်ဦးမြို့နယ် စဉ့်ကူတိုက်နယ်၌ နယ်မြေမီးသတ်စခန်း အဆောက်အအုံသစ်ဆောက်လုပ်နေမှု ၉၈ ရာခိုင်နှုန်းခန့် ပြီးစီး

**ညောင်ဦး မတ် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူတိုက်နယ်၌ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်နေသည့် အာရ်စီနှစ်ထပ် (၂)ယူနစ်မီးသတ်စခန်း အဆောက်အအုံသစ် ဆောက်လုပ်နေမှုမှာ ၉၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။



အဆိုပါ စဉ့်ကူတိုက်နယ်ရှိ အာရ်စီနှစ်ထပ် (၂)ယူနစ်မီးသတ်စခန်း အဆောက်အအုံသစ် တည်ဆောက်ခြင်းလုပ်ငန်းကို မန္တလေးမြို့ အခြေစိုက် Global Land ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကာ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၂ ဒသမ ၅ သန်းဖြင့် အလျား ၄၅ ပေ၊ အနံပေ ၅၀၊ အမြင့် ၂၆ ပေရှိ အာရ်စီနှစ်ထပ် (၂)ယူနစ်မီးသတ်အဆောက်အအုံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်က စတင်တည်ဆောက်ခဲ့ရာ ယနေ့တွင် ၉၈ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

စဉ့်ကူတိုက်နယ်ရှိ နယ်မြေမီးသတ်စခန်းတွင် တည်ဆောက်နေသည့် အာရ်စီနှစ်ထပ် (၂)ယူနစ် မီးသတ်စခန်းအဆောက်အအုံသစ် တည်ဆောက်ပြီးစီးပါက နယ်မြေမီးသတ်စခန်းရှိ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေအတွင်းရှိ ဒေသခံပြည်သူများ စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## တောင်ငူမြို့နယ်သမဝါယမကဏ္ဍက ငါးများ ရောင်းချဖြန့်ဖြူး

**နေပြည်တော် မတ် ၂**

ကိုဗစ်–၁၉ ရောဂါကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခက်အခဲများအား ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သမဝါယမဦးစီးဌာနမြို့နယ်သမဝါယမအသင်းစုနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ တောင်ငူမြို့နယ်အတွင်းရှိ ငါးမွေးမြူရေးကုန်ထုတ်သမဝါယမအသင်းများမှ ငါးမြစ်ချင်းပိဿာချိန် ၇၉၀ ကို တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ ငါးမုတ် ၃၂၇ ပိဿာကို တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀၊ ငါးတန် ၄၈၃ ပိဿာကို တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ နှုန်းတို့ဖြင့် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ စုစုပေါင်း ငါးပိဿာချိန် ၁၆၀၀ ကို စားသုံးသူအသင်းသား ပြည်သူများ ဈေးနှုန်းချိုသာစွာ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန် No Profit, No Loss ဟူသော သမဝါယမမူအတိုင်း ရောင်းချဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# CDM လှုပ်ရှားမှုမှာက ကျွန်တော်တို့လို လူငယ်တွေများတယ်။ တချို့လူတွေက အွန်လိုင်းကပဲ ကျွန်တော်တို့လို လူငယ်တွေကို ရှေ့ထွက်အောင် မြှောက်ပေးနေကြတာ။ သူတို့က လမ်းမပေါ် ထွက်မလာကြဘူး။

**မောင်နေမျိုး(အမည်လွှဲ)**

**မြန်မာနိုင်ငံ၌ ပြီးခဲ့သော ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ကာ ပြည်သူများအကြား CDM ( Civil Disobedience Movement) လှုပ်ရှားမှုများကို စတင်လာသည်မှာ ယခုအခါ ရက်ပေါင်း ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယင်း CDM လှုပ်ရှားမှု ရက်ပေါင်းကြာမြင့်လာသည်နှင့်အမျှ ပြည်သူများအကြားတွင်လည်း ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးမှအစ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ထိခိုက်မှုအနည်းနှင့်အများရှိခဲ့သည်။ ယင်းခံစားမှုသည် တခြားသူများအပေါ် အကျိုးသက်ရောက်မှု သိသာစွာမရှိသော်လည်း ယနေ့ပြည်သူများအကြား အထူးသဖြင့် လူလတ်တန်းစားများနှင့် အခြေခံပြည်သူများအကြားတွင် ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်မှာ မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ ယင်း CDM လှုပ်ရှားမှုဖြစ်စဉ်များအပေါ် ပြည်သူများအကြား ဒီမိုကရေစီလမ်းကြောင်းအရ အမြင်အမျိုးမျိုး ကွဲပြားဖြစ်ပေါ်လျက်ရှိရာ ပြည်သူအချို့အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။**

"ဦးတို့က ၈၈ အရေးအခင်းရော၊ ရွှေဝါရောင်အရေးအခင်းတွေကိုပါ ကောင်းကောင်းမီခဲ့တယ်။ ပြောရရင် အခုလို အရေးအခင်း၊ နိုင်ငံရေး အတွေ့အကြုံက မနည်းတော့ဘူး ပြောရမယ်။ အရင် အရေးအခင်းတွေ တုန်းက ခုလိုတော့ မဟုတ်ဘူး။ ပြည်သူအချင်းအချင်း သိပ်ပြီးပြဿနာ မရှာကြဘူး။ ခုအရေးအခင်းက ဒီမိုကရေစီရရှိရေးလို့သာ တွင်တွင် ပြောနေကြတာ နားမလည်ကြလို့လား မသိဘူး။ ပြောင်းပြန်တွေ ဖြစ်နေတာကို တွေ့မြင်နေ၊ ကြားနေရတယ်။ သူများ CDM လှုပ်ရှားမှု မပါဝင်၊ မလုပ်ကြရင်လည်း လိုက်ပြီးရန်လုပ်နေကြတယ်။ စောင်းမြောင်း ဝေဖန်ပြောဆိုနေကြတာလည်း တွေ့ရတယ်။ အခုလိုတွေ တွေ့ရတော့ အတော်လေးစိတ်မကောင်း ဖြစ်မိတယ်။ တချို့ဝန်ထမ်းတွေဆို သူတို့ကို ပုန်းပြီးတော့တောင် အလုပ်ကိုသွားနေကြရတာ။ ဒါတွေက ငါနဲ့မတူ ငါ့ရန်သူဆိုပြီး မှတ်ယူနေကြတော့ အတော်လေးကို စဉ်းစားမရဘူး။ အမှန်အတိုင်းပြောရရင် ဦးတို့အရွယ်နဲ့က အခုလို CDM လှုပ်ရှားမှုမှာ ပါရမယ့် အရွယ်လည်းမဟုတ်တော့သလို ကိုဗစ်–၁၉ ကပ်ရောဂါကလည်း တစ်မျိုးနဲ့ အလုပ်တွေက ပိတ်ထားတော့ မိသားစုဝမ်းရေးတောင် အတော်လေး ရုန်းကန်နေရတယ် " ဟု ဦးမြင့်မောင်(အမည်လွှဲ) က သူ၏အမြင်ကို ပြောသည်။

### ဘဝရပ်တည်မှုနှင့်ဆိုင်

"CDM လှုပ်ရှားမှုထဲ မပါဖြစ်ပါဘူး။ ဘဝနဲ့ရင်းပြီး ပါဖို့လည်း မစဉ်းစားပါဘူး။ ကျွန်မ ဘွဲ့ရပြီးကတည်းက ပိုက်ဆံရှိတဲ့ မိသားစုက ဆင်းသက်လာတာမဟုတ်တော့ အလုပ်မျိုးစုံ လုပ်ခဲ့ရတယ်။ အထူးသဖြင့် အရောင်းစာရေးမကအစ၊ ကုမ္ပဏီဝန်ထမ်းအဆုံး။ တကယ်တော့ ဘဝအာမခံချက်ကို ဘယ်အလုပ်မှ မပေးနိုင်ဘူးဆိုတာ လုပ်ရင်းနဲ့ သိလာတယ်။ အစိုးရဝန်ထမ်းလုပ်နေတဲ့ သူငယ်ချင်းတွေမြင်တော့လည်း အားကျမိတယ်။ အဲဒါနဲ့ အခုကျွန်မလုပ်နေတဲ့ ဝန်ကြီးဌာနက လစ်လပ် ဦးစီးအရာရှိနေရာတွေကို သတင်းစာမှာခေါ်တော့ မရမက သင်တန်း သွားတက်ပြီးတော့ ဖြေဆိုခဲ့တာ။ ဒီရာထူးကို လွယ်လွယ်နဲ့ ရခဲ့တာ မဟုတ်ဘူးလေ။ ပြောရရင် ဘဝရပ်တည်မှုနဲ့လည်း ဆိုင်မှာပါ။ သူငယ်ချင်းတွေကတော့ CDM မှာ မပါဝင်လို့ တချို့ဆို အပြစ်ပြောရုံတောင် မဟုတ်ဘူး။ အွန်လိုင်းမှာ ဘလေ့တောင် လုပ်သွားတယ်။ ဟိုနေ့ကဆို CDM ပါဝင်ဖို့၊ အလုပ်မဆင်းကြဖို့ ရုံးရှေ့မှာ လာအော်ကြတယ်။ အများသူငါသွားတဲ့လမ်းတွေကို ပိတ်ကြတယ်။ တော်တော်လေးကို အရုပ်ဆိုးပါတယ်။ ဒါတွေက သူတို့လိုချင်နေတဲ့ ဒီမိုကရေစီ ဖြစ်မယ်လို့ပဲ မှတ်ယူလိုက်ပါတယ်။ ကျွန်မအနေနဲ့ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတဲ့ သူငယ်ချင်းဝန်ထမ်းအချို့ကို ပြောချင်တာကတော့ ဆရာတော်ကြီးတစ်ပါး ဆိုဆုံးမခဲ့တဲ့ နောင်ကိုသိမှ သတိရလည်း ရွှေရင်ဆို့လိမ့် မဖြစ်စေချင်ဘူး။ ခုချိန်မှာ အလုပ်ပြန်လာဆင်းမယ် ဆိုရင် အချိန်မီသေးတယ်" ဟု ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးဖြစ်သူ မသင်းသင်းလှိုင် (အမည်လွှဲ) က ပြောသည်။

### အချိန်တွေ ရင်းနှီးမြှုပ်နှံခဲ့ကြရ

"CDM လှုပ်ရှားမှုနဲ့ပတ်သက်လို့ ပြောရရင် ကျွန်တော်က ဌာနဆိုင်ရာတစ်ခုရဲ့ အရာရှိ(ဌာနမှူး) တစ်ဦးဆိုတော့ သူငယ်ချင်း တစ်ယောက်က ဖုန်းဆက်တယ်။ မင်းရုံးမှာ ဝန်ထမ်းဘယ်လောက် CDM လှုပ်ရှားမှုမှာပါလဲ။ လေးပုံတစ်ပုံလောက်တော့ ပါကြပါတယ်လို့ ပြောလိုက်တယ်။ သူတို့ရုံးလည်း အဲဒီလောက်ပဲလို့ ပြောတယ်။ ကျွန်တော်လည်း အတတ်နိုင်ဆုံးတော့ ဝန်ထမ်းတွေကို ထိန်းပြီး ပြန်ခေါ်ပါတယ်။ ဒါပေမယ့် တချို့ဝန်ထမ်းတွေကျတော့လည်း အရင်ကတည်းက အကြောင်းအမျိုးမျိုးနဲ့ ထွက်ချင်နေတော့ CDM လှုပ်ရှားမှုမှာ ပါဝင်ကြတာပေါ့။ သူငယ်ချင်းဆရာဝန်ဆို အလုပ်ထွက်ပြီး အပြင်မှာ ဆေးခန်းဖွင့်ချင်နေတာကြာပြီ။ သူကိုယ်တိုင်က ဆေးရုံကြီးကို မသွားချင်ဘူးဖြစ်နေတာ။ သူတို့ကိုလည်း အပြစ်မပြောလိုပါဘူး။ ကိုယ်ကြိုက်နှစ်သက်တာကို ရွေးချယ်ပိုင်ခွင့်ရှိတာပဲလေ။ ကျွန်တော့် ဆီက ဝန်ထမ်းတချို့ဆို ထောက်ပံ့ကြေးရကြတယ် ပြောတယ်။ ရုံးကတပည့်အရင်းတစ်ယောက်ဆို CDM လှုပ်ရှားမှုမှာပါလို့ အကြိမ်ကြိမ်ပြော၊ အကြိမ်ကြိမ် ပြန်ခေါ်ပါသေးတယ်။ ဒါပေမယ့် ထောက်ပံ့ကြေး ယူထားတဲ့တစ်ဖက်မှာ ဝန်ခံကတိထိုးရတယ်ဆိုပဲ။ ခုချိန်မှာ ဌာနပေါင်းစုံက ရုံးမိန့်စာအသီးသီးနဲ့ ပြန်ခေါ်နေကြတုန်း ပြန်လာပြီး လုပ်စေချင်တယ်။ သူတို့အနေနဲ့ မိမိတတ်မြောက်ထားတဲ့ ပညာတွေ၊ အချိန်တွေ ရင်းနှီးမြှုပ်နှံခဲ့ကြရတာ။ ဒီအခြေအနေတွေကို စွန့်လွှတ်ပြီး CDM လှုပ်ရှားမှုမှာပါဝင်တဲ့ ဝန်ထမ်းတွေကို အယောင်ယောင်အမှားမှား မဖြစ်စေချင်ဘူး" ဟု ဦးအောင်မင်းမွန်(အမည်လွှဲ) ကလည်း သူ၏အမြင် အတိုင်း ပြောသည်။

### နိုင်ငံအတွက် မကောင်း

"ကျွန်မက CDM လှုပ်ရှားမှုမှာ မပါဖြစ်ဘူးဘဲ ပြောရမှာပေါ့။ အရင်တစ်ရက် နှစ်ရက်ကတော့ သူငယ်ချင်းတွေနဲ့ အတူလိုက်ပြီး လမ်းလျှောက် အော်လိုက်သေးတယ်။ နောက်ပိုင်းရက်တွေတော့ မလိုက်ဖြစ်တော့ပါဘူး။ နေပူကြီးထဲ လမ်းလျှောက်ရတာ ပင်ပန်းတာ လည်းပါတယ်။ ပြီးတော့ ဘာမှလည်းမထူးဘူးလို့ မြင်မိတယ်လေ။ ဘာလို့လဲဆိုတော့ ကျွန်မတို့အားလုံးက နိုင်ငံရေးမှ နားမလည်တာ။ သူများတွေ မြှောက်ပေးလို့သာ လိုက်လုပ်လိုက်ရတာ။ ဒီနေ့တော့ CDM လှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်လှုပ်ရှားမှုတွေ ရန်ကုန်မှာ သိပ်မတွေ့ရတော့ဘူး။ အရင်ရက်တွေကတော့ CDM လှုပ်ရှားမှုမှာပါဝင်တဲ့ အဖွဲ့တွေများတယ်။ တကယ်တော့ CDM လှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်ပွဲတွေမှာ တွေ့ရတာက လူငယ်တွေ၊ နိုင်ငံရေးရာ ဘာမှမသိသေးတဲ့ ကျောင်းနေအရွယ်ကလေးတွေက များနေတာကို တွေ့ရတယ်။ ဒါတွေက တကယ့်ကို မဖြစ်သင့်ဘူး။ တချို့လှုပ်ရှားမှုမှာ ပါဝင်နေတဲ့ လူငယ်တွေဆို CDM ဆိုတာ ဘာမှန်းတောင်မသိကြဘူး။ ကျွန်မက ကုမ္ပဏီက ပိတ်ထားတော့ အလုပ်ကို မသွားဖြစ်သေးဘူး။ သူငယ်ချင်းတွေကလည်းခေါ်တာနဲ့ လိုက်သွားဖြစ်တာ။ တကယ်တော့ နိုင်ငံအတွက် မကောင်းဘူးလို့ မြင်မိတယ်။ အခြေအနေ မြန်မြန်အေးချမ်းပါစေလို့ပဲ မျှော်လင့်တယ်။ အလုပ်လည်း မြန်မြန်ဆင်းချင်နေပြီ" ဟု ကုမ္ပဏီဝန်ထမ်းဖြစ်သူ မသူဇာဝင်း(အမည်လွှဲ) က ပြောသည်။

### CDM လှုပ်ရှားမှုမှာ မပါဝင်တော့

"ကျွန်တော်က အဝေးသင်တက္ကသိုလ်တက်နေတဲ့ ဒုတိယနှစ် ကျောင်းသားတစ်ဦးပါ။ CDM လှုပ်ရှားမှုမှာ သူငယ်ချင်းတွေနဲ့အတူ ဟိုတစ်နေ့က ထွက်ဖြစ်ပါတယ်။ ဒီနေ့တော့ ထပ်မထွက်တော့ဘူးဗျ။ ကျွန်တော်တို့အဖွဲ့က သူငယ်ချင်းနှစ်ယောက် ဟိုတစ်နေ့က ပါသွားတော့ အတော်ကလေး လန့်သွားတယ်။ သူတို့ ခုချိန်ထိလည်း အဆက်အသွယ် မရသေးဘူး။ သူ့မိဘတွေဆို ခဏခဏ ဖုန်းဆက်မေးတယ်။ အဲဒါကို တွေ့ပြီး အိမ်ကလည်း ကျောင်းမတက်ရဘဲနေမယ် ထပ်မလုပ်တော့နဲ့ ဆိုလို့ ဒီနေ့တော့ CDM လှုပ်ရှားမှုမှာ မပါဝင်တော့တာပါ။ တကယ်တော့ CDM လှုပ်ရှားမှုမှာက ကျွန်တော်တို့လို လူငယ်တွေများတယ်။ တချို့လူတွေက အွန်လိုင်းကပဲ ကျွန်တော်တို့လို လူငယ်တွေကို ရှေ့ထွက်အောင် မြှောက်ပေးနေကြတာ။ သူတို့က လမ်းမပေါ်ထွက် မလာကြဘူး။ ဟိုတစ်နေ့ကဆို အိမ်ပေါ်တွေကတောင် လမ်းပေါ် အော်ဟစ်နေတဲ့လူတွေကို လက်ခုပ်တီးအားပေးနေတာကို တွေ့ရတယ်။ ကျွန်တော် ပြန်စဉ်းစားကြည့်ပြီးတော့ ရှက်တောင်ရှက်မိတယ်။ အဘိုးကလည်း ဆူတယ်လေ။ အဘိုးပြောသလို မင်းတို့တစ်တွေက သူများမြှောက်ပေးတိုင်း CDM လှုပ်ရှားမှုမှာ ပါဝင်ရမှာလားတဲ့။ ကိုယ့်အသိဉာဏ်နဲ့ စဉ်းစားပေါ့တဲ့။ အဲဒါကြောင့် ကျွန်တော်လည်း CDM လှုပ်ရှားမှုမှာ ထပ်ပြီးတော့ မပါဝင်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်" ဟု ကျောင်းသားလူငယ်တစ်ဦးဖြစ်သူ မောင်နေမျိုး(အမည်လွှဲ) က ပြောသည်။

CDM လှုပ်ရှားမှုတွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်းများအား ယခုအခါ ဝန်ကြီးဌာနအသီးသီးက စာများဖြင့် ဆင့်ခေါ်ကာ ယခင်မူလအတိုင်း လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရန် အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်သည်။ ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများဖြင့်လည်း ဥပဒေနှင့်အညီ လျှော့ပေါ့ကာ ညှိနှိုင်းမှုများ ပြုလုပ်နေစဉ်အတွင်း လုပ်ငန်းခွင်သို့ ပြန်လည်တက်ရောက်ရန်မှာ အခွင့်အရေးတစ်ရပ် ဖြစ်သကဲ့သို့ အချိန်အခါကောင်းတစ်ခုလည်း ဖြစ်ပါကြောင်း တင်ပြ လိုက်ရပါသည်။

**တွေ့ဆုံမေးမြန်း– ထိုက်အောင်ဝင်း**

## မြဝတီမြို့၌ ရေမလိုလက်သန့်ဆေးရည်ပြုလုပ်နည်း လက်တွေ့သရုပ်ပြ

**မြဝတီ မတ် ၂**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် Woman Club တို့ ပူးပေါင်း၍ ရေမလိုလက်သန့်ဆေးရည် ပြုလုပ်နည်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြဝတီမြို့ ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ရေမလိုလက်သန့်ဆေးရည်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ Woman Club ဥက္ကဋ္ဌ ဒေါ်ကေခိုင်က ကိုဗစ်ကာလမှာ အသုံးပြုကြသည့် ရေမလိုလက်သန့်ဆေးရည်ကို ကိုယ်တိုင်ပြုလုပ်အသုံးပြုနိုင်ရန်နှင့် ရေမလိုလက်သန့်ဆေးရည် ပြုလုပ်ရာတွင်လည်း မိမိတို့ကြိုက်နှစ်သက် သည့်အနံ့များကိုထည့်ပြီး အသုံးပြုနိုင်ကြောင်း ရှင်းလင်းပြောကြား ခဲ့သည်။

ရေမလိုလက်သန့်ဆေးရည်ကို ကိုယ်တိုင်ပြုလုပ်အသုံးပြုခြင်းဖြင့် မိမိတို့၏ အိမ်တွင်းအသုံးစရိတ်များ သက်သာစေနိုင်သည့်အပြင် မိသားစု တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ်လည်း လုပ်ကိုင်နိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေး

**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ယမန်နေ့ နံနက် ၁၀ နာရီက စတင်ပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခန်းမ၌ မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (COVISHIELD) စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကိုတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်း ၅၀၀ အား မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးကြသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူများသည် ကာကွယ်ဆေးထိုးနှံပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံသွားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းဝေး ကျင်းပ

**စစ်တွေ မတ် ၂**

ရခိုင်ပြည်နယ် Coronavirus Disease – 2019 (Covid–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းဝေး(၂/၂၀၂၁)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် Coronavirus Disease – 2019 (Covid–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် သိသိသာသာ ကျဆင်းလာပြီဖြစ်သည့်အတွက် အဓိကအရေးကြီးလုပ်ငန်းဖြစ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရန်အတွက် ယခုအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွက် ရရှိသော



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ယခုလအတွင်း အမြန်ဆုံးအကျိုးရှိစွာ ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းဆောင်ရွက်ရာတွင်လည်း ကျန်းမာရေးဝန်ထမ်းများနှင့်အတူ တပ်မတော်မှ ဆရာဝန်များကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံမည့်သူများစာရင်းကို ခွဲခြားပြီး အောင်မြင်စွာဆောင်ရွက်နိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် မိမိတို့ဒေသတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည်လည်း တခြားဒေသများနှင့် နှိုင်းယှဉ်ပါက လျင်မြန်စွာလျော့နည်းလျက်ရှိရာ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ပိုပြီးလေးနက်ကာ ပိုပြီးကောင်းမွန်မည်ဖြစ်သည့်အတွက် အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် Coronavirus Disease – 2019 (Covid–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့မှုအခြေအနေ၊ ကာကွယ်ဆေးထိုးနှံပေးမည့်အရေအတွက်၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမည့်သူများ၊ ကာကွယ်ဆေးထိုးနှံပေးမည့် စုရပ်နေရာများ စသည်တို့ကို ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ ကျားရုပ်ကျောင်းတိုက်၌ ရောက်ရှိသီတင်းသုံးနေတော်မူသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မြောက်ဦးဆရာတော် အရှင်ဝါယာမိန္ဒအား တပ်မတော်မှ သမားတော်နှင့် ဆရာဝန်များက ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနေမှုအား သွားရောက်ဖူးမြော်သည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့ရှိ မဟာမုနိဘုရားရှင် သီတင်းသုံးတော်မူရာ သိမ်တော်အား ဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ အား ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းသည်။ ကျောက်တော်မြို့ရှိ မဟာမုနိဘုရားရှင် သီတင်းသုံးတော်မူရာ သိမ်တော်အား မြောက်ဦးဆရာတော် အရှင်ဝါယာမိန္ဒက ဦးဆောင်ကာ ဘက်စုံပြုပြင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်မည့် ဇိန်မှူတောင်ဒေသကို ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် လုပ်ဆောင်မည်

**ဟားခါး မတ် ၂**


ချင်းပြည်နယ် ဖလမ်းမြို့၊ ဟားခါးမြို့နှင့် ထန်တလန်မြို့တို့ကြားရှိပြီး ချင်းပြည်နယ်၏ တတိယအမြင့်ဆုံး ဇိန်မှူတောင်ဒေသကို ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် လုပ်ဆောင်မည်ဖြစ်ကြောင်း ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဇိန်မှူတောင်သည် ချင်းပြည်နယ်၏ အမြင့်ဆုံးခေါ်နူးစုမ်(ခေါ်)နတ်မတောင်ကဲ့သို့ အလွန်ပင်သာယာလှပလျက်ရှိနေသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် လူသိမများသေးဘဲ လက်ရှိတွင် ဒေသခံများသာ သွားရောက်လည်ပတ်မှုများရှိနေပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရေးအတွက် တောင်တက်လမ်းများ ကောင်းမွန်စေရန် လေ့လာမှုများပြုလုပ်နေခြင်းဖြစ်သည်။

“ဇိန်မှူတောင်က လိုင်သီးလီသဘာဝရေကန်နဲ့လည်းနီးပြီး အဲဒီရေကန်ကို နတ်ရေကန်လို့ လူသိများကြပါတယ်။ ဒီပတ်ဝန်းကျင်ကလည်း View Point သဘောမျိုးအနေနဲ့ တောင်ပေါ်ကနေ အလှအပတွေကို ကြည့်ရှုခံစားနိုင်မယ်။

ခရီးသွားဒေသအဖြစ် ဖွံ့ဖြိုးတိုးတက်လာရင် ဒေသခံတွေအတွက်လည်း အကျိုးရှိပြီး လူမှုစီးပွားရေးတွေကောင်းမွန်လာမယ်။ ဒီအခြေအနေတွေကြောင့် လိုင်သီးလီသဘာဝရေကန်ကို ခရီးသွားဒေသဖြစ်လာအောင် လုပ်ဆောင်နေပါတယ်။ ဒီနေရာကို မြို့သုံးမြို့ကနေ တစ်ဆင့် သွားရောက်လည်ပတ်နိုင်မှာဖြစ်တဲ့အတွက် ခရီးသွားဒေသအဖြစ် လုပ်ဆောင်တဲ့နေရာမှာ အသင့်လျော်ဆုံးပါပဲ။ တဖြည်းဖြည်း လူသိများလာနိုင်ပါတယ် ”ဟု ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဇိန်မှူတောင်သည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၈၄၁၄ တွင် တည်ရှိပြီး ရာသီဥတုသာယာချိန်တွင် ချင်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကိုလည်း မြင်တွေ့နိုင်မည်ဖြစ်သည်။



ခရီးသွားများအနေဖြင့် ဖလမ်းမြို့၊ ဟားခါးမြို့နှင့် ထန်တလန်မြို့တို့မှ တစ်ဆင့် ယာဉ်၊ ဆိုင်ကယ်များဖြင့် သွားရောက်လည်ပတ် နိုင်မည်ဖြစ်ပြီး သဘာဝအတိုင်း လှပမှုရှိနေသဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်ဆောင်တော့မည့်အပြင် သစ်ခွပန်းပင်များ၊ ကျေးငှက်များနှင့် တောရိုင်းတိရစ္ဆာန်များစွာရှိပြီး သဘာဝအတိုင်းတည်ရှိနေသော တောင်အမျိုးအစားဖြစ်ကာ ခရီးသွားလုပ်ငန်းအဖြစ် ဖော်ဆောင်နိုင်မည်ဆိုပါက ချင်းပြည်နယ်အတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ဇိုဟောဆာ**

# ရောဝတီတိုင်းဒေသကြီးတွင် တောင်သူလယ်သမားနေ့အခမ်းအနား ကျင်းပ

**ပုသိမ် မတ် ၂**
တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု ဝါးဒူးကျေးရွာတွင် ကျင်းပသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများက တောင်သူလယ်သမားနေ့အထိမ်းအမှတ် တောင်သူပညာပေး စံပြစိုက်ခင်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တောင်သူလယ်သမားထုကြီးအား ကိုယ်စားပြုပြီး လယ်ယာကဏ္ဍကို အားထားနေရသည့် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်တွင် စီးပွားရေးဦးတည်ချက်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကိုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပြီး တခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဟူ၍ဦးတည်ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ရောဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီကြီးဖြစ်သည်နှင့်အညီ မိုးစပါး၊ နွေစပါး စုစုပေါင်း စိုက်ဧက ၅၁ သန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း၊ ၎င်းအပြင် ပြည်ပပို့ကုန် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံစသည့် အမည်စုံသီးနှံစိုက်ပျိုးလျက်ရှိကြောင်း၊ အားလုံးပါဝင်သည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ရောဝတီတိုင်းဒေသကြီးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ ကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်တို့မှ တာဝန်ရှိများ၊ တောင်သူလယ်သမားများက ဆီထွက်သီးနှံစိုက်ခင်း၊ ပဲမျိုးစုံသီးနှံ၊ အစေ့ထုတ်ပြောင်းသီးနှံ၊ ပန်းနှမ်း၊ ဖိုးတောင်သူတဲ၊ ငရုတ်စိုက်ပျိုးထုတ်လုပ်မှုစိုက်ခင်း၊ ဟင်းသီးဟင်းရွက်စံပြစိုက်ခင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ လိုက်လံလေ့လာခဲ့ကြသည်။



တောင်သူလယ်သမားနေ့ အထိမ်းအမှတ် တောင်သူပညာပေးစံပြစိုက်ခင်းများကို မတ် ၂ ရက်မှ ၄ ရက်အထိ ပြသထားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ မတ် ၂ ရက်တွင် ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်အတွင်းရှိ မြို့နယ်များမှတစ်ဆင့် တစ်မြို့နယ်လျှင် တောင်သူဦးရေ ၃၀ စီဖြင့် ၂၀၀၊ မတ် ၃ ရက်တွင် ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ တစ်မြို့နယ်လျှင် ၃၀ စီဖြင့် ၂၄၀၊ မတ် ၄ ရက်က ဟသ်ာတခရိုင်နှင့် လပွတ္တာခရိုင်အတွင်းရှိ မြို့နယ်များမှ တစ်မြို့နယ်လျှင် ၃၀ စီဖြင့် ၂၄၀ တို့က စိုက်ခင်းများကို အလှည့်ကျလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန် /ဆက်)**

## ဆန်၊ စက်သုံးဆီလုံလောက်မှုရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး ကချင်ပြည်နယ်အတွင်း ညှိနှိုင်းဆွေးနွေး




**မြစ်ကြီးနား မတ် ၂**
ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် ဆန်နှင့် စက်သုံးဆီလုံလောက်မှုရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးတို့အတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ဆန်ကုန်သည်ကြီးများ အသင်းမှ တာဝန်ရှိသူများ၊ စက်သုံးဆီလုပ်ငန်းရှင်များနှင့် မတ် ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်နယ်ကောင်စီအနေဖြင့် တာဝန်ယူစဉ်ကြားကာလအတွင်း ပြည်သူများ၏ အကျိုးစီးပွားအတွက်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဆန်နှင့် စက်သုံးဆီသည် အဓိကကျသည့် အခြေခံကုန်ပစ္စည်းများဖြစ်သောကြောင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးနှင့် မိမိတို့ပြည်နယ်သူ၊ ပြည်နယ်သားများ စိုးရိမ်ပူပန်မှုမရှိစေရေး၊ ဈေးနှုန်းမြင့်တက်လာမှုမရှိစေရေးတို့ကို မိမိတို့အနေဖြင့် ကြိုတင်စီမံဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် ဥပဒေနှင့်အညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အတူလက်တွဲပြီး ညှိနှိုင်းအဖြေရှာရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း ဆန်စားသုံးမှုအခြေအနေ၊ ဆန်လိုအပ်ချက်အပေါ် ဝယ်ယူဖြည့်တင်းမှု အခြေအနေနှင့်ပြည်နယ်အတွက် လုံလောက်သည့်ဆန်စပါး ထုတ်လုပ်နိုင်မှု အခြေအနေတို့အပြင် ဈေးနှုန်းပြောင်းလဲမှု ကြီးမားစွာ မဖြစ်ပေါ်နိုင်သည့် ကိစ္စရပ်များ၊ စက်သုံးဆီလုပ်ငန်းရှင်များက စက်သုံးဆီနှင့်ပတ်သက်၍ လတ်တလော နိုင်ငံခြားငွေဈေးအပေါ်မူတည်၍ ဈေးအနည်းငယ် မြင့်တက်ခဲ့သော်လည်း ပြတ်လပ်သွားနိုင်သည့်အထိမရှိကြောင်းနှင့် တောင်သူများအတွက် စက်သုံးဆီ လုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်ချက်များအပေါ် သိရှိလိုသည်များနှင့်ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် လုံလောက်သည့် ဆန်ပမာဏအပေါ် ကောင်စီအဖွဲ့မှ ပံ့ပိုးကူညီရန်ကိစ္စရပ်များ၊ စက်သုံးဆီလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် မြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရေးတို့ကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

## ပဲခူး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ ၈ ရက် ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်းအား ဖတ်ကြားရှင်းလင်း

**ပဲခူး မတ် ၂**
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မတ် ၁ ရက် မွန်းလွဲ ၂ နာရီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ ၈ ရက် ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်းအား ဖတ်ကြားရှင်းလင်းပွဲ ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီးအတွင်း Road Map ငါးချက်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်ကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သလို ယခင်အတည်ပြုခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ တင်ဒါလုပ်ငန်းများကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် မိုးရာသီမရောက်မီ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ မြန်မြန်ဆန်ဆန်တင်ပြရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း သတ်မှတ်စည်းကမ်းများနှင့်အညီ အတည်ပြုချက်ရယူ၍ ဆက်လက်ဆောင်ရွက်သွားရန်နှင့် ပဲခူးတိုင်းဒေသကြီးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးလုံးရေ ၁၅၀၀၀၀ ရောက်ရှိမည်ဖြစ်၍ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံသည့် ကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံနိုင်ရေးနှင့် ဌာနဆိုင်ရာများ၊ သံဃာတော်များ၊ ပြည်သူများအား ပထမအကြိမ် ကာကွယ်ဆေးထိုးပေးမည်ဖြစ်ရာ မိမိဝန်ထမ်းများအား ကြိုတင်အသိပေးထားရန် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ အတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ ၈ ရက် ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းအား ဖတ်ကြား ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်နေမှု၊ ဝန်ထမ်းများလိုက်နာရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး**
**(ပဲခူး)**

# ရှိးရှင်းသော အိမ်ဂေဟာနေရာစီမံမှု

နွေဦးမောင်

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ ၁၀ တွင် ဖော်ပြထားသော စာရေးသူ အောင်အောင် (IR) ၏ "ဂျပန်နှင့် ရိုးရှင်းမှု" ဆောင်းပါးကို ဖတ်လိုက်ရပြီးကတည်းက ကျွန်တော့်အတွေးထဲတွင် နေရာအနှံ့မှ အကောင်းဆုံးများကို ရှာဖွေရယူအသုံးပြုရန်အကြောင်းက နေရာယူနေပါသည်။ ဆရာရေးသားထားသော ဂျပန်တို့၏ ရိုးရှင်းစွာနေထိုင်ကြပုံကို ကောင်းသော နမူနာအဖြစ် ကျွန်တော်တို့ ယူနိုင်ကြပါလျှင် ပြည်သူ ပြည်သားတစ်ဦးချင်းအလိုက်မှသည် နိုင်ငံတော်အထိတိုင် ကုန်ကျစရိတ်များ များစွာ သက်သာလျော့ပါးကာ ငွေယိုပေါက်များကို ပိတ်နိုင်ပါလိမ့်မည်။ အကျိုးဆက်အဖြစ် မကုန်သင့်သည်များ မကုန်နိုင်သောကြောင့် တစ်ဦးချင်း၊ မိသားတစ်စုချင်း လူနေမှုချောင်လည်လာကာ နိုင်ငံတော်အဆင့်အထိ စီးပွားရေးပါ တိုးတက်လာပါလိမ့်မည်။

### အတွေးများကို လှုပ်နှိုးသလို ဖြစ်သွား

ကျွန်တော် ဂျပန်နိုင်ငံကို မရောက်ဖူးပါ။ သို့သော် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများတွင် ဂျပန်လူမျိုးတို့ နေထိုင်သော သပ်ရပ်သေသပ်လှပသည့် အိမ်ခန်းများကို တွေ့ရှိဖူးပါသည်။ ဆောင်းပါးတွင် ဆရာထောက်ပြထားသော မလိုလားအပ်သည့် ပစ္စည်းများကို သိမ်းဆည်းထားမိခြင်းဆိုသည့် အကြောင်းအရာသည် အခြားသူများကို မဆိုလို၊ ကျွန်တော့်အတွေးများကို လှုပ်နှိုးသလို ဖြစ်သွားပါသည်။ ဆရာ၏ ဆောင်းပါးကို သေသေချာချာ ဖတ်မိသူတိုင်း ကျွန်တော်ကဲ့သို့ ခံစားရမည်မှာ မလွဲပါ။ ဆောင်းပါးတစ်စောင်လုံးမှ ဂျပန်တို့၏ ရိုးရှင်းစွာ နေထိုင်မှုပုံစံကို စိတ်ဝင်စားမိသဖြင့် နေအိမ်များတွင်ရှိသော မဖယ်ထုတ်ရသေးသည့် ပစ္စည်းများအကြောင်းကို ကျွန်တော့်အတွေးများက ဦးတည်နေပါသည်။ မလိုသည်များ မဖယ်ရှားမိသည့်အတွက် ဖြစ်ပေါ်လာမည့် အပြစ်များနှင့် ဖယ်ရှားလိုက်သောကြောင့် ရရှိမည့်ကောင်းကျိုးများကို နှိုင်းယှဉ်နေမိပါသည်။

### မလိုအပ်သည့်ပစ္စည်းများစွာရှိနေ

ကျွန်တော့်အိမ်တွင် လတ်တလောအတွက်ရော ရေရှည်အတွက်ပါ မလိုအပ်သည့်ပစ္စည်းများစွာရှိနေပါသည်။ ထိုပစ္စည်းများကို အကြောင်းကြောင်းကြောင့် ခင်တွယ်နေမိပါသည်။ တစ်သက်တာအတွက် လိုအပ်သော စာအုပ်စာစောင်များကို သိမ်းဆည်းထားခြင်းမှတစ်ပါး တစ်အိမ်လုံးတွင် မလိုအပ်သော ပစ္စည်းများနှင့် ပိုနေသော ပစ္စည်းများ များစွာရှိနေပါသည်။ ထို့အတူ ယေဘုယျအားဖြင့် ကျွန်တော်ကိုယ်တိုင် ထိုပစ္စည်းများသည် မလိုအပ်မှန်း၊ အပိုဖြစ်နေမှန်းသိရှိပြီး ဖြစ်ပါသည်။ သို့သော် မစွန့်ပစ်ရက်ပါ။ နောင်တစ်ချိန် အသုံးဝင်ကောင်းဝင်လာလိမ့်နိုးဖြင့် သိမ်းဆည်းထားမိပါသည်။ ထိုသို့ သိမ်းဆည်းထားသော ပစ္စည်းများ ကျွန်တော့်ထံတွင် များစွာရှိပါသည်။ ဥပမာ အဝတ်ဗီရိုထဲတွင် ကျွန်တော်နှင့် အရွယ်မတော်တော့သည့် အဝတ်အစားများကို သိမ်းထားပါသည်။ လွန်ခဲ့သော ငါးနှစ်ခန့်က ကျွန်တော့်ခန္ဓာကိုယ်သည် ယခုခန္ဓာကိုယ်နှင့် မတူတော့ပါ။ ထိုစဉ်က အဝတ်များကို ယခု အကောင်းကြီး ရှိနေသေးသည့်တိုင် ကျွန်တော် ပြန်ဝတ်၍ မရနိုင်တော့ပါ။ သို့သော် အဝတ်ဗီရို၏ အောက်ဆုံးအလွှာတွင် ထိုအဝတ်များ နေရာယူနေဆဲဖြစ်ပါသည်။

### နှစ်ကာလများလာသောအခါ အပုံလိုက်ဖြစ်လာ

ကျွန်တော့် စာအုပ်ဗီရိုများတွင် စာအုပ်များစွာ ရှိပါသည်။ တစ်သက်လုံး မစားရက် မသောက်ရက် စုဆောင်းပြီး ဝယ်ယူထားသောစာအုပ်များ ဖြစ်ပါသည်။ သို့အတွက် လိုအပ်သည့်အခါတွင် ပြန်လည်ရှာဖွေ ဖတ်ရှုနေရသောကြောင့် အသုံးဝင်နေဆဲဖြစ်ပါသည်။ သို့သော် ထိုစာအုပ်များအကြားတွင် စာရွက်စာတမ်းပေါင်း မြောက်မြားစွာညပ်ပြီး တည်ရှိနေပါသည်။ နှစ်ကာလများလာသောအခါ အပုံလိုက်ဖြစ်လာပါသည်။ ယခု အသက်အရွယ်တွင် အသုံးမဝင်တော့သည့် ထိုစာရွက်စာတမ်းများကို စိစစ်ပြီး ဖယ်ရှားရပါဦးမည်။

### အမျိုးစုံနေအောင် စုဆောင်းသိမ်းဆည်းထားတတ်

အထက်ပါ ဖော်ပြချက်များမှာ နမူနာတင်ပြချက်များ ဖြစ်ပါသည်။ နောင်တစ်ချိန် အသုံးချနိုင်နိုးဖြင့် ကျွန်တော်တို့သည် အသုံးပြုပြီးသား သို့မဟုတ် အသုံးပြုရာတွင် ကျန်ရစ်သော မီးကြိုးအတိုအစများ၊ ဘူးခွံ၊ ပုလင်းခွံများ၊ သစ်သားအပိုင်းအစများ၊ အိတ်ဟောင်းများ၊ မူလီများ၊ စာရွက်အတိုအစများ စသည်ဖြင့် အမျိုးစုံနေအောင် စုဆောင်းသိမ်းဆည်းထားတတ်ကြသည်။ အချို့ပစ္စည်းများမှာ တမင်သက်သက်ကို မိမိအိမ်တွင် ဝယ်ယူစုဆောင်းထားရမည့် ပစ္စည်းများဖြစ်ကြသော်လည်း အချို့မှာ မိမိတို့အိမ်များတွင် လတ်တလောလည်း သုံးစွဲရန်မလို နောင်ကာလကြာရှည်ပါကလည်း အသုံးဝင်ရန် မသေချာသော ပစ္စည်းများလည်း ရှိနေတတ်ပါသည်။ အချို့ပစ္စည်းများ ဥပမာ မီးခလုတ်ကဲ့သို့ လျှပ်စစ်ပစ္စည်းများကို အိမ်တွင် အပိုဆောင်ထားခြင်းသည် မည်သည့်အချိန်တွင် အသုံးပြုဖြစ်မည် မသိနိုင်သောကြောင့် ထိုသို့ သိမ်းဆည်းထားမည့်အစား လိုအပ်သည့်အချိန်တွင်မှ ဆိုင်တွင်ဝယ်ယူအသုံးပြုလိုက်ခြင်းသည် ပိုမိုသစ်လွင်ပြီး သေချာသော အာမခံချက်ကို ရရှိခံစားနိုင်ပါသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် စုဆောင်းရမည့် ပစ္စည်းများနှင့် မစုဆောင်းရသည့် ပစ္စည်းများကို ရှင်းလင်းစွာ နားလည်ခွဲခြားတတ်ရန် လိုပါသည်။

### ကျန်းမာရေးအတွက် ဆိုးကျိုးများ စတင်ဖြစ်ပေါ်လာ

မစုဆောင်းသင့်တော့သည့် ပစ္စည်းများကို မိမိအိမ်တွင် သိမ်းဆည်းထားမိသောကြောင့် မိမိတို့နေထိုင်ရမည့် အိမ်နေရာအစိတ်အပိုင်းကို ခွဲဝေပေးလိုက်ရပါသည်။ ထို့ကြောင့် ယင်းပစ္စည်းများအတွက် နေ့စဉ်သန့်ရှင်းရေးလုပ်ရန် လိုအပ်လာပါသည်။ ထိုသို့ မလုပ်နိုင်ပါက ဖုန်နှင့် အမှိုက်သရိုက်များက အဆိုပါ ပစ္စည်းများကြားတွင် နေရာယူပေတော့မည်။ ထိုအခါ ကျန်းမာရေးအတွက် ဆိုးကျိုးများ စတင်ဖြစ်ပေါ်လာတော့မည်။ အပိုပစ္စည်းကြောင့် ဖြစ်လာသော ဆိုးကျိုးများသည် နောက်ဆုံးတွင် ထိုအပိုပစ္စည်းကို တမက်စက်စက် သိမ်းဆည်းထားသူအပေါ်တွင်သာ ကျရောက်မည်ဖြစ်သောကြောင့် နာလည်းနာသေး၊ နံလည်းနံသေး အဖြစ်သို့ ရောက်ရှိရပါသည်။

ယနေ့ခေတ်ကာလတွင် လူနေမှုကျပ်တည်းသောကြောင့် ရန်ကုန်မြို့ကြီး၏ ဆင်ခြေဖုံးမြို့များတွင် အကျယ်ဆယ်ပေမျှသော အိမ်ကလေးများ များစွာတည်ဆောက် နေထိုင်နေကြရပါသည်။ သို့သော် အဆိုပါ အိမ်ကလေးများကို ပိုင်ဆိုင်ရန်ပင် မလွယ်လှပါ။ အိမ်ပိုင်မရှိသည့် မိသားစုများစွာသည် သူတစ်ပါး၏ အဆောက်အအုံတွင် ငှားရမ်းနေထိုင်ကြရသည်။ မိမိတို့တတ်နိုင်လျှင် အခန်းကျယ်များဖြင့် နေနိုင်သော်လည်း မတတ်နိုင်သူများအဖို့ ရနိုင်သမျှ အိမ်နေရာ ကျဉ်းကျဉ်းကျုတ်ကျုတ်တွင်ပင် မိသားစု ဖြစ်သလိုနေကြရသည်။ ဤသို့သော အခြေအနေတွင် မိမိတို့၏ ရှားပါးလှသော နေရာထိုင်ခင်း အကျယ်အဝန်းအတွင်း မရှိသင့်သော ပစ္စည်းများကို နေရာခွဲပေးရန်မှာ မဖြစ်နိုင်တော့ပါ။

### အိမ်များတွင် လိုအပ်မှု မတူနိုင်ကြ

ထို့အတွက် မိမိတို့ တစ်ကိုယ်ရေဖြစ်စေ၊ မိမိတို့မိသားစုဖြစ်စေ နေထိုင်ရမည့် ဧရိယာကို စနစ်တကျ စီမံထားသိုတတ်ရန် လိုအပ်လာပါသည်။ စိတ်ကူးကောင်းရန် လိုလာပါသည်။ သို့မှသာ မရှိမဖြစ် ပစ္စည်းများကို နေရာချရန်နှင့် မိမိတို့ မိသားစု ချောင်ချိစွာ နေထိုင်ရန် ဆုံးဖြတ်နိုင်ပါမည်။ မရှိမဖြစ် ပစ္စည်းဆိုရာတွင်လည်း လိုအပ်မှုသည် မိသားစုတစ်ခုနှင့်တစ်ခု မတူညီနိုင်ပါ။ လူတစ်ဦးနှင့်တစ်ဦး မတူညီနိုင်ပါ။ နမူနာအားဖြင့် ကလေးရှိသည့် မိသားစုနှင့် အရွယ်ရောက် လူကြီးများချည်း နေထိုင်သော အိမ်များတွင် လိုအပ်မှု မတူနိုင်ကြပါ။ ထို့ကြောင့် မိမိတို့နှင့် လိုက်လျောညီထွေရှိရန် စဉ်းစားဆုံးဖြတ်ရပါမည်။

ဥပမာ ကလေးငယ်ရှိသော အိမ်မျိုးတွင် ကလေးကစားတတ်သည့် ပစ္စည်းပစ္စယတို့သည် ရှိနေမည်မှာ မလွဲပါ။ ဆေးပုလင်း အခွံလေးများမှအစ အရုပ်လေးများ၊ အိတ်များ၊ သေတ္တာများ စသည်တို့ကို ချက်ချင်းဖယ်ရှား၍ မရနိုင်ပါ။ ကလေးဆိုသည်က အဖိုးတန်ပစ္စည်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူတို့၏ မျက်စိတွင် အသစ်အဆန်းဖြစ်နေပါက ပျော်ရွှင်စွာ ကိုင်တွယ်ဆော့ကစားချင်တတ်ကြသည်။ သို့သော် မကြာမီမှာပင် သူတို့အတွက် ရိုးသွားပါက လှည့်ကြည့်တော့မည်မဟုတ်ပေ။ ထိုအချိန်တွင် အဆိုပါ ပစ္စည်းသည် မိသားစုအတွက် နောင်တွင် အမှန်တကယ် မလိုအပ်သည်မှာ သေချာပါက ဖယ်ရှားရှင်းလင်းရပါသည်။ သို့မှသာ အသစ်အသစ်တို့ ရောက်ရှိနေရာယူသောအခါ အခက်အခဲမရှိ နေရာပေးနိုင်ရန် ဖြစ်ပါသည်။

မိမိတို့၏ အိမ်ခန်း သို့မဟုတ် အိမ်၏ ဧရိယာကို မှန်ကန်စွာ စီမံနေရာချထားနိုင်မှသာ လှပတင့်တယ်ပြီး နေချင်စဖွယ်ကောင်းကာ မိသားစုသက်သာချောင်ချိစွာ နေထိုင်နိုင်ပါလိမ့်မည်။ ထိုသို့ စီမံနေရာချထားနိုင်ရန်မှာ အနုပညာမျက်စိသာမက အင်ဂျင်နီယာအတွေးပါ ရှိထားရန် လိုအပ်ပါသည်။ ပစ္စည်းပစ္စယများကို သေချာစွာအကွက်ချပြီး နေရာပေးတတ်ရပါမည်။ မျိုးတူရာပစ္စည်းများအလိုက် ထားရှိသင့်သောနေရာကို ဆုံးဖြတ်တတ်ရပါမည်။ မိမိသိုမှီးသိမ်းဆည်းထားသောပစ္စည်းများကို အလွယ်တကူ ပြန်လည်ရှာဖွေအသုံးပြုနိုင်သည့်နေရာလည်း ဖြစ်ရပါမည်။ မိမိသာမက မိသားစုဝင်များပါ အလွယ်တကူ ရှာဖွေနိုင်သောနေရာတွင် ရှိနေရပါမည်။

ကျွန်တော်တို့အတွက် ဂျပန်တို့၏ လူနေမှုဘဝပုံစံကို မြည်းစမ်းခွင့်ရရှိပြီး အတွေးများ နောက်ဆက်တွဲ ပွားများခွင့်ရရှိစေရန် မိတ်ဆက်ပေးသော ဆရာအောင်အောင် (IR)ကို ကျေးဇူးအထူးတင်ရှိပါကြောင်း ဦးညွှတ်ဖော်ပြရင်း မိမိတို့၏ အိမ်ဂေဟာတွင် ပိုင်ဆိုင်မှုပစ္စည်းများကို အနုပညာမြောက်စွာ နေရာတကျထားသိုနိုင်ရေးအတွက် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**မိမိတို့၏ အိမ်ခန်း သို့မဟုတ် အိမ်၏ဧရိယာကို မှန်ကန်စွာစီမံနေရာချထားနိုင်မှသာ လှပတင့်တယ်ပြီး နေချင်စဖွယ်ကောင်းကာ မိသားစုသက်သာချောင်ချိစွာ နေထိုင်နိုင်ပါလိမ့်မည်။ ထိုသို့ စီမံနေရာချထားနိုင်ရန်မှာ အနုပညာမျက်စိသာမက အင်ဂျင်နီယာအတွေးပါ ရှိထားရန်လိုအပ်ပါသည်။ ပစ္စည်းပစ္စယများကို သေချာစွာအကွက်ချပြီး နေရာပေးတတ်ရပါမည်။ မျိုးတူရာပစ္စည်းများအလိုက် ထားရှိသင့်သောနေရာကို ဆုံးဖြတ်တတ်ရပါမည်။ မိမိသိုမှီးသိမ်းဆည်းထားသော ပစ္စည်းများကို အလွယ်တကူ ပြန်လည်ရှာဖွေအသုံးပြုနိုင်သည့် နေရာလည်းဖြစ်ရပါမည်။**

## မုန်ညင်းနှင့် အခြားဟင်းသီးဟင်းရွက်သီးနှံများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေ

**မင်းဘူး မတ် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာမှ တောင်သူများသည် မြေအောက်ရေဖြင့် ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံကိုစိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မုန်ညင်းနှင့် အခြားဟင်းသီးဟင်းရွက်သီးနှံများ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၍ အဆင်ပြေလျက်ရှိကြောင်း ကျောက်တန်းကျေးရွာ မုန်ညင်းစိုက်တောင်သူ ဒေါ်မြကြည်ထံမှ သိရသည်။

ယင်းသို့စိုက်ပျိုးရာတွင် ငါးနှစ်ခန့်ရှိပြီး မိသားစုလိုက်လုပ်သည်ဖြစ်သည့်အတွက် ထွန်ယက်ခနှင့် ဆေးဖိုးသာကုန်ကျကြောင်း၊ အခြားသီးနှံများကဲ့သို့ ပေါင်းရှင်း၊ မြေဆွ ထွေထွေထူးထူးမလုပ်ရဘဲ တစ်လကျော်နှင့် ငွေပေါ်သောသီးနှံဖြစ်ကြောင်း၊ ယခု မုန်ညင်းလှိုင်လှိုင်ပေါ်သည့်အချိန်တွင် နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ရောင်းချနေရပြီး မုန်ညင်းနှင့် အခြားသီးနှံများအနည်းငယ်စီစိုက်ပျိုးထားသည့်အတွက် လက်မလည်ဘဲ အမြဲရောင်းချနေရကြောင်း သိရသည်။

တစ်ပိုင်တစ်နိုင်လုပ်ငန်းဖြစ်၍ ထွန်ယက်သည့်အချိန်နှင့် စိုက်ပျိုးသည့်အချိန်မှသာ အငှားသမားဖြင့်ပြုလုပ်ကြပြီး သီးနှံပေါ်သည့်အချိန်တွင် မိသားစုများဝိုင်းဝန်းလုပ်ကိုင်၍ ရောင်းချသည့်အတွက် အငှားသမားများအားပေးရမည့် ဝင်ငွေတိုးလာလေသည်။ စိုက်ခင်းထဲတွင် ဘူး၊ နံနံပင်၊ ရွှေပဲသီး၊ မုန်ညင်းနှင့် ငရုတ်ပင်များစိုက်ပျိုးထားပြီး သီးနှံပင်များ တစ်မျိုးပြီးတစ်မျိုး ပေါ်နေသည့်အတွက် ဝင်ငွေမပြတ်ရရှိ၍ လုပ်ငန်းအဆင်ပြေကြောင်း ကျောက်တန်းကျေးရွာမှ မုန်ညင်းနှင့် အခြားသီးနှံပင်များ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူ ဒေါ်မြကြည်က ပြောကြားသည်။

**ဇေယျာထက်**
**(မင်းဘူး)**





## သီးနှံစိုက်ခင်းများတွင် ဓာတုဆေးဝါးများပိုမိုသုံးစွဲလာရ၍ အရင်းအနှီးပိုမိုကုန်ကျ

**ဝန်းသို မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် လက်ပံကြီးတောအုပ်စုနန်းလိုင်းဆည်ကိုအခြေခံလျက်ရှိသော သီးနှံစိုက်ခင်းများတွင် သဘာဝမြေသြဇာ ရှားပါးမှုကြောင့် အပင်အားဆေး၊ ဓာတ်မြေသြဇာ၊ ကွန်ပေါင်းဓာတ်မြေသြဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး စသည်တို့ကို ပိုမိုသုံးစွဲလာရကြောင်း သီးနှံစိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။

ယခုအခါ မြေပဲ၊ နေကြာ၊ ကြက်သွန်၊ ပြောင်း၊ ဖရဲ၊ ပန်းမျိုးစုံ၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ငရုတ်စသည်တို့ကို အဓိကအားထားစိုက်ပျိုးကြသည်။ သီးနှံစိုက်ပျိုးကြသည့်တောင်သူများအနေဖြင့် ယခင်က တစ်အိမ်ထောင်စုလျှင် လယ်ဧကပေါ်မူတည်၍ ခိုင်းနွားများ မွေးမြူလျက်ရှိပြီး ယခုအခါ စက်မှုထွန်းကားလာသည်နှင့်အမျှ အချို့တောင်သူများသည် လယ်မြေသာရှိပြီး ခိုင်းနွားများမွေးမြူမှု မရှိတော့သည့်အတွက် သဘာဝမြေသြဇာအစား သီးနှံစိုက်တောင်သူများအနေဖြင့် ဓာတုဆေးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲလာသောကြောင့် စိုက်ခင်းများတွင် မြေဆီလွှာများ ယုတ်လျော့လာပြီး နိုက်ထရိုဂျင်၊ ဖော့စဖိတ်၊ ပိုတက်စီယမ် စသည့်အပင်အားဆေးများ သုံးစွဲမှသာ အပင်များဖြစ်ထွန်းသဖြင့် တစ်နှစ်ထက်တစ်နှစ် ဓာတုဆေးများ ပိုမိုသုံးစွဲလာရကြောင်း၊ ပိုးမွှားများလည်း ပိုမိုကျရောက်လာကြောင်း ရှမ်းစုကျေးရွာမှ သီးနှံစိုက်တောင်သူဦးတင်ရွှေက ပြောသည်။

စိုက်ခင်းများမှထွက်ရှိသည့် သီးနှံများနှင့် ဟင်းသီးဟင်းရွက်များကို ဝန်းသိုမြို့နှင့် ကောလင်းမြို့သို့ရောင်းချရပြီး ဝန်းသိုမြို့နယ် နန်းလိုင်းဆည်ကို အခြေခံလျက်ရှိသော သီးနှံစိုက်ခင်းများသည် ဓာတုပိုးသတ်ဆေးများ ပိုမိုသုံးစွဲခြင်းကြောင့် အရင်းအနှီး ယခင်ကထက် ပိုမိုကုန်ကျကြောင်း သိရသည်။

**မြင့်ထွန်းမင်း**
**(ကောလင်း)**

## မိုင်းယောင်း၌ ရွှေဖရုံသီးနုများခူးဆွတ်ရောင်းချခြင်းဖြင့် တောင်သူများအပိုဝင်ငွေရ

**မိုင်းယောင်း မတ် ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်မှ တောင်သူများသည် ဆောင်းသီးနှံ ရွှေဖရုံကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး ရွှေဖရုံသီးနုများကို ခူးဆွတ်ရောင်းချခြင်းဖြင့် အပိုဝင်ငွေ ရှာဖွေနေကြကြောင်း သိရသည်။

“ရွှေဖရုံသီးနုသုံးလုံးခန့်ကို တစ်စည်းစည်းပြီး ရောင်းချပါတယ်။ တစ်စည်းကို ကျပ် ၅၀၀ နှုန်းခန့်နဲ့ ရောင်းချရပါတယ်။ ကျွန်မတို့က တောင်သူတွေဆိုတော့ ဒီလိုပဲ ခြံထွက်သီးနှံကိုပဲ အဓိကထားပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချကြပါတယ်။ ရာသီအလိုက် သီးနှံတွေမပြတ်အောင် စိုက်ပျိုးပြီးတော့ မြို့မဈေးမှာ ရောင်းချပါတယ်။ ခြံထွက်ဟင်းသီးဟင်းရွက်တွေ ခူးဆွတ်ရောင်းချပြီးတော့ မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေရှာနေကြရပါတယ်။ ဒီဒေသမှာနေထိုင်တဲ့သူတွေကလည်း အသီးအနှံတွေ ဝယ်ယူစားသုံးကြတာများတော့ စိုက်ပျိုးရောင်းချရတာလည်း အဆင်ပြေပါတယ်” ဟု မြို့မဈေးအတွင်း ရွှေဖရုံသီးနုရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

မိုင်းယောင်းမြို့နယ်မှ တောင်သူများသည် ခြံထွက်ဟင်းသီးဟင်းရွက်များကို ရာသီအလိုက် စိုက်ပျိုးကြကာ ယခုကာလတွင် ဒေသထွက် ဟင်းသီးဟင်းရွက်များကိုသာ အဓိကထားရောင်းချခြင်းဖြင့် မိသားစုအတွက် အပိုဝင်ငွေရရှိရေးရှာဖွေနေကြကြောင်း ခြံစိုက်တောင်သူများထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဂန့်ဂေါ၌ ဖရဲသီးနှံကို ဆောင်းသီးနှံစိုက်ခင်းဘေးတွင် သီးညှပ်အဖြစ်စိုက်ပျိုး

**ဂန့်ဂေါ မတ် ၂**

ဂန့်ဂေါမြို့နယ်၌ ဆောင်းသီးနှံအဖြစ် ယာမြေများတွင် ဟင်းသီးဟင်းရွက်များ၊ ပဲအမျိုးမျိုး၊ ပန်းများစိုက်ပျိုးကြရာ ပဲစိုက်ခင်းများဘေး ကန်သင်းစပ်နေရာများတွင် ဖရဲသီးနှံကို သီးညှပ်အဖြစ် ထည့်သွင်းစိုက်ပျိုးကြကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးကြရာတွင် ဖရဲသီး သီးသန့်စိုက်ပျိုးကြသူများရှိကြသကဲ့သို့ ထောပတ်ပဲ၊ ပဲယင်း စသည့်စိုက်ခင်းဘေးနားများတွင် ဖရဲသီးကို သီးညှပ်စိုက်ကြကြောင်းနှင့် ယခင်နှစ်က စတင်စမ်းသပ်စိုက်ပျိုးရာ အောင်မြင်သဖြင့် ယခုနှစ်တွင် ပိုမိုတိုးချဲ့ စိုက်ပျိုးလာကြကြောင်း သိရသည်။

ဖရဲစိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ "ဒသမ ၇၅ ဧက စိုက်ပျိုးပါတယ်၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ မြေသြဇာ၊ လုပ်အားစရိတ် စတဲ့စရိတ်တွေ နှစ်သိန်းဝန်းကျင် ကုန်ကျမှုရှိပါတယ်၊ အခုနှစ်မှာ ဖရဲသီး ၁၀၀၀ ကျော် ထွက်ရှိပါတယ်၊ ဖရဲသီးအရွယ်အစားအလိုက် တစ်လုံးကို ကျပ် ၁၅၀၀၊ ကျပ် ၁၀၀၀၊ ကျပ် ၈၀၀ စသည်ဖြင့် အရွယ်အစားအလိုက် ရောင်းချရာမှာ ဝင်ငွေကျပ်ရှစ်သိန်းခန့် ရရှိမှာဖြစ်ပါတယ်၊ သီးသန့်မစိုက်နိုင်ရင်လည်း ပဲခင်း၊ မြေပဲခင်းဘေးနားတွေမှာ သီးညှပ်အဖြစ်စိုက်ပျိုးကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု ဇာဟောကျေးရွာမှ ဖရဲစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

**စိန်ကျော်**

## ပုပ္ပားဒေသတွင် သီဟိုဠ်ပင်များ အဖူးအပွင့်နှုန်းကောင်း



**ကျောက်ပန်းတောင်း မတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင် ဒေသထွက်သီဟိုဠ်သရက်ပင်များ အဖူးအပွင့်ပွင့်ချိန် အပွင့်များ လှိုင်လှိုင်ပွင့်နေကြပြီး အသီးသီးပြီး သီဟိုဠ်စေ့ ရောင်းချချိန် လွန်ခဲ့သည့်နှစ်များကဲ့သို့ ဈေးနှုန်းမကောင်းမည်ကို စိုးရိမ်နေကြသည်။

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ဆင်ဆင်းကျေးရွာ၊ နဂါးလည်ကျေးရွာ၊ ဆည်ကျေးရွာ၊ စီးမကျေးရွာနှင့် လျှော်တောကျေးရွာတို့သည် သီဟိုဠ်သရက်အမြောက်အမြားစိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြကာ ယခင်နှစ်များက သီဟိုဠ်သရက်စေ့ပေါ်ချိန် တစ်တင်းလျှင် ကျပ် ၅၀၀၀၀ မှ ၆၀၀၀၀ အထိ ရောင်းချခဲ့ရသော်လည်း ယခုနှစ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် သီဟိုဠ်သရက်စေ့ဈေးနှုန်း ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ ထိသာ ရောင်းချရကြောင်း သီဟိုဠ်သရက်စိုက်တောင်သူများက ရှင်းပြသည်။

သီဟိုဠ်သရက်သည် နှစ်ရှည်ပင်အမျိုးအစားဖြစ်ပြီး စတင်စိုက်ပျိုးချိန်မှ ၁၀ နှစ်အတွင်း အသီးသီးနှုန်းကောင်းမွန်ကာ အပင်သက်တမ်း ၁၀ နှစ်ကျော်လျှင် အပင်သာကြီးလာပြီး အသီးသီးနှုန်းမှာလည်း လျော့နည်းလာကြောင်း မသီးသည့်နှစ်များလည်း ရှိသကဲ့သို့ ယခုနှစ်တွင် ဈေးကွက်အနေအထားများ ပျက်လာခြင်းကြောင့် သီဟိုဠ် သရက်ပင်များနေရာ အခြားဈေးကွက်ကိုက်မည့် သီးပင်များအစားထိုးစိုက်ပျိုးမှု များလာကြောင်း၊ သီဟိုဠ်သရက်ပင်များအား ခုတ်ပစ်ပြီး ခြောက်လမာလကာ၊ ကီလိုမာလကာ၊ နဂါးမောက်၊ စိန်တလုံးသရက်များဖြင့် အစားထိုးစိုက်ပျိုးမှုများ လာကြောင်း လျှော်တောကျေးရွာမှ ဦးအောင်ဝင်းက ရှင်းပြသည်။

သီဟိုဠ်သရက်ပင်များသည် ပြာသိုနှင့် တပို့တွဲလတို့တွင် အဖူးပွင့်စတင်ပွင့်ကြပြီး ကဆုန်နှင့် နယုန်လတို့တွင် ရင့်မှည့်ကာ အောက်သို့ကြွေကျသည့် သီဟိုဠ်စေ့များကောက်ယူကြကြောင်း၊ သီဟိုဠ်စေ့ပေါ်ချိန် လျှော်တောကျေးရွာတစ်ရွာတည်းပင် တင်း ၃၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

**ကိုထိန် (KPD)**

# နယူးကာဆယ်အသင်းမှ အယ်လ်မီရွန်နဲ့ မက်ဇီမင်တို့ ဒဏ်ရာပြဿနာကြောင့် ဧပြီလအထိ အနားယူရမည်



နယူးကာဆယ်အသင်းရဲ့ တိုက်စစ်မှူး နှစ်ဦးဖြစ်တဲ့ အယ်လ်မီရွန်နဲ့ စိန့်-မက်ဇီမန်တို့ဟာ စနေနေ့ညပိုင်းက နယူးကာဆယ်အသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဒဏ်ရာအသီးသီး ရရှိခဲ့တာကြောင့် ဧပြီလအထိ အနားယူရတော့မှာဖြစ်တယ်လို့ သိရပါတယ်။

နယူးကာဆယ်အသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ တိုက်စစ်မှူး အယ်လ်မီရွန်ဟာ ဒူးဒဏ်ရာရရှိခဲ့တာဖြစ်ပြီး တိုက်စစ်မှူး စိန့်-မက်ဇီမန်ကတော့ ပေါင်ခြံ ဒဏ်ရာပြဿနာ ကြုံခဲ့ရတာဖြစ်ပါတယ်။

အယ်လ်မီရွန်ဟာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းက အတ္တလန္တာအသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအတွင်းမှာ နယူးကာဆယ်အသင်းနဲ့အတူ ၂၉ ပွဲပါဝင်ကစားပေးခဲ့ရာ ငါးဂိုးသွင်းယူပေးထားကာ သုံးဂိုးဖန်တီးပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ စိန့်-မက်ဇီမန်ကတော့ ယခုနှစ်ဘောလုံးရာသီမှာ နယူးကာဆယ်အသင်းနဲ့အတူ ၁၇ ပွဲမှာ နှစ်ဂိုးသွင်းယူပေးထားပြီး သုံးဂိုးဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းနည်းပြ စတိဗ်ဘရုစ်ဟာ ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး ကော်လမ်ဝီဆင်လည်း တံကောက်ကြောဒဏ်ရာ ရရှိထားတာကြောင့် ဧပြီလအထိ ပါဝင်ကစားနိုင်ဖို့ မရှိတဲ့အတွက် အားထားရတဲ့ တိုက်စစ်ကစားသမားအများစုမပါဝင်ဘဲ ဧပြီလအထိ ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားသွားရဖို့ ရှိနေတာဖြစ်ပါတယ်။

ဒ့ါပြင် နယူးကာဆယ်အသင်းရဲ့ ညာနောက်ခံကစားသမား အီမီလ်ကရက်ဖ်ဟာလည်း ဒဏ်ရာပြဿနာကြုံတွေ့နေတာဖြစ်ပြီး ယခုသီတင်းပတ်နောက်ပိုင်းမှသာ နယူးကာဆယ်အသင်းနဲ့အတူ ပြန်လည်ပွဲထွက်ကစားနိုင်ဖို့ ရှိနေတာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ လက်ရှိမှာ တန်းဆင်းဇုန်အထက် သုံးမှတ်အကွာနဲ့ အမှတ်ပေးဇယားအဆင့် ၁၇ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

# ချယ်လ်ဆီးအသင်းတိုက်စစ်မှူး အေဘရာဟမ်အား ဝက်စ်ဟမ်းအသင်း ခေါ်ယူမည်



ဝက်စ်ဟမ်းအသင်းဟာ နွေရာသီအပြောင်းအရွှေ့ဈေးကွက် ပြန်လည်ဖွင့်လှစ်ချိန်မှာ တိုက်စစ်ကစားသမားသစ် တစ်ဦးကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး လက်ရှိမှာ ချယ်လ်ဆီးတိုက်စစ်မှူး အေဘရာဟမ်ကို ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး အေဘရာဟမ်ဟာ ယခုနှစ် ဘောလုံးရာသီအတွင်းမှာ ချယ်လ်ဆီးအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ၁၂ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ထားတာ ဖြစ်ပါတယ်။

ဒါပေမယ့် တနင်္ဂနွေနေ့ညပိုင်းက မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာတော့ ချယ်လ်ဆီးအသင်းနည်းပြ သောမက်တူချယ်က တိုက်စစ်မှူး အေဘရာဟမ်ကို ထည့်သွင်းကစားစေခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။

ဒေးလီးစတားသတင်းဌာနရဲ့ ဖော်ပြချက်အရ ဝက်စ်ဟမ်းအသင်းအနေနဲ့ တိုက်စစ်မှူး အေဘရာဟမ်ကို နွေရာသီဈေးကွက်အတွင်း ပထမဦးစားပေးကစားသမားအဖြစ် ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ တိုက်စစ်မှူး ဆီဘတ်စတီယန်ဟယ်လာကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက အေဂျက်အသင်းဆီ ရောင်းချခဲ့ပြီးဖြစ်တာကြောင့် တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူဖို့ မရှိမဖြစ်လိုအပ်နေတာဖြစ်ပါတယ်။

ဒ့ါပြင် အခြားတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ အန်တိုနီယိုကလည်း ယခုနှစ်ဘောလုံးရာသီကုန်မှာ ဝက်စ်ဟမ်းအသင်းကနေ ထွက်ခွာဖို့ရှိနေတာဖြစ်ပါတယ်။ အန်တိုနီယိုဟာ နည်းပြဒေးဗစ်မိုယက်လက်ထက်မှာ တိုက်စစ်ကစားသမားအဖြစ် ပြောင်းလဲကစားခဲ့ရတာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနဲ့အတူ ၁၇ ပွဲမှာ ခုနစ်ဂိုးအထိ သွင်းယူပေးထားတာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ အကောင်းဆုံးရလဒ်ကို ပိုင်ဆိုင်ထားပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၄ နေရာမှာ ရပ်တည်ခွင့်ရရှိထားတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းက နွေရာသီဈေးကွက်အတွင်းမှာ ဒွေါ့မွန်တိုက်စစ်မှူး ဟာလန်းကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် တိုက်စစ်မှူး အေဘရာဟမ်အနေနဲ့ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ကာလရှည်ကြာဆက်ရှိနေဖို့ မသေချာဘူးလို့လည်း ဆိုပါတယ်။

ဒ့ါပြင် ချယ်လ်ဆီးအသင်းကို တီမိုဝါနာ ရောက်ရှိလာခဲ့ပြီးနောက် တိုက်စစ်မှူး အေဘရာဟမ်ဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့ အခက်အခဲကြုံတွေ့နေရတာဖြစ်ပြီး လက်ရှိမှာ ချယ်လ်ဆီးအသင်းကနေ ထွက်ခွာဖို့အထိ စီစဉ်လာခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ဝက်စ်ဟမ်းအသင်းက အသင်းအတွက် လိုအပ်နေတဲ့ တိုက်စစ်ပိုင်းကို အားဖြည့်ဖို့ တိုက်စစ်မှူး အေဘရာဟမ်ကို ပစ်မှတ်ထားလာခဲ့တာဖြစ်ပါတယ်။

**❒ အေစီမီလန်အသင်းမှ**

အေစီမီလန်အသင်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားရမယ့် ယူရိုပါလိဂ်ပွဲစဉ် နှစ်ကျော့စလုံးကို မတ် ၁၁ ရက်နဲ့ မတ် ၁၈ ရက်တို့မှာ ကျင်းပမှာဖြစ်ပြီး ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အေစီမီလန်အသင်းအတွက် ၂၁ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အေစီမီလန်အသင်းဆီ မရောက်ရှိမီ မန်ယူအသင်းမှာ ရှိနေစဉ်က ပွဲစဉ် ၅၃ ပွဲမှာ ၂၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ အီတလီစီးရီးအေ အမှတ်ပေးဇယားထိပ်က အင်တာမီလန်အသင်းနဲ့ ရမှတ်လေးမှတ်ကွာအနေအထားနဲ့ အမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

# လီဗာပူးဂန္ထဝင်ကစားသမားဟောင်း စိန့်ဂျွန် အသက် ၈၂ နှစ်အရွယ်တွင် ကွယ်လွန်

လီဗာပူးအသင်းနဲ့ စကော့တလန်အသင်းတို့ရဲ့ တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်တဲ့ စိန့်ဂျွန်ဟာ ကာလရှည်ကြာ နာမကျန်းမှုဖြစ်ပွားခဲ့ပြီးနောက် အသက် ၈၂ နှစ်အရွယ်မှာ ကွယ်လွန်ခဲ့တယ်လို့ သိရပါတယ်။

တိုက်စစ်မှူး စိန့်ဂျွန်ဟာ ၁၉၆၁ ခုနှစ်အတွင်းက အသင်းရဲ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၃၇၅၀၀ နဲ့ လီဗာပူးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး လီဗာပူးအသင်းနဲ့အတူ ဆယ်စုနှစ်တစ်ခုကြာ ဖြတ်သန်းခဲ့ရာမှာ ပြိုင်ပွဲစုစုပေါင်း ၄၂၅ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၁၈ ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး စိန့်ဂျွန်ဟာ ၁၉၆၅ ခုနှစ်အတွင်းက လီဗာပူးအသင်းရဲ့ ပထမဆုံးသော အက်ဖ်အေဖလားကို ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ ဒ့ါပြင် တိုက်စစ်မှူး စိန့်ဂျွန်ဟာ စကော့တလန်နိုင်ငံလက်ရွေးစင်အသင်းအတွက်လည်း ၂၁ ပွဲပါဝင်ကစားပေးခဲ့သလို ပို့စ်မောက်အသင်းတွင်လည်း နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ဖူးတာဖြစ်ပါတယ်။




# တိုက်စစ်မှူး လာကာဇက်တီ အာဆင်နယ်အသင်းမှ ထွက်ခွာမည်

အာဆင်နယ်အသင်း တိုက်စစ်မှူး လာကာဇက်တီဟာ အာဆင်နယ်အသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ တိုက်စစ်မှူး လာကာဇက်တီကို စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်း၊ အီတလီစီးရီးအေကလပ် ရိုးမားအသင်းနဲ့ ပြင်သစ်ပထမတန်းကလပ် နာပိုလီအသင်းတို့က ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်လျက်ရှိပြီး လာကာဇက်တီရဲ့ လက်ရှိစာချုပ်သက်တမ်းကလည်း တစ်နှစ်ကျော်သာ ကျန်ရှိတော့တာဖြစ်ပါတယ်။

တိုက်စစ်မှူး လာကာဇက်တီဟာ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းက လိုင်ယွန်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၄၆ ဒသမ ၅ သန်းနဲ့ အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းနဲ့အတူ ဘောလုံးရာသီလေးရာသီအတွင်းမှာ ပြိုင်ပွဲစုံ ၁၅၇ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုးစုစုပေါင်း ၅၉ ဂိုးအထိသွင်းယူပေးထားတာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲစုံ ၁၅၇ ပွဲထဲမှာ ပရီမီယာလိဂ်ပွဲစဉ် ၄၆ ပွဲအထိ ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။

ဒါပေမယ့် နည်းပြ အာတီတာရဲ့ ရေရှည်အစီအစဉ်ထဲမှာ ပါဝင်လာခြင်းမရှိတာကြောင့် တိုက်စစ်မှူး လာကာဇက်တီအနေနဲ့ အာဆင်နယ်အသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာလဲ

COVID-19 [illegible]

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးသည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရ၍ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 [illegible]

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရသည့် ကာကွယ်ဆေးပါလား

COVID-19 [illegible]

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 [illegible]

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 [illegible]

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

[illegible]

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 [illegible]

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ချစ်သူသစ်ရနေပြီဖြစ်ကြောင်း ဂိုဟေဆန်းဆို





တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသမီးတစ်ဦးဖြစ်သူ ဂိုဟေဆန်းကို မြန်မာပရိသတ်တွေအနေနဲ့ F4 ဇာတ်လမ်းတွဲရုပ်ရှင်က မင်းသမီး ဂင်ဂျန်ဒီအဖြစ် အမှတ်ရကြတာဖြစ်ပါတယ်။ ဂိုဟေဆန်းဟာ ပြီးခဲ့တဲ့နှစ်အတွင်း ခင်ပွန်းဖြစ်သူ မင်းသား အာဂျေယန်းနဲ့ တရားဝင်ကွာရှင်းခဲ့သူဖြစ်ပြီး လတ်တလောမှာချစ်သူသစ်ရနေပြီဖြစ်ကြောင်း မင်းသမီးက အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဂိုဟေဆန်းက သူဟာ အာဂျေယန်းနဲ့ ပြီးခဲ့တဲ့နှစ်အတွင်း လမ်းခွဲခဲ့ပြီးနောက် လက်ရှိမှာ ချစ်သူသစ်ရရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့ရင်းက သူ့အနေနဲ့ အဲဒီချစ်သူနဲ့ လက်ထပ်ဖြစ်ဖို့ရာ သေချာတဲ့အချိန်မှာ ဘယ်သူလဲဆိုတာ ပရိသတ်တွေကို အသိပေးသွားမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ဒ့ါအပြင် ဂိုဟေဆန်းက ချစ်သူသစ်နဲ့ လက်တွဲခဲ့တဲ့ဘဝမှာလည်း ပျော်ရွှင်ရကြောင်း၊ လက်ထပ်ဖို့ရာ သေချာချိန်မှာ သတို့သားလောင်းကို ထုတ်ဖော်ပြောကြားသွားမှာဖြစ်ကြောင်း၊ လက်ရှိမှာတော့ သူ့ရဲ့ခံစားချက်တွေကို သေချာအောင်ဆန်းစစ်နေဆဲဖြစ်ကြောင်းလည်း ဆိုပါတယ်။ အတိတ်မှာ အချစ်ရေးနဲ့ပတ်သက်ပြီး ကံမကောင်းခဲ့သူ ဂိုဟေဆန်းက အချစ်ရှိနေရင် ကမ္ဘာကြီးက နေပျော်ပါတယ်လို့ အချစ်နဲ့ပတ်သက်ပြီး ရင်ဖွင့်ခဲ့ပါတယ်။

ဂိုဟေဆန်းဟာ စွယ်စုံရအနုပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ သရုပ်ဆောင်တစ်ဦးအဖြစ်သာမက ပန်းချီပညာရှင်နဲ့ စန္ဒရားပညာရှင်တစ်ဦးအဖြစ်လည်း အောင်မြင်ပြီး မတ် ၂ ရက်က သူ့ရဲ့ လေးခုမြောက် စန္ဒရားအယ်လ်ဘမ် Breath 4 ကို စတင်ဖြန့်ချိခဲ့ကြောင်းလည်း သိရပါတယ်။



# ယခုလအတွင်း ဂျက်စတင်ဘီဘာရဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိမည်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဂျက်စတင်ဘီဘာဟာ ယခုလအတွင်း သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း လတ်တလောမှာ အတည်ပြုခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်အကြောင်းကို ဂျက်စတင်ဘီဘာက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ထုတ်ဖော်ပြောကြားခဲ့တာပါ။ အဆိုပါ တေးအယ်လ်ဘမ်ကို Justice လို့ အမည်ပေးထားပြီး လာမယ့် မတ် ၁၉ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း ပေ့ါပ်ကြယ်ပွင့်က တစ်ပါတည်းရေးသားဖော်ပြခဲ့ပါတယ်။

ဂျက်စတင်ဘီဘာက သူ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး "ပျက်စီးလာတဲ့ ဒီဂြိုဟ်ပေါ်မှာ မှားယွင်းတဲ့အရာများစွာဖြစ်ပျက်နေတဲ့အချိန် ကျွန်တော်တို့အားလုံးဟာ အနာရောဂါတွေငြိမ်းပြီး လူသားဆန်မှုအတွက် တရားမျှတတဲ့ ကမ္ဘာကြီးဆီကို ဦးတည်ကြပါတယ်။ ဒီတေးအယ်လ်ဘမ်ကို ဖန်တီးရင်း လူသားတွေကို နှစ်သိမ့်မှုတွေ ထောက်ပံ့ပေးနိုင်မယ့် တေးဂီတဖန်တီးဖို့ လူသားတွေအချင်းချင်း တစ်ဦးနဲ့တစ်ဦး ပိုမိုဆက်နွှယ်လာပြီး အဆက်အသွယ်တွေ ပိုမိုရရှိလာနိုင်တဲ့ တေးသီချင်းတွေဖန်တီးကာ အထီးကျန်မှုတွေလျော့နည်းသက်သာစေဖို့ ရည်ရွယ်ပါတယ်။ ခံစားနေရတာတွေ၊ တရားမမျှတမှုတွေနဲ့ နာကျင်မှုတွေက လူသားတွေကို အကူအညီမဲ့နေသလို ခံစားရစေပါတယ်" လို့ ထည့်သွင်းရေးသားဖော်ပြထားပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ဟာ ၂၀၂၀ ပြည့်နှစ်အတွင်း ထွက်ရှိခဲ့တဲ့ တေးသီချင်း Changes ပြီးနောက် ပထမဆုံးထွက်ရှိလာမယ့် ဂျက်စတင်ဘီဘာရဲ့ တေးအယ်လ်ဘမ်သစ်လည်း ဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ ငါးနှစ်အတွင်း ပထမဆုံးထုတ်လွှင့်မယ့် တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာဟာ ၂၀၁၅ ခုနှစ်အတွင်းက Purpose တေးအယ်လ်ဘမ်ကို နောက်ဆုံးထုတ်လွှင့်ထားခဲ့တာလည်း ဖြစ်ပါတယ်။

# ရွှေကမ္ဘာလုံးဆုပေးပွဲမှာ ဆုလေးဆုဆွတ်ခူးခဲ့တဲ့ The Crown

လတ်တလောမှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ ရွှေကမ္ဘာလုံး ဆုပေးပွဲမှာ The Crown ရုပ်ရှင်ဟာ ထူးချွန်ဆုလေးဆုဆွတ်ခူးခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့ရာမှာတော့ နယူးယောက်နဲ့ လော့စ်အိန်ဂျလိစ်မှာ နှစ်နေရာခွဲကာ အခမ်းအနားပြင်ဆင်ခဲ့ပြီး ဆုရရှိသူတွေကတော့ အဝေးကနေ ဆုကိုလက်ခံရယူခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယင်းဆုပေးပွဲညမှာ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ The Crown က အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲ(ဒရမ်မာ)ဆုကို ဆွတ်ခူးခဲ့ပါတယ်။ ဒ့ါအပြင် အဆိုပါဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဆောင်မင်းသမီး အမ်မာကောလင်းကလည်း အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ဆွတ်ခူးခဲ့ကာ ဇာတ်ဆောင်မင်းသား ဂျော့ရ်ှအိုကော်နာကလည်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို လက်ခံရရှိခဲ့ပါတယ်။ မင်းသမီး ဂေလီယမ်အန်ဒါဆန်ကလည်း



အဆိုပါဇာတ်လမ်းတွဲနဲ့ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ရွေးချယ်ချီးမြှင့်ခံခဲ့ရကြောင်း သိရပါတယ်။

# BTS ရဲ့ အထူးစကားပြောခန်း အစီအစဉ်ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ မတ် ၂၉ ရက်မှာ စကားပြောခန်းအစီအစဉ်ကို KBS ရုပ်သံလိုင်းကနေတစ်ဆင့် ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ အဆိုပါ အထူးအစီအစဉ်မှာ အဖွဲ့ဝင် ခုနစ်ဦးစလုံး ပါဝင်သွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ကာလအတွင်း ပရိသတ်တွေအတွက် ခက်ခဲတဲ့အချိန်တွေမှာ အထောက်အပံ့ဖြစ်စေလိုတဲ့ရည်ရွယ်ချက်နဲ့ ယင်းစကားပြောခန်းကို ထုတ်လွှင့်တာပါ။ ဒီအစီအစဉ်ကိုတော့ Let's BTS လို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။

KBS ရုပ်သံလိုင်းဟာ BTS နဲ့ ပရိသတ်တွေအကြား အဆက်အသွယ်ရရှိနေစေဖို့ကြိုးပမ်းလုပ်ဆောင်နေတာလည်း ဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းရာမှာ အဆိုပါအစီအစဉ်လည်း ပါဝင်ပြီး ဒီအစီအစဉ်ကို ရှင်ဒေါင်ယွတ်နဲ့ ဂျန်ဒိုယွန်းတို့က ပါဝင်တင်ဆက်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်- စုစည်းသည်**

# တတိယမြောက်ရင်သွေးလေးကို လွယ်ထားရပြီဖြစ်တဲ့ ဂဲလ်ဂက်ဒေ့ါ

ထင်ရှားတဲ့ လူစွမ်းကောင်းဇာတ်ကောင်တစ်ဦးဖြစ်တဲ့ Wonder Woman အဖြစ် သရုပ်ဆောင်ထားတဲ့ မင်းသမီး ဂဲလ်ဂက်ဒေ့ါဟာ လတ်တလောမှာ တတိယမြောက်ရင်သွေးလေး လွယ်ထားရပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသမီးက သူနဲ့ခင်ပွန်းဖြစ်သူ ဂျာရွန်ဗာဆာနိုတို့အတွက် တတိယမြောက်ရင်သွေးလေး ရရှိတော့မှာဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ မိသားစုဓာတ်ပုံကို ဖော်ပြရင်း အတည်ပြုခဲ့တာပါ။ ဂဲလ်ဂက်ဒေ့ါမှာ အသက်ကိုးနှစ်အရွယ် သမီးလေး အယ်လ်မာနဲ့ သုံးနှစ်အရွယ် သမီးလေး မေယာတို့ ရရှိထားခဲ့ပြီး ဖြစ်ပါတယ်။



# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဖဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန့်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of [covid-19] disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



ကျိုက်ထိုမြို့ရှိ သမိုင်းဝင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသူများကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၂**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။


၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၅၆၆၇၁ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၃၁၆၈၂ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၄၁၁၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၀၂၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၆၃၆၀ ဦးဖြစ်သည်။

၃။ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေး တိုင်းဒေသကြီး၊ သာစည်မြို့နယ် မဲရုံပေါင်း ၂၄၉ ရုံ | ၁၅၆၆၇၁ | ၁၃၁၆၈၂ | ၁၄၁၁၉ | ၁၀၂၄ | ၁၆၃၆၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## အေစီမီလန်အသင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ် မန်ယူနှင့် ကစားမည့် ယူပါလိဂ်ပွဲစဉ်တွင် လွဲချော်မည်

အေစီမီလန်အသင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ဘယ်ဘက်ပေါင်ခြံဒဏ်ရာရရှိခဲ့တာကြောင့် ရက်သတ္တသုံးပတ်ကြာ အနားယူရမှာဖြစ်တဲ့အတွက် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ယူရိုပါလိဂ်ပွဲစဉ်မှာ လွဲချော်မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ အေစီမီလန်အသင်းက ရိုးမားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ ပေါင်ခြံဒဏ်ရာရရှိခဲ့တာကြောင့် ပွဲကစားချိန် ၅၆ မိနစ်မှာ လူစားလဲကစားခံခဲ့ရတာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❐

### ကြေးမုံ ယနေ့ ဗဟိုစာရင်း

မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ချုပ်ဆိုခဲ့သည့် ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူစာချုပ်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်

စာမျက်နှာ » ၃

ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်မည့် ဇိန်မှူတောင်ဒေသကို ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် လုပ်ဆောင်မည်

စာမျက်နှာ » ၂၃